မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် ၂၀၁၅ ခုနှစ်၊ မေ ၄ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၁၁]

ဝီရိယနှင့် ဆန္ဒအကျိုး

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။ **(မူလဋီ၊ ၃၊ ၁၆၉။)**

၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ခေါင်းဆောင်များအကြား အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုလိုအပ်

“ ကမ္ဘာ့အင်အားကြီးနိုင်ငံများအပါအဝင် နိုင်ငံအားလုံးနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေး ထူထောင်နိုင်အောင် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိ ”

စာမျက်နှာ-၄

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကင်းထောက်မောင်မယ်များတောတွင်းစခန်းချတွေ့ဆုံပွဲ တက်ရောက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကင်းထောက်မောင်မယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်း စာမျက်နှာ-၈ (ဓာတ်ပုံ-ပြန်/ဆက်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကျသင့်အခွန်ထမ်းဆောင်ကြပါစို့

ဒီမိုကရေစီနိုင်ငံများတွင် စီးပွားရေးလုပ်ငန်းအရပ်ရပ်မှ ဝင်ငွေအမြတ်အစွန်းများစွာ ရရှိနေသူများထံမှ ထိုက်သင့်သော အခွန်ငွေများ ကောက်ခံကာ အများပြည်သူအကျိုးစီးပွားဖြစ်ထွန်းစေမည့် လုပ်ငန်းများတွင် သုံးစွဲကြရပေသည်။ အခွန်ဟူသည်ကား အများပြည်သူအကျိုးအတွက် ကျခံအသုံးပြုရသည့် လုပ်ငန်းများတွင် စုပေါင်းထည့်ဝင်ခြင်းဖြစ်ရာ ဥပဒေနှင့်အညီ ပေးသင့်ပေးထိုက်သော အခွန်များကို ပေးဆောင်ကူညီခြင်းဖြစ်ပါသည်။ အခွန်ပေး ဆောင်ခြင်းသည် မွန်မြတ်သော ပရဟိတ အလုပ်ဟုလည်း ဆိုနိုင်ပါသည်။

၂၀၁၅ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေ အခန်း ၆ တွင် မည်သူ့ကိုမဆို လစာ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေများအပေါ် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများ သတ်မှတ်ထားပါသည်။ သို့ရာတွင် အခြေခံသက်သာခွင့်များ၊ နုတ်ပယ်ပြီးချိန် တစ်နှစ်တာအတွင်း ငွေကျပ်သိန်း ၂၀ အထက်ဝင်ငွေရရှိသူများသာ အခွန်ဥပဒေအရ အခွန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။ အခြေခံသက်သာခွင့်များတွင် မိဘသက်သာခွင့်၊ အိမ်ထောင်ဖက်သက်သာခွင့်နှင့် သားသမီးသက်သာခွင့်အစရှိသဖြင့် သက်သာခွင့်များ သတ်မှတ်ထားပါသည်။

အခွန်ပေးဆောင်သင့်သောသူများတွင် လစာရရှိသူများ၊ ဆရာဝန်၊ သူနာပြု၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ ရုပ်ရှင်ပညာသည်၊ သဘင်ပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကျူရှင်ဆရာ အစရှိသဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှ ဝင်ငွေရရှိနေသူများ၊ စီးပွားရေးလုပ်ငန်းအရပ်ရပ်မှ ဝင်ငွေရရှိသူများ၊ အိမ်ခြံမြေ၊ ဂိုဒေါင်၊ စက်ရုံငှားရမ်းခြင်းလုပ်ငန်းမှ ရရှိသော ဝင်ငွေရရှိသူများသည် ဥပဒေနှင့်အညီ အခွန်ပေးဆောင်ရန် သတ်မှတ်ထားပါသည်။

လစာဝင်ငွေမှန်သမျှအတွက် လစာထုတ်ပေးသူက အခွန်ဥပဒေနှင့်အညီ ကျသင့်အခွန်ကို နုတ်ယူပြီး လုပ်ငန်းတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနသို့ ပေးသွင်းရပါသည်။ လစာဝင်ငွေအပြင် အခြားဝင်ငွေရရှိပါက လစာအတွက် လစာထုတ်ပေးသူက ကျသင့်အခွန်နုတ်ပယ်ပြီး မြို့နယ်အခွန်ဦးစီးဌာနသို့ ပေးသွင်းရမည့်အပြင် အခြားဝင်ငွေအတွက်မူ ဘဏ္ဍာနှစ်ကုန်ဆုံးပြီး နှစ်စဉ် ဧပြီ ၁ ရက်မှ အစပြု၍ သုံးလအတွင်း မိမိနေထိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနသို့ ဝင်ငွေကြေညာလွှာတင်သွင်းရန် လိုအပ်ပါသည်။ ထိုအခါ မြို့နယ်အခွန်ဦးစီးဌာနက ထပ်မံပေးဆောင်ရမည့် ကျသင့်အခွန်ကို တွက်ချက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများတိုးတက်လာလျက်ရှိပါသည်။ သို့ရာတွင် တိုးတက်လာသော စီးပွားရေးလုပ်ငန်းများနှင့် နှိုင်းစာလျှင် အခွန်ရရှိမှု အနေအထားမှာ နည်းပါးနေပါသေးသည်။ စီးပွားရေးလုပ်ငန်းများမှသာ ရသင့်ရထိုက်သော အခွန်များရရှိလျက်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းများမှ ဝင်ငွေရရှိသူများနှင့် အခြားနည်းလမ်းမှ ဝင်ငွေရရှိသူများထံမှ အခွန်ဝင်ငွေ ရရှိမှုနည်းပါးလျက်ရှိပါသည်။ သို့ပါ၍ ဝင်ငွေကောင်းကြသူများအနေဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်သောအားဖြင့် ကျသင့်အခွန်များ ထမ်းဆောင်သွားသင့်ပါကြောင်း။ ။

စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး ဂရုပြုဆောင်ရွက်

နေပြည်တော် မေ ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မေ ၁ ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်း ခရိုင်တွင် အဆောက်အအုံဦးစီးဌာန အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)မှ တာဝန်ယူတည်ဆောက်နေသော သမဝါယမတက္ကသိုလ် (သန်လျင်) ဘွဲ့နှင်းသဘင် ခန်းမ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ကျောက်တန်း- ဝဲကြီး- တံတား- သုံးခွ လမ်းပေါ်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၆)မှ တည်ဆောက်နေသော မှော်ဝန်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မှော်ဝန်းချောင်း တံတားသည် ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်း-ဝဲကြီး-တံတား- သုံးခွလမ်းပေါ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ အောက်ခံအုတ်မြစ်၊ တံတားကိုယ်ထည် R.C Concrete၊ အပေါ်ထည် Plate Gider နှင့် R.C Concrete တို့ဖြင့် တည်ဆောက်ထားပြီး တံတားအရှည် ပေ ၉၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေ၊ခြောက်လက်မစီရှိပြီး တံတားအောက် ရေလမ်းကင်းလွတ် အကျယ် ပေ ၉၀၊ အမြင့် ၁၅ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ဆက်လက်၍ မှော်ဝန်းချောင်းတံတားမှ ထွက်ခွာလာပြီး ဝဲကြီး - စင်ကော်လမ်းမှတစ်ဆင့် တံတားမြို့- ကဒပွန-သုံးခွလမ်း အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ဧရာဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများကို အပိုင်းလိုက်ခွဲဝေ တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းရှင်များက ၎င်းတို့ တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းတိုးတက်မှု အခြေအနေတို့ကို၊ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက် သော ယုဇနတန်ဖိုးနည်းအိမ်ရာ တည်ဆောက်နေမှုနှင့် ရွှေဂုံ(လင့်လမ်း) အိမ်ရာဖွံ့ဖြိုးရေး စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျောက်ဖြူဝန်းကျင်ရွာများသို့ သောက်သုံးရေများဖြန့်ဝေလှူဒါန်း

ကျောက်ဖြူ မေ ၃

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ညေဝတီ ရေတပ်စခန်းဌာနချုပ်က ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ သောက်သုံးရေ အခက်အခဲရှိသော ကာလများတွင် သောက်သုံးရေများကို ရေပိုက်များဖြင့်လည်းကောင်း၊ ရေကားများဖြင့်လည်းကောင်း ဖြန့်ဝေလှူဒါန်းလေ့ရှိရာ ယခုနှစ်တွင် စစ်တောကျေးရွာအုပ်စု စစ်တောကျေးရွာရှိ ရေကန် ငါးကန်မှာ ခန်းခြောက်သွား၍ ဧပြီ၃၀ရက်က ရေပိုက်များဖြင့်စတင်ပေးဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ဗန်းမော် မေ ၃

ကချင်ပြည်နယ် ဗန်းမော်မြို့ ကံဦးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တကေသဝဦးစီး၍ မေ ၂ ရက်က မင်းကုန်းရပ်ကွက် ချမ်းသာရကံထူး မြတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် (၂၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထို့နောက် ခရိုင်အတွင်းရှိ ဘုန်းကြီးကျောင်း ၄၁ ကျောင်းမှ ရဟန်း သံဃာတော် ၄၅၆ ပါးကို ပြည်သူ ၂၅၀၀ ကျော်က ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြကြောင်း သိရသည်။ **ဝါဝါ(ဗန်းမော်)**

အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၅-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၄၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၅၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၅
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၉၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၁၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၈၈-၁၀၉၃
ဥရောပ	တစ်ယူရို	၁၁၆၂-၁၁၇၀
စင်ကာပူ	တစ်ဒေါ်လာ	၇၉၆-၈၀၀
ထိုင်း	တစ်ဘတ်	၃၀.၂၅-၃၃.၅
အိန္ဒိယ	တစ်ရူပီး	၁၆.၅-၁၇
တရုတ်	တစ်ယွမ်	၁၇၁-၁၇၃
မလေးရှား	တစ်ရင်းဂစ်	၂၉၀-၂၉၆

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇော်ငှတင်ပြသည်။

လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။
- လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိုးကုတ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှု

နေပြည်တော် မေ ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၁၀နာရီ ၄၅ မိနစ်တွင် ရဟတ်ယာဉ် များဖြင့် မိုးကုတ်မြို့သို့ရောက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မိုးကုတ်ကန် ပြန်လည်ပြုပြင်ရေး လုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မိုးကုတ်ကန် သမိုင်းအကျဉ်း၊ လက်ရှိမိုးကုတ်ကန် အခြေအနေကြောင့် ဖြစ်ပေါ်နေသည့် အခြေအနေများ၊ ပြန်လည်ပြုပြင်ပေးမည့် အခြေအနေနှင့် ခံစားရမည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က မိုးကုတ်ကန် ပြန်လည်ပြုပြင်တူးဖော်မည့် လုပ်ငန်းအစီအစဉ်၊ ပြန်လည်တူးဖော်နေမှုနှင့် သန့်ရှင်းသာယာလှပရေးအတွက် ကန်ပတ်လမ်း၊ ပန်းခြံနှင့် ကလေးအားကစားကွင်းများ ထည့်သွင်းဆောင်ရွက်ပေးမည့် အခြေအနေ၊ ရေကြီးရေလျှံမှု မဖြစ်ပေါ်ရေး၊ ရေပိုမိုသိုလှောင်နိုင်ရန် ဆောင်ရွက်မည့်အခြေအနေနှင့် ရေဆိုးများစနစ်တကျစွန့်ပစ်ရေး ဆောင်ရွက်ပေးမည့်အခြေအနေ၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံပြည်သူ ဦးထွန်းရွှေက မိုးကုတ်ကန်အား ပြန်လည် ပြုပြင်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန် ဆွေးနွေးတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဆိုပါလုပ်ငန်းရှင်းလင်းဆောင်၌ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ မိုးရာသီတွင် မိုးကုတ်မြို့ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်ရေး၊ သန့်ရှင်းသော သောက်သုံးရေအတွက် အဆင်ပြေစေရေး၊ မိုးကုတ်ကန် သန့်ရှင်းသာယာလှပရေးနှင့် ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက် မိုးကုတ်ကန်ကို ပြန်လည်ပြုပြင်တူးဖော်ခြင်း၊ ကန်ပတ်လမ်းများဖောက်လုပ်ခြင်း၊ ပန်းခြံဆောက်လုပ်ခြင်း၊ ကလေးအားကစားကွင်းဆောက်လုပ်ခြင်းတို့ကို သီးသန့်ရန်ပုံငွေမှ အကုန်အကျခံကာ စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

မြို့ကျက်သရေဆောင် ကန်ကြီး သန့်ရှင်းသာယာလှပရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲရေးကိုမူ ဒေသခံ ပြည်သူများအားလုံးက ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိုးကုတ်မြို့ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (ဓာတ်ပုံ- ပြန်/ဆက်)

မိမိတို့အစိုးရလက်ထက်တွင် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အခြေခံကျပြီး ပြည်သူများ၏ အဓိက လိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်သူများအားလုံး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိရန် လိုအပ်ပါကြောင်း၊ ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် သဘာဝသယံဇာတတစ်ခုတည်းကို အားကိုး၍မရပါကြောင်း၊ သဘာဝသယံဇာတသည် ထုတ်ယူသုံးစွဲလျှင် ကုန်ခန်းသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်အားကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများနှင့် ပညာကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို စဉ်းစားလုပ်ကိုင်ကြရန်လိုအပ်ပါကြောင်း။

ထို့အတူ ကျောက်မျက်ရတနာသည် သဘာဝသယံဇာတတွင်းထွက်ဖြစ်သောကြောင့် ရေရှည်လုပ်ကိုင်နိုင်ပြီး သားစဉ်မြေးဆက်များအထိ လက်ဆင့်ကမ်းအမွေပေးနိုင်အောင် နည်းလမ်းများ ရှာဖွေလုပ်ကိုင်ကြရန် အထူးလိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မိုးကုတ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာလှပမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် အထူးလေယာဉ်ဖြင့် ပြင်ဦးလွင်မြို့မှ ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည် ရောက်ရှိကြသည်။

(သတင်းစဉ်)

မိုးကုတ်ကန် ပြန်လည်ပြုပြင်တူးဖော်နေမှုကိုတွေ့ရစဉ်။ (ဓာတ်ပုံ-ပြန်ဆက်)

မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတတိုးပွားရေး ငါးလုံးဝ မဖမ်းရရာသီ သုံးလသတ်မှတ်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ၏ ရေပေါ်၊ ရေအောက် ငါးသယံဇာတ ကျဆင်းမှုသည် နှစ်ပေါင်း ၃၀ ကျော်အတွင်း ရာခိုင်နှုန်း ၈၀ ဝန်းကျင်ခန့်ထိ ကျဆင်းသွားခဲ့မှုကြောင့် ယခုနှစ်မိုးတွင်းကာလမှ စတင်ကာငါးမဖမ်းရ ရာသီ စတင်သတ်မှတ်လိုက်ပြီ ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အုပ်ချုပ်မှုဒါရိုက်တာဦးဟန်ထွန်းက ပြောကြားသည်။

“ကျွန်တော်တို့ မြန်မာနိုင်ငံ ပင်လယ်ပြင်ရေပိုင်နက်ကို ငါးမဖမ်းရနယ်မြေအဖြစ် ဒီနှစ်မိုးတွင်းကာလဖြစ်သည့် ဇွန်လမှစတင်ကာသုံးလအထိတိုးမြှင့်လိုက်ပါပြီ။ ခုလို ထုတ်ပြန်လိုက်တာကလည်း လွှတ်တော်ကဆုံးဖြတ်လိုက်တာဖြစ်တယ်။ အရင်နှစ်တွေကတော့ မေလနဲ့ ဇွန်လကိုပဲ ငါးမဖမ်းရနယ်မြေအဖြစ်သတ်မှတ်ခဲ့တာ။ အဲဒီ နှစ်လကိုလည်း လုံးဝပိတ်ခဲ့တာမဟုတ်ဘဲ အလှည့်ကျစီ ဖမ်းဆီးခွင့်ပြုခဲ့တာဖြစ်တယ်။ ဥပမာ အစင်း ၁၀၀ ရှိရင် ထက်ဝက်စီ အလှည့်ကျ ဖမ်းဆီးခွင့်ပြုခဲ့တာ။ ဒီနှစ်တော့ လုံးဝဖမ်းဆီးခွင့်ပြုမှာ မဟုတ်တော့ဘူး။ ငါးဖမ်းဆီးတဲ့ စက်တပ်ရေယာဉ်တွေအားလုံး ဒီသတ်မှတ်ထားတဲ့သုံးလမှာ လုံးဝရပ်နားထားရမှာဖြစ်တယ်”ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဟန်ထွန်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာနိုင်ငံ၏ ငါးသယံဇာတသည်လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်က ပထမဦးဆုံးအကြိမ် သုတေသနပြုလုပ်ခဲ့ရာ ရေပေါ်ငါးသယံဇာတ တန်ချိန်တစ်သန်းရှိခဲ့ပြီး ရေအောက်ငါးသယံဇာတမှာ တန်ချိန် ၇၅၀၀၀၀ ရှိခဲ့ရာ ရေပေါ်၊ ရေအောက်ငါးသယံဇာတစုစုပေါင်းတန်ချိန် ၁၇၅၀၀၀၀ ရှိခဲ့သည်။ ယင်းနောက် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က နော်ဝေနိုင်ငံရဲ့ ငါးသုတေသနသင်္ဘော Dr.Fridtjof Nansen က သုတေသနထပ်မံပြုလုပ်ခဲ့ရာ ရေပေါ်ငါးသယံဇာတတန်ချိန် ၁၁၀၀၀၀ နှင့် ရေအောက်ငါးသယံဇာတတန်ချိန် ၂၈၁၀၀၀ သာရရှိခဲ့၍ မြန်မာနိုင်ငံ၏ ရေပေါ်၊ ရေအောက်ငါးသယံဇာတသည် ၁၀ ရာခိုင်နှုန်းသာရှိခဲ့ပြီး ရေအောက်သယံဇာတမှာ ၃၀ ရာခိုင်နှုန်းသာရှိခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံ ငါးသယံဇာတမှာ နှစ်ပေါင်း ၃၀ ကျော်ကာလအတွင်းရေပေါ်၊ ရေအောက် ငါးသယံဇာတမှာရာခိုင်နှုန်း ၂၀ အထိကျဆင်းခဲ့သဖြင့် ငါးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ခုနှစ်မှ စတင်ကာမေလနှင့် ဇွန်လတို့ကိုငါးမဖမ်းရရာသီအဖြစ် သတ်မှတ်ခဲ့သော်လည်း ငါးဖမ်းဆီးခြင်းကိုလုံးဝရပ်ဆိုင်းခြင်းမဟုတ်ဘဲ အလှည့်ကျဖမ်းဆီးခြင်းပြုလုပ်ခဲ့သည်။ ယခုနှစ်တွင် မူဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လသုံးလလုံးကို သက်ဆိုင်ရာဝန်ကြီးဌာနက လုံးဝငါးမဖမ်းရရာသီအဖြစ် ပထမ ဦးဆုံးသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့သတ်မှတ်ခြင်းသည်လည်း လွှတ်တော်မှ အတည်ပြုဆုံးဖြတ်ခဲ့၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဇွန် ၁ရက်ကလည်း နိုင်ငံခြားငါးဖမ်းသင်္ဘော ၁၀၀ ကျော်ကို မဖမ်းဆီးရေး လုံးဝပိတ်သိမ်းခဲ့သည်။

“ဒီနှစ်တွေ့ငါးသယံဇာတနည်းပါးသွားမှုနဲ့ပတ်သက်ပြီးလွှတ်တော်မှာဆွေးနွေးခဲ့တာ အခြားအိမ်နီးချင်းနိုင်ငံတွေလို သားဥပေါက်ချိန်နဲ့ ငါးသားပေါက်ချိန်ကာလသုံးလကို လုံးဝမဖမ်းဆီးရဘူးလို့တော့ပြောတယ်။ အခြားနိုင်ငံတွေကအဲဒီလိုသတ်မှတ်လိုက်ရင် ကျွန်တော်တို့လိုရေလုပ်သားတွေကိုအဲဒီကာလအတွက် သတ်မှတ်ထောက်ပံ့ကြေးပေးတယ်လို့သိရတယ်။ ကျွန်တော်တို့ဆီမှာက ခုမှစတင်ကျင့်သုံးမှာဆိုတော့ သက်ဆိုင်ရာကဘယ်လိုစီစဉ်ပေးမလဲမသိသေးဘူး”ဟုဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြင်စလူမှ ရေလုပ်သား ဦးစိုးဝင်းကပြောသည်။

ယနေ့ကမ္ဘာတွင် FAO ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ငါးသယံဇာတ ထိန်းသိမ်းဖို့ စီမံခန့်ခွဲမှုတွေ ပြုလုပ်နေပြီဖြစ်သည်။ ငါးမဖမ်းရရာသီသတ်မှတ်ခြင်း၊ ငါးမဖမ်းရနယ်မြေသတ်မှတ်ခြင်းတို့အပြင် ကန့်သတ်ငါးဖမ်းဆီးကိရိယာများဖြင့်သာဖမ်းဆီးခွင့်ကိုပင် သတ်မှတ်ခဲ့ပြီဖြစ်သည်။ ၂၁ ရာစု နောက်ပိုင်းကမ္ဘာ့နိုင်ငံအများစု၏ ငါးသယံဇာတရှားပါးမှုပြဿနာသည် တဖြည်းဖြည်းရိုက်ခတ်ကူးစက်လာပြီဖြစ်သည်။ လက်ရှိအိမ်နီးချင်းထိုင်းနိုင်ငံတွင် တစ်နာရီငါးဖမ်းနှုန်း ၂၀မှ ၂၅ ကီလိုအထိသာရရှိနေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တစ်နာရီကီလို ၇၀ သာဖမ်းဆီးရရှိလျက်ရှိသည်။ တစ်ချိန်က အဆိုပါနိုင်ငံများသည် တစ်နာရီကို ကီလိုထောင်ချီထွက်သည့် နိုင်ငံများဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံ၏ ငါးသယံဇာတဖမ်းဆီးနိုင်မှုသည် တစ်နာရီကီလို ၁၂၀ ကျော် ရရှိနေသေးသော်လည်း ယခင်နှစ် ၃၀ ကနှင့်စာလျှင် ရာခိုင်နှုန်း ၈၀ ကျော် ကျဆင်းလျက်ရှိကြောင်း ၂၀၁၃ ခုနှစ်က နော်ဝေနိုင်ငံရဲ့ ငါးသုတေသနသင်္ဘောDr. Fridtjof Nansen ၏ သုတေသနပြုချက်အရသိရသည်။ သို့သော် လက်ရှိတွင် အရှေ့တောင်အာရှနိုင်ငံများအတွင်း၌ မြန်မာနိုင်ငံ၏ ငါးသယံဇာတရရှိမှုသည် အမြင့်ဆုံးရပ်တည်လျက်ရှိသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

နိုင်ငံရေးဆွေးနွေးပွဲများ ဆောလျင်စွာစတင်နိုင်ဖို့ အစိုးရအဖွဲ့အနေနဲ့ ရည်မှန်းချက်ထား ကြိုးပမ်းနေ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် ရေဒီယိုမိန့်ခွန်း

(၄-၅-၂၀၁၅)

မိဘပြည်သူများခင်ဗျား-

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ဧပြီလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

မြန်မာတို့ရဲ့ နှစ်သစ်ကူးအခါသမယဖြစ်တဲ့ သင်္ကြန်တွင်းမှာ မိဘပြည်သူများ၊ ပြည်သူ့ဝန်ထမ်းများအားလုံး သင်္ကြန်ပွဲတော် နွှဲပျော်ခြင်း၊ မိသားစု အပန်းဖြေခရီးထွက်ခြင်းနဲ့ ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်းတို့နဲ့အတူ အားလပ်ရက်များကို စိတ်အေးချမ်းသာ ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ တစ်ဆက်တည်းမှာပဲ သင်္ကြန်တွင်းကာလအတွင်းမှာ အနားမယူဘဲ မိမိတို့ပြည်သူများ လုံခြုံဘေးကင်းစွာ ပျော်ရွှင်နိုင်ဖို့ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ လုံခြုံရေး၊ ကျန်းမာရေး၊ မီးသတ်နဲ့ ကြက်ခြေနီဝန်ထမ်းများကိုလည်း ချီးကျူးဂုဏ်ပြုအပ်ပါတယ်။ နှစ်သစ်ကူးအားလပ်ရက်မှာ ရရှိခဲ့တဲ့ စိတ်ကြည်နူးချမ်းသာ ပျော်ရွှင်မှုတွေကို နှစ်သစ်အတွက် ခွန်အားများအဖြစ် ပြောင်းလဲပြီး ဖြတ်သန်းနိုင်ကြပါစေလို့ ဆန္ဒပြုရင်းနဲ့ ယခုလအတွက် ရေဒီယိုမိန့်ခွန်းကို အစပြုပြောကြားလိုပါတယ်။

ပြီးခဲ့တဲ့ ဧပြီလအတွင်းမှာ နိုင်ငံရေးအရ ဖြစ်ထွန်းတိုးတက်မှုများအနေနဲ့ အစိုးရ၊ လွှတ်တော်များ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားခေါင်းဆောင်များနဲ့ တိုင်းရင်းသားရေးရာကိုယ်စားလှယ်များပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှု ရှိခဲ့ပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုပြီးလို့ ရက်ပိုင်းအတွင်းမှာပဲ ပြည်ထောင်စုလွှတ်တော်ရဲ့ တိုက်တွန်းချက်ဖြစ်တဲ့ နိုင်ငံရေးခေါင်းဆောင် (၆) ဦး တွေ့ဆုံပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အခုလို တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရခြင်းဟာ ကျွန်တော် အစဉ်တစိုက်ပြောကြားခဲ့သလိုပဲ တိုင်းပြည်ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်ရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် နိုင်ငံရေးခေါင်းဆောင်များအကြား တွေ့ဆုံမှုများကို ပုံစံမျိုးစုံနဲ့ ပြုလုပ်သွားမယ်ဆိုတဲ့ ရပ်တည်ချက်ကြောင့်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ နိုင်ငံရေးရွေးချယ်မှုတွေမှာ အဓိကခေါင်းဆောင်များအကြား ကျယ်ပြန့်တဲ့ သဘောတူညီချက်တွေကို မရှာဖွေနိုင်ခဲ့တာကို သင်ခန်းစာအနေနဲ့ ယူပြီးတော့ ခေါင်းဆောင်များအကြား နားလည်မှုများ ပိုမိုရရှိဖို့ ဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲများရဲ့ အဓိက ရည်ရွယ်ချက်ကတော့ နိုင်ငံရေးခေါင်းဆောင်များအကြား သဘောထားနဲ့ ရပ်တည်ချက်များ ကွဲပြားနိုင်သည့်တိုင် တိုင်းပြည်ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်များ အောင်မြင်ရေး၊ တိုင်းပြည်ရဲ့ အဓိကအလှည့်အပြောင်းလို့ ဆိုရမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် ခေါင်းဆောင်များအကြား အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လိုအပ်တယ်ဆိုတဲ့အချက်ကို ဆွေးနွေးခဲ့ကြခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတကာ ဥပမာတွေအရ ရွေးကောက်ပွဲတွေ နီးကပ်လာတာနဲ့အမျှ နိုင်ငံရေး ရေချိန်တွေ မြင့်တက်လာပြီး နိုင်ငံရေးအင်အားစုများနဲ့ ပြည်သူများရဲ့ မျှော်လင့်ချက်တွေ မြင့်မားလာလေ့ရှိပါတယ်။ ဒီလို မြင့်မားလာတဲ့အခြေအနေတွေကို လက်တွေ့ကျတဲ့အခြေအနေတွေအဖြစ် အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် ရွေးကောက်ပွဲမတိုင်မီ ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုရှိရေးဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။ အခုဆိုရင် အထက်မှာ ကျွန်တော်ပြောကြားခဲ့သလို နိုင်ငံရေးခေါင်းဆောင်များအကြား ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ မတိုင်မီကြားကာလ နိုင်ငံရေးတည်ငြိမ်ရေးနဲ့ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နေချိန်မှာ ပြည်သူများအနေနဲ့လည်း တိုင်းပြည်ရဲ့ အဓိက အလှည့်အပြောင်းလို့ဆိုရမယ့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ခြင်းဆိုတဲ့အဆင့်ကို မိမိတို့ နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ စိတ်ရှည်သည်းခံမှုနဲ့ အနာဂတ်ကို မျှော်တွေးနိုင်မှုများနဲ့အတူ၊ အတူတကွ တက်လှမ်းနိုင်အောင် ကြိုးပမ်းကြဖို့လည်း တိုက်တွန်းပြောကြားအပ်ပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး အဓိကကျတဲ့ တက်လှမ်းမှုဖြစ်တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနဲ့ NCCT တို့ သဘောတူညီနိုင်ခဲ့ကြပြီးတော့ သဘောတူညီချက်မူကြမ်း လက်မှတ်ရေးထိုးပွဲကို ကျွန်တော်ကိုယ်တိုင်တက်ရောက်အားပေးခဲ့ပါတယ်။ အခုဆိုရင် ဒီသဘောတူစာချုပ်မူကြမ်းကို NCCT အနေနဲ့ တိုင်းရင်းသားခေါင်းဆောင်များရဲ့ ညီလာခံမှာတင်ပြပြီး အဆုံးအဖြတ်ခံယူဖို့ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးဖို့အတွက် အဆင်သင့် ဖြစ်နေပြီး တိုင်းရင်းသားအဖွဲ့ အစည်းများရဲ့ ညီလာခံကနေ ပေါ်ထွက်လာမယ့်ရလဒ်ကို စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း မိဘပြည်သူများထံ အသိပေးတင်ပြအပ်ပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်များရဲ့ သဘောသဘာဝဟာ သိမ်မွေ့နက်နဲပြီး ခရီးရှည်ကြီးတစ်ခုကို ချီတက်ရတာနဲ့ တူတဲ့အတွက် အစိုးရတစ်ရပ်ရဲ့ သက်တမ်းကာလအတွင်းမှာ အပြီးသတ်ရရှိဖို့ မလွယ်ကူဘူးဆိုတာ ငြိမ်းချမ်းရေး တည်ဆောက်ခဲ့ရတဲ့ နိုင်ငံတိုင်းမှာ သက်သေသာဓကများ ရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ကြိုးပမ်းနေရတဲ့ ရည်ရွယ်ချက်ကတော့ ဘယ်အစိုးရပဲတက်လာသည်ဖြစ်စေ ငြိမ်းချမ်းရေးဖြစ်စဉ်များကို အစကနေပြန်လည်စတင်စရာမလိုဘဲ ပစ်ခတ်တိုက်ခိုက်မှုတွေ မရှိ

ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိ။

တော့ဘဲ နိုင်ငံရေးအရဆွေးနွေးအဖြေရှာမှုတွေ စတင်နေပြီဆိုတဲ့အဆင့်ကို အခြေခံအုတ်မြစ်အနေနဲ့ တည်ဆောက်ပေးနိုင်ဖို့ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်နက်ကိုင် ပဋိပက္ခတွေဟာ နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းရမှာဖြစ်တယ်ဆိုတဲ့အချက်ကို အင်အားစုအားလုံးကလည်း လက်ခံထားတာဖြစ်တဲ့အတွက် နိုင်ငံရေးဆွေးနွေးပွဲများ ဆောလျင်နိုင်သမျှဆောလျင်စွာ စတင်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ရည်မှန်းချက်ထားကြိုးပမ်းနေတာဖြစ်ကြောင်းကိုလည်း အသိပေးတင်ပြလိုပါတယ်။

ကျွန်တော်တို့ အစိုးရတာဝန်ယူချိန်ကစတင်ပြီး ဦးစားပေးလုပ်ငန်းစဉ်အနေနဲ့ ဆောင်ရွက်ခဲ့တာကတော့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနဲ့ ဝေးလံခေါင်းပါးတဲ့ ဒေသများက မိဘပြည်သူများရဲ့ လူမှုစီးပွားဘဝများမှာ တစ်စုံတစ်ရာ တိုးတက်မှုရရှိရေးပဲဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်အတွက် ကျွန်တော့်အနေနဲ့ မူဝါဒများချမှတ်ရုံသာမက ဝေးလံခေါင်ဖျားတဲ့ဒေသများကိုလည်း ကိုယ်တိုင်ကိုယ်ကျသွားရောက်လေ့လာကြည့်ရှုပြီး လိုအပ်တဲ့ ညွှန်ကြားမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ ဧပြီလအတွင်းမှာ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အထက်ပိုင်းက ဟုမ္မလင်း၊ ခန္တီးဒေသတစ်ဝိုက်ကို သွားရောက်ပြီး မိဘပြည်သူများရဲ့ လူမှုစီးပွားဘဝများနဲ့ လူနေမှုအခြေအနေများကို သွားရောက်လေ့လာခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့ ဒေသအခြေအနေများ၊ ရာသီဥတုအခြေအနေများကြောင့် ခေတ်အဆက်ဆက်က နိုင်ငံတော်အကြီးအကဲများဟာ ထိုဒေသများကို သွားရောက်နိုင်ခြင်း နည်းပါးခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အခုလို တိုင်းပြည်ရဲ့ ဝေးလံခေါင်ဖျားတဲ့ ဒေသများက ပြည်သူများထံ ပထမဆုံးသွားရောက်နိုင်ခဲ့တဲ့ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိခြင်းကို များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်းလည်း ပြောကြားလိုပါတယ်။

၂၀၁၅-၂၀၁၆ ရသုံးမှန်းခြေငွေစာရင်းကို ဧပြီလမှာ ထုတ်ပြန်ခဲ့ပြီးတော့ အခု မေလမှာ စတင် အသက်ဝင်လာပြီဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်အတိုင်း အစိုးရဟာ နှစ်စဉ်ဘတ်ဂျက်ကို ပြင်ဆင်ဆောင်ရွက်ရပါတယ်။ ဒီလို ပြင်ဆင်ထားတဲ့ ဘတ်ဂျက်ကို ပြည်ထောင်စုလွှတ်တော်မှာ သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ပြီး လာမယ့်နှစ်ရဲ့ ဘတ်ဂျက်ကို အတည်ပြုရပါတယ်။ ဒီလို ဆောင်ရွက်တဲ့အတွက် ဘတ်ဂျက်စနစ်များ ပိုမိုအသက်ဝင်လာပြီး ဒီမိုကရေစီစနစ်ရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တဲ့ အစိုးရနဲ့ လွှတ်တော်အကြား အပြန်အလှန်ထိန်းကျောင်းမှုကို အားကောင်းလာစေပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆောင်ကြဉ်းရာမှာ အင်အားတစ်ခုဖြစ်စေပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ သုံးသပ်၊ ဆွေးနွေးညှိနှိုင်း အတည်ပြုပြီး ထွက်ပေါ်လာတဲ့ ရသုံးမှန်းခြေငွေစာရင်းကို ပြည်သူလူထုထံ မီဒီယာများကနေတစ်ဆင့် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးခဲ့ပါတယ်။ အခုလို အပြန်အလှန် ထိန်းကျောင်းမှု၊ သုံးသပ်ဆွေးနွေးမှုနဲ့ ပွင့်လင်းမြင်သာမှုများဟာ နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲရာမှာ ပြည်သူလူထုများရဲ့ လိုလားချက်နဲ့ ဆန္ဒများကို ထင်ဟပ်တဲ့ ရသုံးမှန်းခြေငွေစာရင်းဖြစ်စေဖို့ များစွာအထောက်အကူပြုစေပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်စေမှာလည်းဖြစ်ပါတယ်။ ပြည်သူတွေထံကနေရရှိတဲ့ အခွန်ဘဏ္ဍာကို ပြည်သူများရဲ့ ဆန္ဒနဲ့အညီဖြစ်စေဖို့ ကြိုးပမ်းဆောင်ရွက်နေခြင်းသည်ပင်လျှင် ဒီမိုကရေစီနိုင်ငံတစ်ခုရဲ့ ဘတ်ဂျက်ရေးဆွဲရေးဖြစ်စဉ်ကို ပိုမိုအားကောင်းသက်ဝင်လာစေမှာ ဖြစ်တယ်လို့ ဆိုလိုတာပဲဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဧပြီလအတွင်း အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ဘန်ဒေါင်းညီလာခံကို တက်ရောက်ခဲ့ပြီး ဒီညီလာခံဟာ ကျွန်တော်တို့နိုင်ငံအတွက် သံခင်းတမန်ခင်း အခမ်းအနားတစ်ခုထက်ပိုပြီး အဓိပ္ပာယ်ရှိတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ၁၉၅၅ ခုနှစ်က ဘန်ဒေါင်းမြို့မှာ ကျင်းပခဲ့တဲ့ အာရှ-အာဖရိက ကွန်ဖရင့်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံတို့နဲ့အတူ ကမ္ဘာ့ ဘက်မလိုက်မူဝါဒကို ဦးဆောင်ချမှတ်တဲ့ ငါးနိုင်ငံရဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခဲ့တာဖြစ်ပါတယ်။ ထိုစဉ်အခါက နိုင်ငံတော်အကြီးအကဲ ဝန်ကြီးချုပ် ဦးနုဟာ ဘန်ဒေါင်းညီလာခံကြီးဖြစ်မြောက်ရေးနဲ့ အောင်မြင်ရေးတို့အတွက် အဓိကကျတဲ့ နေရာမှာပါဝင်ခဲ့ပြီး ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ဟာလည်း ညီလာခံမှာ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့တာဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတကာဆက်ဆံရေးမှာ ကျွန်တော်တို့နိုင်ငံရဲ့ တစ်ချိန်ကအခန်းကဏ္ဍနဲ့ အဆင့်အတန်းကို ညွှန်းဆိုနေတာ ဖြစ်ပြီးတော့ ဒီကနေ့အချိန်မှာလည်း နိုင်ငံတကာမှာ တစ်ချိန်ကလို ဝင့်ထည်မှုမျိုးပြန်လည်ရရှိအောင် လုပ်ဆောင်နိုင်မယ်လို့လည်း ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။

ကျွန်တော့်အနေနဲ့ ဘန်ဒေါင်းညီလာခံမှာ ညီလာခံရဲ့ အဓိကရည်ရွယ်ချက်တွေဖြစ်တဲ့ စည်းလုံးညီညွတ်၊ ချစ်ခင်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုဆိုတဲ့ အခြေခံအုတ်မြစ်များကို ရှေးရှုပြီး အာရှနဲ့ အာဖရိကနိုင်ငံများအကြား၊ ပြည်သူများအကြားမှာ ပူးပေါင်း ဆောင်ရွက်မှုတွေ ဆက်လက်လုပ်ဆောင်သွားကြဖို့လည်း အာရှတိုက်ကိုယ်စား တိုက်တွန်းပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံများအပါအဝင် နိုင်ငံအားလုံးနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးထူထောင်နိုင်အောင် အထူးကြိုးပမ်း ဆောင်ရွက်လျက်ရှိနေပြီးတော့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့နဲ့ မြင့်တင်နိုင်ဖို့ကိုလည်း ရှာဖွေဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂရဲ့ မူများနဲ့အညီ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများမှာ နိုင်ငံတကာမိသားစုဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ ကောင်းမွန်ပြီး အပေါင်းလက္ခဏာဆောင်တဲ့ တာဝန်ယူမှုတွေနဲ့ ပါဝင်ဆောင်ရွက်မှုတွေကိုလည်း လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ကျွန်တော့်အနေနဲ့ မလေးရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ (၁၂) ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှုဖိုရမ်ကို တက်ရောက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်ဟာ အာဆီယံအသိုက်အဝန်းအတွက် အရေးကြီးတဲ့နှစ်ဖြစ်ပြီး ပေါင်းစည်းညီညွတ်တဲ့ အာဆီယံ၊ ပြည်သူဗဟိုပြုအာဆီယံ ဖြစ်ပေါ်လာစေရေးဆိုင်ရာ ကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။ ပြည်သူကို ရှေးရှုဗဟိုပြုတဲ့ အာဆီယံကိုဖော်ဆောင်ရာမှာဒေသတွင်းမှာရှိတဲ့ ပြည်သူတစ်ဦးချင်းစီ၊ စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီနဲ့ အဖွဲ့အစည်းတွေအားလုံးရဲ့ ချိတ်ဆက်မှုတွေ မြှင့်တင်ရမှာဖြစ်ပါတယ်။ အခုလို ရှင်းလင်းပြောကြားရခြင်းဟာ အာဆီယံဒေသရဲ့ ပေါင်းစည်းမှု မြင့်တက်လာတာနဲ့အမျှ ကူးလူးဆက်ဆံမှုတွေ ပိုမိုများပြားလာပြီး လူတစ်ဦးချင်းရဲ့ ပညာအရည်အချင်း၊ လုပ်ငန်းကျွမ်းကျင်မှုနဲ့ စီးပွားရေးလုပ်ငန်းများရဲ့ ကမ္ဘာ့အမြင်ရှိမှု၊ စွန့်ဦးတီထွင်မှုဆိုတဲ့ ကိစ္စတွေဟာ အရေးပါလာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံသားများအနေနဲ့ မိမိကိုယ်မိမိ ကြိုတင်ပြင်ဆင်နိုင်ကြဖို့ သတိပေးလိုတဲ့အတွက်ပဲဖြစ်ပါတယ်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ ဖိတ်ကြားချက်အရ ဧပြီလအတွင်း နယူးယောက်မြို့မှာ ကျင်းပခဲ့တဲ့ မြန်မာနိုင်ငံတော် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းအဝေးကို မြန်မာနိုင်ငံအစိုးရရဲ့ ပြည်ထောင်စုဝန်ကြီးများပါဝင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်တက်ရောက်စေခဲ့ပါတယ်။

ဒီအဖွဲ့ဟာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ မိတ်ဆွေများအဖွဲ့ကနေ ပြောင်းလဲဖွဲ့စည်းခဲ့တာဖြစ်ပြီး တက်ရောက်လာတဲ့ မိတ်ဖက်နိုင်ငံများအနေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ ပြုပြင်ပြောင်းလဲရေးများမှာ တိုးတက်ဖြစ်ထွန်းမှုများရှိနေတာကို အားပေးထောက်ခံခဲ့ကြပါတယ်။ ယခင်က အမြဲတစေ အငြင်းပွားဖွယ်ဖြစ်ခဲ့တဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အဆိုမူကြမ်းကို ဆက်လက်တင်သွင်းဖို့ မသင့်တော်တော့ကြောင်းနဲ့ အဲဒီလို မတင်သွင်းဖို့ ဆုံးဖြတ်ခြင်းဟာ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးအပေါ်မှာ နိုင်ငံတကာရဲ့ ထင်ရှားတဲ့၊ အပြုသဘောဆောင်တဲ့ အားပေးထောက်ခံမှုကို ပြသရာရောက်မှာဖြစ်ကြောင်း အစည်းအဝေး တက်ရောက်လာတဲ့ မိတ်ဖက်နိုင်ငံအများစုက ထောက်ခံဆွေးနွေးခဲ့ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ မိတ်ဖက်နိုင်ငံများရဲ့ အားပေးမှုကိုကြိုဆိုပြီး နိုင်ငံတကာရဲ့ လက်တွေ့ကျတဲ့အားပေးမှုဟာ လူ့အခွင့်အရေးကိစ္စရပ်များ အပါအဝင် မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေး ကဏ္ဍအစုံကို တိုးတက်မှုရဖို့ လုပ်ဆောင်နေတဲ့ ကိစ္စရပ်အားလုံးအတွက် အင်အားဖြစ်စေပါတယ်။

တစ်ဆက်တည်းမှာပဲ နီပေါနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ ဝမ်းနည်းတုန်လှုပ်ဖွယ် ငလျင်ဒဏ်နဲ့ ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုပါတယ်။ သဘာဝဘေးအန္တရာယ်ဟာ ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို ပိုမို ခြိမ်းခြောက်လာနေပြီး နေရာဒေသမရွေးမှာ ဖြစ်ပွားနိုင်တယ်ဆိုတာကို သတိပြုကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း နာဂစ်မုန်တိုင်းလို သဘာဝဘေးအန္တရာယ်ဆိုးကြီးကို ကြုံတွေ့ခဲ့ရတဲ့ ထိတ်လန့်စရာအတွေ့အကြုံဟာ ယခုအချိန်ထိ မုန်တိုင်းဒဏ်ခံပြည်သူများရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေ ပြန်လည်ကုစားနိုင်ဖို့နဲ့ ရုပ်ပိုင်းဆိုင်ရာတွေ ပြန်လည်ထူထောင်နိုင်ဖို့ ကြိုးစားနေရဆဲဖြစ်ပါတယ်။

အဆိုးထဲက အကောင်းလို့ဆိုရမယ့်အချက်ကတော့ ကျွန်တော်တို့ဟာ ဒီထိတ်လန့်တုန်လှုပ်ဖွယ်ဘေးအန္တရာယ်တွေကို ရင်ဆိုင်ရတဲ့အခါမှာ ကမ္ဘာ့လူသားထုရဲ့ လူသားအချင်းချင်း တန်ဖိုးထားမှု၊ စာနာထောက်ထားမှုနဲ့ သွေးချင်းနီးမှုတွေကို မြင်တွေ့ရခြင်းပဲဖြစ်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

အခုဆိုရင် နိုင်ငံတကာက နီပေါနိုင်ငံကို လူသားချင်းစာနာတဲ့ အကူအညီတွေ တဖွဲဖွဲသွားရောက်နေပြီဖြစ်သလို ကျွန်တော်တို့အစိုးရအနေနဲ့ မြန်မာပြည်သူများကိုယ်စား နီပေါနိုင်ငံကို လိုအပ်တဲ့ အကူအညီတွေ တတ်စွမ်းသလောက် ပေးပို့လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး စတင်ကြိုးပမ်းစဉ်ကတည်းက ဖော်ဆောင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များနဲ့ ဖြစ်ထွန်းတိုးတက်မှုတွေကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းမှာ အသိအမှတ်ပြုခံရမှု၊ လေးစားမှုနဲ့ ဂုဏ်သိက္ခာ ပိုမိုတိုးတက်လာခဲ့တယ်ဆိုတာ လက်ရှိအခြေအနေများက သက်သေထူလျက်ရှိပါတယ်။ အခုလို အသွင်ကူးပြောင်းမှုကို ဦးဆောင်ခွင့်ရရှိခြင်းကိုလည်း အထူးဂုဏ်ယူမိပါတယ်။ သို့သော်လည်း ကျွန်တော်တို့နိုင်ငံရရှိတဲ့ အောင်မြင်မှုများဟာ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ အောင်မြင်မှုသက်သက်မဟုတ်ဘဲ တိုင်းပြည်ရဲ့အမျိုးသား အင်အားစုဖြစ်တဲ့ နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးအင်အားစုများ၊ ပါတီများ၊ တပ်မတော်၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ ပြည်သူလူထုတစ်ဦးချင်းစီရဲ့ တာဝန်ကျေမှုများကြောင့်ဖြစ်တယ်ဆိုတဲ့အချက်ကို ကျွန်တော့်အနေနဲ့ အစဉ်ခံယူထားပါတယ်။ ဒီလို အင်အားစုစည်းနိုင်ခြင်းကြောင့်လည်း ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်မယ်လို့ ယုံကြည်မိပါတယ်။

အထူးပြုပြောကြားလိုတဲ့အချက်ကတော့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများဟာ ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးရဲ့ အဓိကကျတဲ့အလှည့်အပြောင်းကြီးဖြစ်တယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ နိုင်ငံရေးအင်အားစုအားလုံးနဲ့ ပြည်သူများအနေနဲ့ ဒီရွေးကောက်ပွဲကြီးအောင်မြင်ဖို့အတွက် လိုအပ်တဲ့အခြေခံတွေကို မိမိတို့ရဲ့အခန်းကဏ္ဍအလိုက်ပါဝင်ပြီး နိုင်ငံသားအားလုံး လက်တွဲတည်ဆောက်အပ်တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်ကြီးဖြစ်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးအောင်မြင်ရမယ်လို့ သန္နိဋ္ဌာန်ချထားတာနဲ့အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်သွားမှာဖြစ်ကြောင်းလည်း ကတိပြုအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်း ငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့ အကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြည်သူသို့ မိန့်ခွန်းပြောကြားမည်

နေပြည်တော် မေ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းကို မြန်မာ့အသံ၊ မန္တလေး FM ၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ မေလ ၄ ရက်နှင့် ၅ ရက် နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီ တို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော တပ်မတော်သားများအား တွေ့ဆုံဂုဏ်ပြုအားပေး

နေပြည်တော် မေ ၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှ‌ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီးများသို့သွားရောက်ကာ ဆေးကုသမှုခံယူနေကြသည့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော အရာရှိ စစ်သည်များအား ရင်းနှီးနွေးထွေးစွာ အားပေးစကားပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်၏ကျန်းမာရေးအခြေအနေကိုကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးကုသမှုခံယူနေကြသော အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံ၍ **(ဝဲပုံ)** ထိခိုက်ဒဏ်ရာရရှိမှုနှင့် ဆေးကုသမှုအခြေအနေများကို မေးမြန်းကာ ဆေးကုသမှုလိုအပ်ချက်များနှင့် စစ်သည်တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဂုဏ်ပြုအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးသို့သွားရောက်ပြီး ဆေးကုသမှုခံယူလျက်ရှိကြသော အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိသော အရာရှိ၊ စစ်သည်များ၏ဘဝရပ်တည်ရေးနှင့် နေထိုင်နိုင်ရေးအတွက် ပူပင်ကြောင့်ကြမှုမရှိစေရန်နှင့် ဘဝအာမခံချက်ရှိရန် ဆောင်ရွက်ပေးထားမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်အခြေအနေများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများနှင့် ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသော အရာရှိစစ်သည်များ၏ မိသားစုဝင်များကိုတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး လိုအပ်သောအုပ်ချုပ်မှုကိစ္စရပ်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များ ပင်းတယမြို့နှင့် တောင်ကြီးမြို့ရှိ ထင်ရှားသောနေရာများ ဆက်လက်လေ့လာ

တောင်ကြီး မေ ၃

အင်းလေးခေါင်တိုင်အပန်းဖြေစခန်းရှိ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်များသည် ယနေ့နံနက်ပိုင်းတွင် ပင်းတယမြို့နှင့် တောင်ကြီးမြို့တို့ရှိ ထင်ရှားသောနေရာများသို့ ဆက်လက်သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်တွင် ထူးချွန်လူငယ်များသည် ပထမဦးဆုံး ဓနုဒေသရိုးရာယဉ်ကျေးမှုလုပ်ငန်းများ၊ ပင်းတယမြို့ရှိ သမိုင်းဝင် တန်ခိုးကြီး ရွှေဥမင်ဘုရား၊ ကံ့လုံဆရာတော်ကြီး၏ စံကျောင်းတော်ဒေသ စသည့်နေရာများသို့ သွားရောက်လေ့လာပြီး ပင်းတယ ဘုတ်တလုတ်ရေကန်ဘေးတွင် နေ့လယ်စာ စားသောက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဘက်စုံထူးချွန်လူငယ်များသည် တောင်ကြီးမြို့သို့ ရောက်ရှိကြပြီး တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ရှိ သီးနှံအခြောက်ခံစက်ရုံ၊ သံရည်ကျိုစက်ရုံ၊ အစာစပ်စက်ရုံနှင့် သစ်အချောထည်စက်ရုံတို့အပြင် တောင်ကြီးမြို့ ယဉ်ကျေးမှုပြတိုက်၊ သမိုင်းဝင်တန်ခိုးကြီး ရွှေဘုန်းပွင့်ဘုရား၊ စူဠာမုနိဘုရားတို့ကို သွားရောက်လေ့လာခဲ့ကြပြီး ညပိုင်းတွင် အထက(၁) တောင်ကြီး၌ ညစာစားပြီး ညအိပ်အနားယူခဲ့ကြောင်း သိရသည်။

သတင်း-တင်မောင်လွင် (မြန်မာ့အလင်း)
ဓာတ်ပုံ-စိုင်းသန်းကျော်

မိုးလေဝသအခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

ရေလိုအေးမြ ရွှင်ပြုံးကြစေ

စံရွှေတိုး(စီမံရေး)

ဖောက်ပြန်တဲ့ရာသီဥတုကြောင့် ပူပြင်းတဲ့ဒဏ်ကို ကမ္ဘာသူကမ္ဘာသားများ ခံစားနေကြရတွင် မြန်မာနိုင်ငံသားများသည်လည်း အပါအဝင် ဖြစ်သည်။ ရာသီဥတု ပူပြင်းမှုရဲ့အကျိုးဆက်က ခြောက်သွေ့လာမှုဖြစ်သည်။ ရေရှားပါးလာပါသည်။ ရေသည် လူသားတို့အား အဓိကအကျိုးပြုနေသော သဘာဝလက်ဆောင်ကြီး ဖြစ်သည့်အားလျော်စွာ ကျန်းမာရေး၊ အသက်ရှင်နေထိုင်ရေးအတွက် အသုံးပြုကြရသည် မဟုတ်ပါလား။ ယခုလို ရာသီဥတုပူပြင်းသည့်ကာလတွင် ရေအေးအေးလေးတစ်ခွက်သောက်မိလျှင် ရင်ထဲကိုဆွတ်ပျံ့စွာ အေးမြသည့်ခံစားမှုရရှိစေသည်၊ လန်းဆန်းစေသည်၊ အမောပြေစေသည်လေ။

မီးသတ်တပ်ဖွဲ့ဟူသည်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို ခေတ်နှင့်အညီ မီးသတ်လုပ်ငန်းဆိုင်ရာများဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်းရည်မှန်းချက်တာဝန်(၄)ရပ်အား မူဝါဒချမှတ်တာဝန်ထမ်းဆောင်စေခဲ့ပါသည် -

(က) မီးဘေးလုံခြုံရေး
(ခ) သဘာဝဘေးအန္တရာယ်ကာကွယ်ရေး
(ဂ) ရှာဖွေကယ်ဆယ်ရေး
(ဃ) ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး။

မီးသတ်တပ်ဖွဲ့စတင်သန္ဓေတည်ခဲ့စဉ်ကတည်းက ယနေ့အထိ မီးသတ်တပ်ဖွဲ့၏ အဓိကဆောင်ရွက်ရသည့် လုပ်ငန်းများအား အနှစ်ချုပ်ကြည့်မည်ဆိုလျှင် ပြည်သူလူထုအား တိုက်ရိုက်အကျိုးပြုရသည့် လုပ်ငန်းများပင်ဖြစ်သည်။ မီးသတ်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ခေတ်အဆက်ဆက် တပ်ဖွဲ့ဝင်များသည်လည်း သူတို့သက်တမ်းတစ်လျှောက် မိဘပြည်သူများနှင့် တစ်သားတည်းနေထိုင်၍ တစ်သက်လုံးအကျိုးပြုလုပ်ငန်းနှင့် ပျော်ရွှင်ခဲ့ကြသည်သာပင်။ ယခုလည်း ရာသီဥတုပူပြင်းသည့်ကာလတွင် မီးလောင်မှုများ၊ အခြားသော ဘေးအန္တရာယ်များ ပြည်သူလူထုအပေါ် ကျရောက်မှုများကို စွမ်းအားပြည့် တက်ကြွစွာ တာဝန်ထမ်းရွက်နေကြသည်။ ပြည်ထောင်စုဝန်ကြီး၏ ရည်မှန်းချက်တာဝန်ချမှတ်ပေးမှုအား ဌာနအကြီးအကဲမှ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်သော လုပ်ငန်းတာဝန်တစ်ခုဖြစ်သည့် ရေရှားပါးဒေသများသို့ သောက်သုံးရေပေးဝေလှူဒါန်းသော မွန်မြတ်ဒါနတစ်ခုကို ၂၀၁၅ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မှတ်တမ်းတင်၍ မိဘပြည်သူများကို တင်ပြပါရစေ။

မွန်မြတ်ဒါန

ယခုလိုရာသီဥတုပူပြင်းလာချိန် မြန်မာနိုင်ငံတစ်ဝန်း ရေရှားပါးသည့်ဒေသများကို မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်များဖြင့် ရေပေးဝေလှူဒါန်းခြင်းလုပ်ငန်းကို ၂၉- ၃-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့သည်။ မီးသတ်တပ်ဖွဲ့ဝင်များကလည်း မမောနိုင်၊ မပန်းနိုင်၊ မိဘပြည်သူများကလည်း ကြည်နူးကျေနပ်မှုနှင့် အပြုံးပန်းတွေ လှိုင်နေသည်မှာ ငုဝါ၊ စိန်ပန်းတို့နှင့်အပြိုင် ၂၀၁၅ ခုနှစ်၏နွေကို အားပြိုင်ခဲ့သည့်မှတ်တမ်းကတော့ အားရရွှင်ပျစရာဖြစ်သည်။

ရေပေးဝေခြင်းအတွက် မည်သည့်နေရာ၊ မည်သည့်ဒေသတွင်မဆို ငွေကြေးနှင့်စက်သုံးဆီ တစ်စုံတစ်ရာ ပေးဆောင်ရန်မလိုအပ်ဘဲ အခမဲ့အကျိုးပြုဆောင်ရွက်ခြင်းဖြစ်ပါသည်။ ၂၉- ၃-၂၀၁၅ ရက်နေ့မှ ၃၀-၄-၂၀၁၅)ရက်နေ့အထိ နိုင်ငံတစ်ဝန်း ရေဂါလန်ပေါင်းကိုးသိန်းနီးပါး ပေးလှူခဲ့ပြီးဖြစ်သည်။

ရေ၏အကျိုး

လောကနိယာမဟူသည် ကံသုံးပါးဖြင့် ကောင်းသောအမှု၊ မကောင်းသောအမှုတို့ကို တူညီသောသက်ရောက်မှုရရှိစေခြင်းဖြစ်သည်။ သံသရာခရီးရှည်ကို မျှော်မှန်းကြည့်ရန်လိုသည်။ လမ်းခရီးတစ်လျှောက် ကျွန်တော်တို့နှင့်တစ်ပါတည်း တည်ရှိနေမည်မှာ ကုသိုလ်တရား၊ အကုသိုလ်တရားတို့ဖြစ်သည်။ မီးသတ်တပ်ဖွဲ့ဝင်များ၏ အဓိကလုပ်ငန်းများကိုကြည့်လျှင် လွန်စွာအကုသိုလ်တရား ကင်းပါသည်။ မီးလောင်၍ မိမိနေအိမ်ကိုစွန့်ခွာချိန် မီးသတ်တပ်ဖွဲ့ဝင်များက ချဉ်းကပ်၍ မီးငြိမ်းသတ်ရသည်။ မီးလောင်မှုအတွင်း လူပိတ်မိကျန်နေခဲ့လျှင် မိမိအသက်၊ တစ်ပါးသူအသက် ချမ်းသာရာရအောင် ကြိုးပမ်းရသည်။ ပြည်သူအများ၏ စည်းစိမ်ဥစ္စာ၊ အသက်ခန္ဓာကိုခြိမ်းခြောက်မှုမှန်သမျှ တွန်းလှန်ရင်ဆိုင်ရသည်။ မီးသတ်တပ်ဖွဲ့ဝင်များ၏ အသက်နှင့်ခန္ဓာကိုအရင်းပြု၍ ဆောင်ရွက်ရသဖြင့် ပြည်သူနှင့်တစ်သားတည်းရှိသည်။ ပြည်သူများ၏ ဒုက္ခမှန်သမျှသည် မီးသတ်တပ်ဖွဲ့ဝင်များ၏ ဒုက္ခပင်ဖြစ်သည်။ ယခုလို ရေရှားပါးလာချိန် မိဘပြည်သူများ၏ အခက်အခဲကို ကူညီဖြည့်ဆည်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးမားခြင်း၊ ဉာဏ်ပညာကြီးမားခြင်း စသည့်ရေအကျိုး(၁၀)ပါးမှာ တပ်ဖွဲ့ဝင်များရရှိပြီးဖြစ်သည်။ မီးသတ်ယာဉ်များဖြင့်ရေပေးဝေစဉ် ရွှင်မြူးအားရစွာရေလာသယ်ယူကြသည့် ပြည်သူများ၏ ရင်တွင်းကိုထွင်းဖောက်၍ သိမ်မွေ့လှသည့်ပီတိကို အားရအောင် ခံစားကြရသည်။

ရေလိုအေးမြ

ရေသည် ကမ္ဘာကြီး၏ သုံးပုံနှစ်ပုံထုထည်ရှိ၍ ကုဗမိုင်သန်းပေါင်း ၁၀၃၈ သန်းရှိသည်။ မြေထုထက် ရေထုများပြီး ရေရှားပါးသည့်ဒုက္ခများရှိလာပြီ ဖြစ်ပါသည်။ ရေကိုသိပ္ပံနည်းကျ လေ့လာကြည့်လျှင် အရောင်အဆင်း၊ အနံ့၊ အရသာမရှိပါ။ အဖြူထည်ဖြစ်သည့် ရေကို အဖြူရောင်မေတ္တာဖြင့် ပေးလှူစေသည်။ ရေသည် ပုံသဏ္ဌာန်ပြောင်းပြီး ထုထည်မပြောင်းပါ။ ထို့ကြောင့် ရေလာသယ်သည့် မိဘပြည်သူများမှာ သယ်ဆောင်စရာ ရွေးချယ်ရန်မလို၊ လေးထောင့်ပုံး၊ ထုလုံးရှည်ပုံး၊ အလျဉ်းသင့်ရာဖြင့် အားပါးတရ သယ်ဆောင်နိုင်သည်။ ရေသည် လောင်စာစွန်းထင်းမှုမရှိပါ။ ထို့ကြောင့် မိဘပြည်သူများမှာ ပေးလှူရေကို သောက်သုံးခြင်းဖြင့် ကျန်းမာ၍ လျှော်ဖွပ်ခြင်းဖြင့် သန့်စင်စေသည်။ ထို့ပြင် ရေသည် အလေးချိန်ရှိ၍ ထိုးဖောက်စီးဆင်းအား ကောင်းသည်။ ထို့ကြောင့် မိဘပြည်သူများ၏ အိုးအိမ်စည်းစိမ် မတော်တဆမီးလောင်မှုဖြစ်ပါက မီးသတ်ရေပိုက်ခေါင်းဖြင့် မီးလောင်သည့်နေရာကို ပက်ဖျန်းငြိမ်းသတ်နိုင်ပါသည်။ ဤသို့သော အကျိုးတရားများဖြင့် ပြည့်စုံသည့်ရေသည် မီးသတ်တပ်ဖွဲ့ဝင်များအတွက် မိဘပြည်သူများ၏ရင်ထဲကို အဖြူရောင်မေတ္တာရေဖြင့် ရေလိုအေးမြစေရန် ထာဝစဉ်စိတ်ထားရှိနေပေသည်။

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ရေပေးပို့သည့်		ပေးပို့သည့် မီးသတ်ယာဉ် အကြိမ်အရေအတွက်	ရေပေးပို့မှု ဂါလန်ပေါင်း	မှတ်ချက်
		မြို့	ရပ်ကွက်၊ကျေးရွာ			
၁	ကယား	၃	၃	၄	၄၀၀၀	
၂	ကရင်	၁၆	၂၁	၂၈	၃၉၀၀၀	
၃	ချင်း	၃	၃	၃	၃၂၀၀	
၄	စစ်ကိုင်း	၂၂	၂၄	၂၉	၄၁၄၅၀	
၅	တနင်္သာရီ	၂၂	၄၁	၄၉	၇၁၉၅၀	
၆	ပဲခူး	၁၀	၂၂	၂၈	၃၁၅၈၀	
၇	မကွေး	၃၂	၃၆	၄၄	၅၈၂၀၀	
၈	မန္တလေး	၆၅	၈၄	၁၁၈	၁၆၉၅၅၀	
၉	မွန်	၉၁	၈၇	၉၂	၁၀၂၆၀၀	
၁၀	ရခိုင်	၁၅၆	၁၅၇	၁၄၈	၁၈၇၃၀၀	
၁၁	ရန်ကုန်	၁၆	၁၆	၂၀	၂၈၉၆၀	
၁၂	ဧရာဝတီ	၄၁	၉၂	၁၀၁	၁၄၄၇၅၀	
၁၃	နေပြည်တော်	၄	၅	၉	၁၂၂၀၀	
	စုစုပေါင်း	၄၈၁	၅၉၁	၆၇၃	၈၉၄၇၄၀	

ရွှင်ပြုံးကြစေ

၂၀၁၅ ခုနှစ်၊ နွေရာသီ၏အကျည်းတန်မှုတစ်ခုဖြစ်သော ရေရှားပါးပြတ်လပ်နေသည့် ဒေသများကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရည်မှန်းချက်တာဝန်ချမှတ်ပေးသည့် လမ်းညွှန်မှု၊ ဌာနအကြီးအကဲ၏ ကြီးကြပ်မှု၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုသည် ရွှေကိုမလို၊ သောက်သုံးရေကိုသာလိုသည့် ပြည်သူများအတွက် ကြည်နူးစိတ်၊ ပီတိစိတ်တို့ ယိုဖိတ်စီးဆင်းလာသည့် မေတ္တာရေသည် မီးသတ်တပ်ဖွဲ့ဝင်တို့၏ ရင်ထဲသို့တိုင်စီးဝင်၍ လှပသောနွေရာသီဖြစ်စေခဲ့သည်။ ၂၀၁၅ ခုနှစ် မေ ၅ ရက်တွင်ကျရောက်မည့် (၆၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို မွန်မြတ်ဒါန သောက်သုံးရေကို ပေးဝေလှူဒါန်းကြခြင်းဖြင့် ပြည်သူများ၏ရင်ထဲတွင် ရွှင်ပြုံးကြစေဖို့ ဆုမွန်ခြွေလျက် ဂုဏ်ပြုအပ်ပါသည်။ ။

မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးပြုလုပ်

ကော့မှူး မေ ၃

မေ ၅ ရက်တွင် ကျရောက်မည့် (၆၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲကို မေ ၂ ရက်က ဆောင်ရွက်ခဲ့သည်။ ကော့မှူးမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးမင်းထက်အပါအဝင် သန္ဓေမီးသတ် ၁၄ ဦးက ပိတ်ဆို့နေသည့်ရေမြောင်းများ ရေစီးရေလာကောင်းစေရန် တူးဖော်ခြင်း၊ မြက်ပင်များ၊ ချုံနွယ်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

နေပြည်တော် မေ ၃

၂၀၁၅ ခုနှစ် မေ ၅ ရက်တွင်ကျရောက်မည့် (၆၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရန်အောင်(၁)အုပ်စု ဘိုကုန်းရပ်ကွက်ရှိ အိမ်ခြေ ၇၅ လုံးကို မေ ၂ ရက် နံနက် ၁၀ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ကျော်ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦးနှင့်အတူ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက် ရပ်မိရပ်ဖများက တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုကြီးကျော်(ပျဉ်းမနား)

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ ရွေးကောက်ပွဲဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်

ဝါရှင်တန်ဒီစီ မေ ၃

အမေရိကန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မေ ၁ ရက်ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့ Carnegie Endowment ရုံးချုပ်၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ ရွေးကောက်ပွဲဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ပြည်ထောင်စု လွှတ်တော်နာယက က ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် အရေးကြီးပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးအတွက် လက်ရှိအစိုးရ၊ လွှတ်တော်အသီးသီးနှင့် ပြည်သူများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း ပါဝင်ကြရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များအားလည်း ဖိတ်ခေါ်ထားရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ ဝန်ထမ်းများ၊ တက္ကသိုလ်ကောလိပ်များမှ ပါမောက္ခ၊ ဆရာ ဆရာမများ၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ NGO နှင့် CSO အဖွဲ့အစည်းများမှ စုစုပေါင်း ၁၈၄ ဦး တက်ရောက်ကြသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် National Democratic Institute (NDI), International Republican Institute (IRI), International Foundation for Electroal Systems (IFES) အဖွဲ့များသည် ဝါရှင်တန်ဒီစီရှိ National Democratic Institute (NDI) ရုံးချုပ်၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုများ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက Smithsonian Air and Space Museum နှင့် Freer and Sackler Galleries များကြည့်ရှုလေ့လာ



ဝါရှင်တန်ဒီစီ မေ ၃

ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အဖွဲ့ဝင်များနှင့်အတူ မေ ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် Smithsonian Air and Space Museum သို့ ရောက်ရှိပြီး လေယာဉ်ပျံ စတင်တီထွင်ခဲ့ကြသော ရိုက်ညီနောင်နှင့် လေယာဉ်တီထွင် ပေါ်ပေါက်လာပုံများ၊ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော လေယာဉ်များ၊ လက်ရှိအသုံးပြုနေသော လေယာဉ်များနှင့် NASA က စတင်အသုံးပြုခဲ့သော ဒုံးပျံများကို ကြည့်ရှုလေ့လာကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ ယဉ်ကျေးမှုပြခန်း Freer and Sackler ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရထားပေါ်မေ့ကျန်ခဲ့သည့်အိတ် ပိုင်ရှင်ကို စုံစမ်းရှာဖွေ၍ ပြန်လည်ပေးအပ်

နေပြည်တော် မေ ၃

ဧပြီ ၃၀ ရက် နံနက် ၅ နာရီ ၂၅ မိနစ်က ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်လာသော အမှတ်(၆) အစုန် မန္တလေး-ရန်ကုန်ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များ ဆင်းသွားပြီးနောက် ရထားရဲတပ်ဖွဲ့၊ အမှတ်(၁၃)တပ်ခွဲ(ရန်ကုန်)၊ တပ်စု(၁)မှတပ်ဖွဲ့ဝင်များက ရထားလုံခြုံရေး လိုက်လံရှင်းလင်းစစ်ဆေးခြင်းများဆောင်ရွက်စဉ် အထက်တန်းတွဲ(၄) ခုံအမှတ် (A-2)မှ ဘေးလွယ်အိတ်တစ်လုံး ပိုင်ရှင်မဲ့တွေ့ရှိခဲ့သည်။

အဆိုပါ ပိုင်ရှင်မဲ့တွေ့ရှိသည့် အိတ်ကို အမှတ်(၁၃)တပ်ခွဲမှူး ဦးစီးသည့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူစစ်ဆေးရာ အိတ်အတွင်းမှ စိုးနိုင်အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်သုံးခု၊ လက်ကိုင်ဖုန်းနှစ်လုံး၊ အင်္ကျီအသစ်တစ်ထည်နှင့် ပုဆိုးနှစ်ထည်တို့ တွေ့ရှိရသဖြင့် ပိုင်ရှင်သို့ ပြန်လည်ပေးအပ်နိုင်ရေး အိတ်အတွင်းပါရှိသည့် လက်ကိုင်ဖုန်းမှ တစ်ဆင့် ဆက်သွယ်စုံစမ်းခဲ့သည်။

ထိုသို့စုံစမ်းရာ အိတ်ပိုင်ရှင်မှာ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၊ ကန်မြင့်ကျေးရွာနေ ဦးစိုးနိုင်(၄၈ နှစ်)ဖြစ် ကြောင်း သိရှိရပြီး အိတ်အတွင်းပါရှိသည့် ပစ္စည်းများနှင့်ပတ်သက်၍ မှန်ကန်စွာ ပြောဆိုအတည်ပြုနိုင်ခဲ့သောကြောင့် အဆိုပါဘေးလွယ်အိတ်အား ယင်းနေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ က ပိုင်ရှင်ဖြစ်သူ ဦးစိုးနိုင်သို့ ရထားရဲတပ်ဖွဲ့ အမှတ်(၁၃)တပ်ခွဲ(ရန်ကုန်)မှ တပ်ဖွဲ့ဝင်များက သက်သေများရှေ့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

မော်လမြိုင်တက္ကသိုလ် ပထဝီဝင်ဌာန နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများ လက်တွေ့ကွင်းဆင်း

မုံရွာ မေ ၃

မော်လမြိုင်တက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပထဝီဝင်ဌာန နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၏ သင်ခန်းစာလိုအပ်ချက်အရ ကွင်းဆင်းသင်တန်းပို့ချခြင်းအဖြစ် မုံရွာမြို့ရှိ သလ္လာ၊ အေးသာယာ၊ အလယ်ရပ်၊ လယ်တီ၊ ရတနာပုံ၊ ရုံးကြီးရပ်ကွက်များနှင့် မုံရွေးကျေးရွာတို့တွင်ကွင်းဆင်းကာ ပြည်သူများ၏ မြေအသုံးချမှုဆိုင်ရာနှင့် လူမှုစီးပွားရေးအခြေအနေများကို ကွင်းဆင်းသင်ခန်းစာအဖြစ် မေ ၃ ရက်မှ ၅ ရက်အထိ လေ့ကျင့်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်တွေ့ကွင်းဆင်းသင်ခန်းစာသင်ကြားမှုနှင့်ပတ်သက်ပြီး "ကျောင်းသား ကျောင်းသူတွေအနေနဲ့ သီအိုရီအရ သင်ကြားတတ်မြောက်ပါပြီ။ အခုသင်ခန်းစာက လက်တွေ့အခြေအနေနဲ့ ကိုက်ညီတဲ့ မြေအသုံးချမှုဆိုင်ရာတွေ၊ ပြည်သူတွေရဲ့ လက်တွေ့ဘဝစီးပွားရေးအခြေအနေတွေကို သိရှိတတ်မြောက်စေဖို့အတွက် အခုလိုကွင်းဆင်းတာပါ၊ ကွင်းဆင်းသင်ခန်းစာက တွေ့ရှိချက်တွေကို မုံရွာတက္ကသိုလ်နဲ့ မော်လမြိုင်တက္ကသိုလ်တွေက ပထဝီဝင်ဌာနနှစ်ခုပေါင်းပြီး အသိပညာဖလှယ်တဲ့အနေနဲ့ ဆွေးနွေးပွဲတစ်ခုပြုလုပ်သွားမှာပါ"ဟု မော်လမြိုင်တက္ကသိုလ်ပထဝီဝင်ဌာန ပါမောက္ခဌာနမှူး ဒေါက်တာခင်မောင်ဇော်က ပြောသည်။

မော်လမြိုင်တက္ကသိုလ် ပထဝီဝင်ဌာန ၂၀၁၄-၂၀၁၅ ပညာသင်နှစ် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများ လက်တွေ့ကွင်းဆင်းသင်ခန်းစာသင်ကြားရာတွင် ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် အုပ်ချုပ်သူဆရာ၊ ဆရာမ ၁၃ ဦးတို့ ပါဝင်ပြီး မေ ၃ ရက်မှ ၄ ရက်အထိ မုံရွာမြို့ပေါ် (၆)ရပ်ကွက်တွင်လည်းကောင်း၊ မေ ၅ ရက် နံနက်ပိုင်းတွင် မရွေးကျေးရွာ၌လည်းကောင်း မြေအသုံးချမှုဆိုင်ရာနှင့် ကျေးလက်စီးပွားရေးအခြေအနေများကို လက်တွေ့သင်ခန်းစာများ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ပရီမီယာလိဂ် ပွဲစဉ်(၃၅)

အနိုင်/အရှုံး

၃-၅-၂၀၁၅

ချယ်လ်ဆီး ၁-၀ ပဲလေ့စ်

နိုင်ငံတော်သမ္မတဦးသိန်းစိန် ကင်းထောက်မောင်မယ်များ တောတွင်းစခန်းချတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကင်းထောက်မောင်မယ်များ တောတွင်းစခန်းချတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးမြင့်လှိုင်၊ ဦးဇေယျာအောင်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာမြင့်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက အထူးလေယာဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သို့ ရောက်ရှိရာတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက အနီးစခန်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ ကင်းထောက်မောင်မယ်စခန်း၌ ကျင်းပသည့် တတိယအကြိမ် ကင်းထောက်မောင်မယ်များ တောတွင်းစခန်းချ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပြင်ဦးလွင်မြို့ မြို့ရှောင်လမ်းရှိ ထင်းရှူးတော၌ ဖွင့်လှစ်ထားသည့် ကင်းထောက်မောင်မယ် တောတွင်းစခန်းသို့ရောက်ရှိရာ ကင်းထောက်ကြီးများနှင့် ကင်းထောက်လူငယ်မောင်မယ်များက ကြိုဆိုကြသည်။

ယင်းနောက် ကင်းထောက်မောင်မယ်များက **“ပြည်သူ့အတွက် အစဉ်အသင့်”** သီချင်းကိုသီဆို၍ တတိယအကြိမ် ကင်းထောက်မောင်မယ်များ တောတွင်းစခန်းချ တွေ့ဆုံပွဲအခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ ကင်းထောက်ချုပ်ကြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကင်းထောက်မောင်မယ်များသည် နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် ကင်းထောက်ချုပ်ကြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကင်းထောက်မောင်မယ်များက ကင်းထောက် အလေးပြုနည်းဖြင့် အလေးပြုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ကင်းထောက်မောင်မယ်များအား အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံကင်းထောက်သမိုင်းကို ပြန်ကြည့်လျှင် ၁၉၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး အမျိုးသားကင်းထောက်အဖွဲ့ကို ၁၉၂၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့သည်ကို တွေ့ရပါကြောင်း၊ စတင်ဖွဲ့စည်းစဉ်ကပင် နိုင်ငံတော်က တာဝန်ယူဖွဲ့စည်းပေးခဲ့ပြီး သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၊ အာရှကင်းထောက်အဖွဲ့ချုပ်တို့နှင့် ဆက်သွယ်ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်လာခဲ့ခြင်း ဖြစ်ပါကြောင်း။

ထိုစဉ်က နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ကင်းထောက်အဖွဲ့အကြီးအကဲများအဖြစ် ဂုဏ်ပြုထမ်းဆောင်ခဲ့ကြပြီး ၁၉၆၄ ခုနှစ်တွင် ကင်းထောက်အဖွဲ့၏ လှုပ်ရှားမှုများ အခြေအနေကြောင့် ရပ်ဆိုင်းသွားခဲ့ပါကြောင်း။

မိမိတို့ အစိုးရလက်ထက် ၂၀၁၂ ခုနှစ်တွင် နှစ်ပေါင်း ၅၀ ခန့် ကွယ်ပျောက်သွားခဲ့သည့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး ရုံးချုပ်အနေဖြင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းတွင် ယခုဧပြီ ၂၉ ရက်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာတစ်နိုင်ငံလုံး ကင်းထောက်အဖွဲ့ဝင်ပေါင်း ၃၇၀၀၀ ခန့်ရှိပြီး တက္ကသိုလ်များတွင်လည်း ဧပြီ ၂၇ ရက်ကစတင်ပြီး ကင်းထောက်မောင်မယ်လူငယ်သင်တန်းများ စတင်ဖွင့်လှစ်နေပြီဖြစ်ပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အနာဂတ် မြန်မာနိုင်ငံတော်အတွက် အဘက်ဘက်မှ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်များ မွေးမြူလေ့ကျင့်ပေးခြင်း ဖြစ်ပါကြောင်း၊ အကျင့်စာရိတ္တကောင်းသော၊ သစ္စာစောင့်သိသော၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိသော၊ စွမ်းရည်သတ္တိရှိသော၊ အများအကျိုးကို သယ်ပိုးဆောင်ရွက်လိုသော၊ လူကြီးမိဘများ၊ ဆရာသမားများကို ရိုသေ ကိုင်းရှိုင်းတတ်သော၊ ကိုယ့်အားကိုယ်ကိုးသော၊ ကာယဉာဏ စာရိတ္တ စသည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်နိုင်ငံ့သားကောင်းများ ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန် ဖြစ်ပါကြောင်း။

ကင်းထောက်အဖွဲ့သည် စစ်သဘောမပါ၊ နိုင်ငံရေးမစွက်ဖက်သော လူမှုဝန်ထမ်း အသင်းအဖွဲ့တစ်ခုသာဖြစ်ပါကြောင်း၊ ကင်းထောက်၏ ဆောင်ပုဒ်သည် **“အစဉ်အသင့်”** ဖြစ်ပြီး ကင်းထောက်တစ်ဦးသည် မည်သည့်အခြေအနေမျိုးနှင့် ကြုံတွေ့သည်ဖြစ်စေ မိမိလေ့လာသင်ယူထားသော အတတ်ပညာနှင့် စိတ်ဓာတ်တို့ကို အရင်းခံကာ အမြဲပင် “အစဉ်အသင့်” ဖြစ်နေကြရမည် ဖြစ်ပါကြောင်း။

ထို့ပြင် ကင်းထောက်ကြွေးကြော်သံသည် **“ကောင်းမှုတစ်ခု နေ့စဉ်ပြု”** ဆိုသည့်အတိုင်း မိမိအိမ်၊ မိမိကျောင်း၊ မိမိရပ်ကွက်၊ မိမိမြို့၊ မိမိနိုင်ငံအတွက်သာမက မိမိတို့ကမ္ဘာကြီးအတွက်ပါ ကင်းထောက်မောင်မယ်များအနေဖြင့် နေ့စဉ်နေ့တိုင်း ကောင်းမှုတစ်ခုခုကို ရှာဖွေလုပ်ကိုင်ကြရမည် ဖြစ်ပါကြောင်း။

“တစ်ခါ ကင်းထောက် လုပ်ခဲ့ဖူးရင် အမြဲကင်းထောက်ဖြစ်နေမယ်” ဆိုသည့် ဆိုရိုးစကားအတိုင်း ယနေ့ ကင်းထောက်မင်းကြီးမှစပြီး ကင်းထောက်အကြီးအကဲအားလုံးသည် တစ်ချိန်က မောင်တို့မယ်တို့ကဲ့သို့ ကင်းထောက်လူငယ်များ ဖြစ်ခဲ့ကြပြီး နိုင်ငံ့တာဝန်အမျိုးမျိုးကို ထမ်းဆောင်ခဲ့ကြကာ ယနေ့တိုင် ကင်းထောက်များဖြစ်နေကြသည်ကို မောင်တို့မယ်တို့ ရှေ့၌လက်တွေ့ မြင်တွေ့နေရပြီဖြစ်ပါကြောင်း။

မောင်တို့မယ်တို့သည် **“ယနေ့ လူငယ်နောင်ဝယ်လူကြီး”** ဆိုသကဲ့သို့ နိုင်ငံ့တာဝန်များကို ပခုံးလွှဲပြောင်း ထမ်းဆောင်ကြရမည့်သူများ ဖြစ်ပါကြောင်း၊ ကာယအား ဉာဏအားကောင်းသည့် လူငယ်များဖြစ်ရန် ကြိုးစားကြစေလိုကြောင်း၊ ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်ရန် လေ့ကျင့်ပျိုးထောင်ကြစေလိုကြောင်း၊ သာယာလှပသည့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်စွမ်းရှိသည့် လူကောင်းလူတော်များ ဖြစ်စေရေး ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကင်းထောက်မောင်မယ်စခန်း ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကင်းထောက်လူငယ်မောင်မယ်များက တတိယအကြိမ် တောတွင်းစခန်းချတွေ့ဆုံပွဲ အမှတ်တရလက်ဆောင်ကို နိုင်ငံတော်သမ္မတထံ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကင်းထောက်မောင်မယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ကင်းထောက်မောင်မယ်များ၏ ကင်းစိတ်အလိုက် စခန်းချ စွမ်းဆောင်မှုများကို လှည့်လည်ကြည့်ရှု အားပေးကာ ကင်းထောက်ကြီးများ၊ ကင်းထောက်မောင်မယ် လူငယ်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါ ကင်းထောက်မောင်မယ်စခန်းတွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းများမှ အမျိုးသား၊ အမျိုးသမီး ကင်းထောက်မောင်မယ်များ၊ ကင်းထောက်ကြီးများ စုစုပေါင်း ၇၈၀ နှင့် ကြီးကြပ်ဆရာ ဆရာမ ၁၃၀ စုစုပေါင်း ၉၁၀ တို့သည် ဧပြီ ၃၀ ရက်မှစတင်၍ စခန်းချလျက်ရှိပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့်သဘာဝဘေးအန္တရာယ်လျှော့ချရေး သိကောင်းစရာများ ဆွေးနွေးပို့ချခြင်း စသည့် ကင်းထောက်လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်းနှင့် ကင်းထောက် ကင်းစိတ်များအလိုက် စွမ်းရည်ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယခုကျင်းပသည့် ကင်းထောက်မောင်မယ်များ တောတွင်းစခန်းချတွေ့ဆုံမှုသည် တတိယအကြိမ်တွေ့ဆုံမှုဖြစ်ပြီး ပထမအကြိမ်တွေ့ဆုံမှုကို ၂၀၁၃ ခုနှစ်က နေပြည်တော်ရှိ အမှတ်(၇) ရွာတော်တည်းခိုရေးစခန်းတွင်၌လည်းကောင်း၊ ဒုတိယအကြိမ်တွေ့ဆုံမှုကို ၂၀၁၄ ခုနှစ်က ပြင်ဦးလွင် အမျိုးသားသဘာဝဥယျာဉ်၌လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာ အောင်မြင်စွာ လှုပ်ရှားရပ်တည်နိုင်ခဲ့သည့် မြန်မာနိုင်ငံကင်းထောက်သည် ယခုအခါ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှု၊ ပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ၂၀၁၂ ခုနှစ်မှ စတင်၍ ပြန်လည်လှုပ်ရှားလာနိုင်ခဲ့ပြီ ဖြစ်သည့်အပြင် အချိန်တိုကာလအတွင်း တိုးတက်လာမှုကို အာရှ-ပစိဖိတ်နှင့် နိုင်ငံတကာကင်းထောက်အဖွဲ့အစည်းများက ဂုဏ်ပြုကြိုဆိုလာကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကင်းထောက်မောင်မယ်များ၏ ကင်းစိတ်အလိုက် စခန်းချစွမ်းဆောင်မှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ-(မြန်/ဆက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကင်းထောက်လူငယ် မောင်မယ်များက တတိယအကြိမ် တောတွင်းစခန်းချ တွေ့ဆုံပွဲ အမှတ်တရ လက်ဆောင် ပေးအပ်စဉ်။ ဓာတ်ပုံ (မြန်/ဆက်)

ပြည်သူများအနေဖြင့် တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို ဘက်မလိုက်သော၊ လွတ်လပ်သော၊ မတူကွဲပြားသောသတင်းအရင်းအမြစ်များမှ ရရှိရန်လိုအပ်

ရန်ကုန် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် UNESCO တို့ပူးပေါင်း၍ ကမ္ဘာ့ စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ ၂၀၁၅ (World Press Freedom Day 2015) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ယူနက်စကိုမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Sardar Umar Alam၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က စာနယ်ဇင်းသမားများ၏ လုပ်ငန်းခွင်လုံခြုံရေး၊ အယ်ဒီတာလွတ်လပ်ခွင့်၊ ပြည်သူများအနေဖြင့် တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို ဘက်မလိုက်သော၊ လွတ်လပ်သော၊ မတူကွဲပြားသောသတင်းအရင်းအမြစ်များမှ ရရှိရန်လိုအပ်မှု၊ လွတ်လပ်ပြီး အရည်အသွေးပြည့်ဝသော မီဒီယာများရှိရန်လိုအပ်မှုတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ယူနက်စကိုမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Sardar Umar Alam က ငြိမ်းချမ်းရေး အဓွန့်ရှည်တည်တံ့ပြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လူ့အခွင့်အရေးများကို လေးစားလိုက်နာကြရမည်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် သတင်းအချက်အလက်များပေါ်မှုနေ၍ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အရည်အသွေးမြင့်မားသော သတင်းအတတ်ပညာက နိုင်ငံသားတို့အား ကျေးဇူးပြုမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သတင်းသမားများအနေဖြင့် လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်ပြီး အနှောင့်အယှက်ပြုခံရခြင်းမရှိဘဲ ဘေးကင်းလုံခြုံသည့် အခြေအနေများအောက်တွင် လုပ်ကိုင်နိုင်စေမည့် ပတ်ဝန်းကျင်တစ်ရပ်အတွင်း သတင်းအတတ်ပညာဖွံ့ဖြိုးရှင်သန်နေရန်လိုအပ်ကြောင်း စသည်ဖြင့်ပါရှိသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် BANKI-MOON၊ ယူနက်စကို ညွှန်ကြားရေးမှူးချုပ် IRINA BOKOVA နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ZEID RA'ADAL HUSSEIN တို့ ပူးတွဲပေးပို့သည့် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ သဝဏ်လွှာ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ စာနယ်ဇင်းလွတ်လပ်ခွင့် အခြေအနေ၊ သတင်းသမားများအနေဖြင့် မိမိ၏ဆန္ဒစွဲခံစားမှုများမပါဘဲ ဂုဏ်သိက္ခာရှိစွာ သတင်းရေးသားရန် လိုအပ်မှု၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ လွတ်လပ်ပြီး တရားမျှတစေရန် စာနယ်ဇင်းများမှ ပါဝင်ကူညီဆောင်ရွက်သွားရန်လိုအပ်မှု၊ ပြည်သူများအနေဖြင့် အမှန်သတင်းနှင့် ကောလာဟလကြား၊ အမှန်သတင်းနှင့် ပုဂ္ဂိုလ်ရေးရာတိုက်ခိုက်မှုသတင်းများအကြား မှန်မှန်ကန်ကန် ခွဲခြားရရှိနိုင်ရန် လိုအပ်မှုတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)အတွင်းရေးမှူး ဦးကျော်မင်းဆွေက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားသည်။

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ ၂၀၁၅ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ယူနက်စကိုမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Sardar Umar Alam နှင့် ဖိတ်ကြားထားသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ထို့နောက် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ အခမ်းအနားသို့ တက်ရောက်ကြသူများက အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးသီဟစော၊ မြန်မာဂျာနယ်လစ်ကွန်ရက်အတွင်းရေးမှူး ဦးမြင့်ကျော်၊ BNI တိုင်းရင်းမီဒီယာ မန်နေဂျာ ဒေါ်သဲသင်ဇာဦး၊ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်မှ သတင်းအတတ်ပညာသင်တန်း တတိယနှစ်ကျောင်းသား မောင်လွမ်ဆိုင်းအောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်တို့က စာနယ်ဇင်းလွတ်လပ်ခွင့်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

၁၉၄၈ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၁၉ တွင် စာနယ်ဇင်းလွတ်လပ်ခွင့်ကို လေးစားလိုက်နာကြရန် ဖော်ပြထားပြီး ၁၉၉၁ ခုနှစ် အာဖရိက သတင်းစာဆရာများ၏ ဝင်းဟုတ်ကြေညာစာတမ်းထုတ်ပြန်မှု နှစ်ပတ်လည်နေ့ကိုကျင်းပနိုင်ရန် လည်းကောင်း၊ စာနယ်ဇင်းလွတ်လပ်ခွင့် အရေးကြီးမှုကို ကမ္ဘာ့နိုင်ငံများ အလေးထားလာကြစေရန်နှင့် စာနယ်ဇင်းလွတ်လပ်ခွင့်ကို အစိုးရအဖွဲ့များ၏ တာဝန်တစ်ရပ်အဖြစ် အသိအမှတ်ပြုကြရေး တိုက်တွန်းနိုင်ရန် လည်းကောင်း ၁၉၉၃ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ် မေ ၃ ရက်ကို ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ ယနေ့ကျင်းပသော ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ အခမ်းအနားသည် မြန်မာနိုင်ငံ၏ စတုတ္ထအကြိမ်မြောက် ကျင်းပသည့် အခမ်းအနားဖြစ်သည်။ **(သတင်းစဉ်)**

အင်္ဂမတန်း ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ စလေရုပ်စုံကျောင်းတော်ကြီးအား ကြည့်ရှုလေ့လာ

မင်းမင်းဇော်(ကလေး)
ဓာတ်ပုံ-မောင်ဖိုးဇော်

ပုဂံ မေ ၃

"စလေရုပ်စုံ ပြတိုက်မျက်နှာစာမှာရှိတဲ့ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်တွေနဲ့ပတ်သက်တဲ့ ရုပ်လုံးရုပ်ကြွတွေအကြောင်း၊ ဓမ္မပဒနဲ့ပတ်သက်တဲ့ ပန်းပု ရုပ်လုံး ရုပ်ကြွတွေအကြောင်းကို ရှင်းလင်းပြသသွားမှာဖြစ်ပါတယ်။ ပြတိုက်အတွင်းမှာတော့ ခေတ်အဆက်ဆက်က ရုပ်ပွားတော်တွေ၊ ရှေးဟောင်းရုပ်ပွားတော်တွေအကြောင်းကို လိုက်လံရှင်းလင်းပြသသွားမှာဖြစ်ပါတယ်။ ဒီလိုလိုက်လံရှင်းလင်းပြသပေးခြင်းအားဖြင့် နိုင်ငံရဲ့အနာဂတ်ခေါင်းဆောင်ကောင်းတွေဖြစ်လာမယ့် ဘက်စုံထူးချွန်ကျောင်းသား၊ ကျောင်းသူတွေဟာ မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးတဲ့စိတ်ဓာတ်တွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်တတ်လာမှာဖြစ်ပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တွေကို လာရောက်လေ့လာခြင်းဖြင့် အမျိုးသားရေးစိတ်ဓာတ်တွေ နိုးကြားလာမယ်၊ ဒါပြီး အမျိုးဘာသာ၊ သာသနာကို ချစ်မြတ်နိုးတတ်လာမှာဖြစ်ပါတယ်" ဟု စလေရုပ်စုံပြတိုက် ဒုတိယဦးစီးမှူး ဦးမင်းဇော်ထွေးက အင်္ဂမတန်းဘက်စုံထူးချွန်ကျောင်းသား၊ ကျောင်းသူများ စလေရုပ်စုံပြတိုက်အတွင်း ကြည့်ရှုလေ့လာနေစဉ် ရှင်းလင်းပြောကြားသည်။

ဘက်စုံပညာ ထူးချွန်လူငယ် အပန်းဖြေစခန်း စခန်းမှူး ဦးစိုးမြင့်ထွန်း ဦးဆောင်သည့် ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူများသည် ယနေ့နံနက် ၉နာရီ ၁၅ မိနစ်တွင် စလေမြို့ရှိ စလေရုပ်စုံပြတိုက်သို့ ရောက်ရှိလေ့လာကြသည်။

စလေရုပ်စုံပြတိုက်ကို အလှူဒါယကာ ဦးဘိုးကြည်နှင့် အလှူဒါယိကာမဒေါ်ရွှေသက်တို့က မင်းတုန်းမင်းနှင့် စိန်တုံးမိဖုရားကြီးတို့၏ ကောင်းမှုတော် ဂုဏ်ထောက်ကန်ဘေးမဲ့တောရကျောင်းနှင့် စလေမြို့ ကိုးဆောင်ကျောင်းတိုက်တို့၌ သီတင်းသုံးခဲ့သည့် ဆရာတော် ဉူးဂုဏအား ထပ်မံတည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ကျောင်းတော်ကြီးကို မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး သက္ကရာဇ် ၁၂၅၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းသည် အလျား ပေ ၁၅၀၊ အနံ ၈၉ ပေရှိပြီး မူလတိုင်ပေါင်း ၁၅၄ တိုင်၊ ကျောင်းဆောင်ပေါင်း ခုနစ်ဆောင်ရှိကြောင်း သိရပြီး ခရစ်နှစ် ၁၉၉၂-၁၉၉၃ ခုနှစ်တွင် ပြန်လည်မွမ်းမံခဲ့သည်။ ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ဘက်စုံပြန်လည်မွမ်းမံခဲ့ပြီး ယဉ်ကျေးမှုပြတိုက်အဖြစ် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန စလေပြတိုက် တာဝန်ခံဦးစီးအရာရှိ ဒေါ်ချိုချိုလွင်က "မြန်မာယဉ်ကျေးမှုအမွေအနှစ်ဖြစ်တဲ့ ရှေးဟောင်းရုပ်စုံကျောင်းတော်ကြီးကို ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ထားတယ်။ ပြတိုက်မှာ ဓမ္မပဒတို့၊ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်တွေထဲက ကောင်းနိုးရာရာဇာတ်တော်တွေကို ရွေးချယ်ထုလုပ်ထားတယ်၊ ဘယ်လိုအဓိပ္ပာယ်ရတဲ့ ဇာတ်တော်တွေ ဖြစ်တယ်ဆိုတာတွေကို ရှင်းလင်းပြောပြခဲ့ပါတယ်" ဟု ပြောသည်။

"ဒီရှေးဟောင်းပြတိုက်ကို လေ့လာရတဲ့အတွက် မြန်မာလူမျိုးတစ်ဦးအနေနဲ့ ဂုဏ်ယူမိတယ်။ မြန်မာတွေရဲ့ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားတယ်ဆိုတာ ခံစားမိလာတယ်၊ ကျွန်တော်တို့ရင်ထဲမှာ ဇာတိသွေး ဇာတိမာန်တွေ မြင့်တက်လာပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ဘက်စုံပညာထူးချွန်လူငယ် မောင်ပိုင်ဇေမျိုးက ဇာတိသွေးစကားဆိုခဲ့သည်။

ကုန်သွယ်မှု မြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ

ကွမ်းလုံ မေ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေးစခန်း(ချင်းရွှေဟော်)၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဧပြီလ၏ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို မေ ၃ ရက် မွန်းလွဲ ၁ နာရီက နယ်စပ်ကုန်သွယ်ရေးစခန်း၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နယ်စပ်ကုန်သွယ်ရေးစခန်း၊ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးလန်းဆန်းဦးနှင့် ဌာနဆိုင်ရာ အဖွဲ့ဝင်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ ချင်းရွှေဟော်မြို့ အုပ်ချုပ်ရေးမှူး ဦးစိုးမိုးနိုင်၊ ကွမ်းလုံ၊ ဟိုပန်၊ ချင်းရွှေဟော်၊ လောက်ကိုင်နယ်စပ်ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ၂၀၁၅ ခုနှစ် ဧပြီလ၏ ကုန်သွယ်မှုပမာဏ သတ်မှတ်လျာထားချက်၌ ပို့ကုန်/သွင်းကုန်နှစ်ခုတွင် ရာနှုန်းပြည့်မီကျော်လွန်ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် နောင်လာမည့်လများတွင်လည်း ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေး ကုန်သည်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျွန်တော်နဲ့ညှိနှိုင်းဆွေးနွေးမှု

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

အိမ်ရှင်မနှစ်ဦး မီးဖိုချောင်ထဲမှာ ဆွေးနွေးနေကြတယ်။ သူငယ်ချင်းတွေဖြစ်တာမို့ တစ်ယောက်နဲ့တစ်ယောက်အခင်းမဖြစ်ဘဲ အဆင်ပြေလိုတဲ့ ဆန္ဒနဲ့ဆောင်ရွက်ချင်ကြတယ်။ သူတို့နှစ်ဦးက လိမ္မော်သီးကို လိုချင်တယ်။ ခက်တာက မီးဖိုထဲမှာ လိမ္မော်သီးက တစ်လုံးတည်းရှိတယ်။ ဒါနဲ့ နှစ်ဦးစလုံးကျေနပ်ဖို့ မျှမျှတတရှိဖို့ လိမ္မော်သီးကို ထက်ဝက်ခြမ်းပြီး တစ်ခြမ်းစီယူလိုက်ကြတယ်။ လိမ္မော်သီးခြမ်းရတဲ့ တစ်ယောက်က သူလိုချင်တဲ့ လိမ္မော်သီးဖျော်ရည်ဖျော်သောက်ပြီး နောက်တစ်ဦးက သူရတဲ့လိမ္မော်သီးတစ်ခြမ်းရဲ့ အခွံကိုခြစ်ပြီး ကိတ်မုန့်ဖုတ်ဖို့ အသုံးပြုခဲ့တယ်။ အပေါ်ယံက အဆင်ပြေတယ်၊ မျှတတယ်လို့ထင်တဲ့အဖြေဟာ နှစ်ဦးစလုံးအတွက် ပြည့်ပြည့်ဝဝ ကျေနပ်စရာမဖြစ်တဲ့ရလဒ်ကိုရခဲ့တယ်။ မျှတမှုရှိတယ်၊ တရားတယ်လို့ ရုတ်တရက် ထင်စရာဖြစ်ပေမယ့် တကယ်တမ်း နှစ်ဖက်စလုံးအတွက် အားရကျေနပ်စရာမဖြစ်တဲ့သဘောဆောင်ခဲ့တယ်။

ဒါ့ကြောင့် တစ်ခါတလေ နှစ်ဦးနှစ်ဖက် အလျှော့ပေးပေမယ့် ရလာတဲ့ အဖြေက နှစ်ဖက်စလုံးအတွက် ကျေနပ်စရာမဟုတ်တဲ့ အဖြေနဲ့ ရင်ဆိုင်ရနိုင်တယ်။ လိမ္မော်ရည်ဖျော်သောက်ချင်တဲ့သူက တစ်ခြမ်းနဲ့ ဖျော်ရသလို ကိတ်မုန့်ဖုတ် ချင်တဲ့သူအတွက်ကလည်း အခွံတစ်ခြမ်းစာသာရပါတယ်။

ဘာကြောင့်ဒီလိုဖြစ်ရသလဲ။ ဒါကို ထဲထဲဝင်ဝင် စဉ်းစားဆန်းစစ်နိုင်ဖို့ လိုအပ်ပါတယ်။ ဖြစ်ရတာက တစ်ဦးစီရဲ့ လိုအပ်ချက်ကိုသိအောင် မဆောင်ရွက်နိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ လွယ်ကူတယ်လို့ယူဆရတဲ့အဖြေကို ရဖို့ လိမ္မော်သီးကို တစ်ဝက်မခြမ်းဘဲ တစ်ယောက်နဲ့တစ်ယောက် မိမိလိုအပ်ချက်ကို ပွင့်ပွင့်လင်းလင်း ဖော်ထုတ်နိုင်ရင် လိမ္မော်သီးကို တစ်ဝက်စီ မခြမ်းဘဲ တစ်ယောက်လိုချင်တဲ့ လိမ္မော်ရည်အတွက် တစ်လုံးလုံးကိုညှစ်ပြီး တစ်လုံးလုံးက အခွံကိုလည်း ကိတ်မုန့်ဖုတ်နိုင်ဖို့ အသုံးချသွားနိုင်မှာ ဖြစ်ပါတယ်။

ဒီဥပမာကို ကျွန်တော်က ပဋိပက္ခ ဖြေရှင်းမှုသင်တန်းတွေမှာ အမြဲမျှဝေပေးခဲ့ပါတယ်။ ပဋိပက္ခဖြေရှင်းမှုဘာသာရပ်ဟာ မိသားစုအတွက် သော့်လည်းကောင်း၊ အဖွဲ့အစည်းအတွက်သော့်လည်းကောင်း၊ တိုင်းပြည်အတွက်သော့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးအတွက်သော့်လည်းကောင်း အသုံးဝင်လှပါတယ်။ မိတ်ဆွေသူငယ်ချင်းအကြားမှာ အားလုံးအကျိုးဝင်ပါတယ်။ ပဋိပက္ခဆိုတာဟာ လူတိုင်းကြုံတွေ့နေရတဲ့ကိစ္စ တစ်ခုဖြစ်ပါတယ်။ လွှဲရှောင်လို့မရပါဘူး။ လူ့သဘာဝမှာ ပဋိပက္ခဟာ တွဲပါဝင်တာကို အသိအမှတ်ပြုရမှာ ဖြစ်တယ်။ အရေးကြီးတဲ့ကိစ္စက ပဋိပက္ခ ရှိတာ၊ မရှိတာမဟုတ်ဘဲ ပေါ်လာတဲ့ ပဋိပက္ခကို ဘယ်ပုံဘယ်နည်း ဖြေရှင်းရမလဲဆိုတဲ့ကိစ္စဖြစ်တယ်။

ပဋိပက္ခဖြေရှင်းတဲ့နေရာမှာ နည်းစဉ်ငါးရပ်ရှိကြောင်း သတိပြုသင့်ပါတယ်။ အခုလို နည်းစဉ်(၅)ရပ်ဟာ အခြေခံစဉ်းစားချက်နှစ်ရပ်အပေါ် မူတည်နေပြန်တယ်။ ဒီအခြေခံနှစ်ရပ်ကတော့ ပဋိပက္ခဖြစ်သူ နှစ်ဦးနှစ်ဖက်အကြား ကူညီပံ့ပိုးလိုမှု ရှိမရှိနဲ့ ကိုယ်လိုချင်တာကို တိတိကျကျ ပွင့်လင်းစွာ ပြောဆိုနိုင်မှု ရှိ မရှိ ဖြစ်ပါတယ်။

အခုလို အခြေခံနှစ်ရပ်အပေါ် မူတည်ပြီး ပဋိပက္ခဖြေရှင်းမှုနည်းစဉ်ငါးရပ်ရရှိမှာ ဖြစ်ပါတယ်။ ဒါတွေကတော့-

(၁) ပွင့်လင်းစွာပြောဆိုနိုင်ခြင်း မရှိ၊ ကူညီလိုစိတ် မရှိ၊ ယင်းအခြေအနေတွင် ပဋိပက္ခ ဖြေရှင်းနည်းမှာ ပြဿနာကိုရှောင်နိုင်တဲ့ နည်းစဉ်ပဲဖြစ်ပါတယ်။ ကိုယ်လိုချင်တာလည်း မပြောတတ်ဘဲ ကူညီလိုစိတ်မရှိတဲ့အတွက် ပဋိပက္ခဖြေရှင်းနည်းမှာ ပြဿနာကို ရှောင်ရှားနေခြင်းဖြစ်ပါတယ်။

(၂) ပွင့်လင်းစွာပြောဆိုမှုမရှိ၊ ကူညီလိုစိတ်ရှိ၊ ယင်းအခြေအနေမှာ တစ်ဦးနဲ့တစ်ဦး နားလည်မှုရအောင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

(၃) ပွင့်လင်းစွာပြောဆိုနိုင်ပြီး ကူညီလိုစိတ်မရှိတဲ့အခြေအနေမှာ တစ်ဦးနဲ့တစ်ဦး အပြိုင်အဆိုင်လုပ်ပြီး ဖြေရှင်းတာမျိုးဖြစ်ပါတယ်။

(၄) ပွင့်လင်းစွာပြောဆိုနိုင်ပြီး ကူညီလိုစိတ်ရှိတဲ့အခါ တစ်ဦးတစ်ဦး ပူးပေါင်းအဖြေရှာစိတ်ရှိခြင်းဖြစ်ပါတယ်၊ပဋိပက္ခကိုဖြေရှင်းရာမှာပူးပေါင်း ဆောင်ရွက်မှုနည်းဟာ အသင့်တော်ဆုံးဖြစ်ပါတယ်။ ရေပန်းစားနေတဲ့ Win -Win သာ ဖြစ်ပါတယ်။ သူနိုင်ကိုယ်နိုင်တဲ့အဓိပ္ပာယ်သာဖြစ်ပါတယ်။

(၅) နောက်ဆုံးနည်းစဉ်ကတော့ ပွင့်လင်းမှုအပြည့်အဝမရှိသလို ကူညီလိုမှုအပြည့်အဝမရှိတဲ့အခါ တစ်ဦးနဲ့တစ်ဦး အပေးအယူလျှော့ပေးတာမျိုးဖြစ်ပါတယ်။ ရုတ်တရက်ကြည့်ရင် သင့်တော်တဲ့နည်းစဉ်လို့ ယူဆနိုင်ပေမယ့် စောစောက လိမ္မော်သီးကို တစ်ယောက်တစ်ဝက်ခွဲဝေယူတဲ့သဘောဖြစ်ပြီး သူ့အတွက်လည်း အပြည့်အဝအဆင်မပြေသလို ကိုယ့်အတွက်လည်း ကျေနပ်စရာအပြည့်အဝမဖြစ်တာကို ကြုံရပါတယ်။

အခုလိုပဋိပက္ခဖြေရှင်းမှုပုံစံကို အနိုင်အရှုံး-ညီမျှခြင်းနဲ့ အဓိပ္ပာယ်များ ဖော်ထုတ်တဲ့နေရာမှာ အခြေအနေတစ်ခုလို ဖြစ်နိုင်ပါတယ်။

(က) Win- Lose ကိုယ်နိုင်သူရှုံး။ ဒါကတော့ ယှဉ်ပြိုင်မှုကြောင့်ဖြစ်လာတဲ့ရလဒ်ဖြစ်ပါတယ်။

(ခ) Lose-Lose ကိုယ်ရှုံး သူရှုံး။ ဒါကတော့ စောစောကပြဿနာကို ရင်ဆိုင်တာမျိုးမဟုတ်ဘဲ ရှောင်တဲ့သဘောဖြစ်ပါတယ်။

(ဂ) Lose -Win ကိုယ်ကရှုံးပြီး သူကနိုင်ရတဲ့အဓိပ္ပာယ်ဖြစ်တယ်။ တစ်နည်းပြောရရင် အလျှော့ပေးလိုက်တာဖြစ်ပါတယ်။

(ဃ) Win -Win ကိုယ်နိုင်သူနိုင်။ ဒီအဖြေကတော့ နှစ်ဦးစလုံး ကိုယ်လိုချင်တာပြောတာမျိုးဖြစ်ပါတယ်။

(င) နောက်ဆုံးကတော့ No-Win- No- Lose နိုင်လည်းမနိုင် ရှုံးလည်းမရှုံးတဲ့အခြေအနေမျိုးဖြစ်ပါတယ်။

ပညာရှင်အချို့က ပဋိပက္ခဖြေရှင်းမှု ငါးမျိုးမှာ လေးမျိုးကို ဖော်ထုတ်ကြတာကိုလည်း သိရပါတယ်။ ယှဉ်ပြိုင်ပြီးဖြေရှင်းတဲ့နည်းစဉ်ဟာ အမှန်တော့ အရှုံးအနိုင် တိတိကျကျပေါ်ပေါက်လာသလို နိုင်သူအတွက် အဆင်ပြေပါတယ်။ တစ်ဖက်ကတော့ ဒီတစ်ကြိမ်ပြီးပေမယ့် နောက်တစ်ကြိမ် ပဋိပက္ခ ပေါ်ပေါက်နိုင်ပါတယ်။

လူအသုံးများတဲ့စကားလို တူဖြစ်ရင်နှံ့မယ်၊ ပေဖြစ်ရင်ခံမယ်ဆိုတဲ့ သဘောပါ။ ဒုတိယဖြေရှင်းမှုပုံစံက အလျှော့ပေးလိုက်တာဖြစ်တယ်။ အလျှော့ပေးလိုက်တာမို့ ပဋိပက္ခ ယာယီငြိမ်းသွားသလို အလျှော့ပေးခြင်းခံရသူအတွက် အလွန်အဆင်ပြေပါတယ်။ ဒါပေမယ့် ဒီလိုခဏခဏ အလျှော့ပေးရင် အကျင့်ပါသွားသလိုဖြစ်ပြီး တစ်ဦးနဲ့တစ်ဦး မိမိတို့ရဲ့လိုအပ်ချက်ကို အပြည့်အဝဖော်ထုတ်နိုင်စွမ်းရှိမှာ မဟုတ်ပါဘူး။ တတိယနည်းစဉ်က ညှိနှိုင်းမှုဖြစ်ပါတယ်။ ညှိနှိုင်းခြင်းဖြင့် ရင်းနှီးမှုကို ဖော်ထုတ်နိုင်ပေမယ့် လိမ္မော်သီးဥပမာလိုဖြစ်နိုင်ပါတယ်။ နောက်ဆုံးနည်းစဉ်ကတော့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကိုယ်နိုင်သူနိုင်ဖြစ်တာမို့ အားလုံးကျေနပ်ကြပြီး အဖြေရအောင် ကြိုးစားအားထုတ်ရမှာဖြစ်ပါတယ်။

စောစောကတင်ပြတဲ့ နည်းစဉ်(၅)ရပ်သော်လည်းကောင်း၊ နည်းစဉ်(၄)ရပ်သော် လည်းကောင်း ရွေးချယ်နိုင်တာမို့ နည်းစဉ်အားလုံးကို အခြေအနေနဲ့ ကိုက်ညီအောင် ရွေးချယ်သုံးချနိုင်ဖို့ လိုအပ်ပါတယ်။

လုပ်ငန်းခွင်မှာပေါ်ပေါက်လာနိုင်တဲ့ ပဋိပက္ခကို ဖြေရှင်းနိုင်ဖို့အရေးကြီးဆုံးက ပဋိပက္ခမပေါ်ပေါက်ရန် သတိထားရမှာဖြစ်ပါတယ်။ "ပြဿနာအသေးကို မကြီးအောင် အမြဲသတိထားဖို့လိုအပ်ပါတယ်။ အရေးကြီးတာက အမြင်အယူအဆမတူတာကို လေးစားဖို့လိုပါတယ်။ တစ်ဖက်သားရဲ့ အမြင်အယူအဆကိုလည်း နားလည်အောင် ကြိုးစားဖို့လိုပါတယ်။"

ပဋိပက္ခဖြေရှင်းတဲ့နေရာမှာ အချက်အလက်ကိုသာ အာရုံမပြုဘဲ ခံစားမှုတွေကိုလည်း သတိထားသင့်ပါတယ်။ ပြဿနာကိုဖြေရှင်းဖို့သာ စဉ်းစားပြီး လူတွေကိုပြင်ပါ။ မစဉ်းစားဘဲ ပြဿနာကို ဖြေရှင်းနိုင်စွမ်းမရှိတဲ့အခါ ဆောင်ရွက်ပေးနိုင်သူကို အကူအညီတောင်းသင့်ပါတယ်။ အရေးကြီးဆုံးကတော့ ရင်ဆိုင်ရတဲ့အခြေခံနဲ့ ကိုက်ညီတဲ့ဖြေရှင်းနည်းကို အသုံးချနိုင်ဖို့ ကြိုးစားကြပါစို့။ ။

ပြဿနာအသေးကို မကြီးအောင် အမြဲသတိထားဖို့ လိုအပ်ပါတယ်။
အရေးကြီးတာက အမြင်အယူအဆမတူတာကို လေးစားဖို့လိုပါတယ်။
တစ်ဖက်သားရဲ့ အမြင်အယူအဆကိုလည်း နားလည်အောင် ကြိုးစားဖို့လို
ပါတယ်

သီပေါကင်းထောက်မောင်မယ်များ တောစခန်းထွက် တောတောင်ရေမြေသဘာဝအရင်းအမြစ်များလေ့လာ

သီပေါ မေ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကင်းထောက်မောင်မယ် ၂၀၀ တို့သည် ကင်းထောက် ဆရာဦးသန်းလွင်၊ ဦးစိန်လင်းနှင့် ကင်းထောက်ဆရာမ ဒေါ်နုနုတင်တို့ ဦးဆောင်၍ မေ ၃ ရက်က တောတောင်ရေမြေတို့၏ သဘာဝကိုသိရှိနားလည်ရန်နှင့် စူးစမ်းလေ့လာ ဆည်းပူးရန်တို့အတွက် စခန်းချတောစခန်းထွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကင်းထောက် မောင်မယ်များအဖွဲ့နှင့်အတူ ကင်းထောက်ကြီး ဦးစိုင်းသာလှိုင်နှင့် ဦးလှမြင့်တို့လိုက်ပါလျက် မိမိတို့၏ ကင်းထောက်ဘဝအတွေ့အကြုံများကို မျှဝေပြီး စံဖိတ်ကျေးရွာအုပ်စု လွယ်မုပ်တောင်သဘာဝအရင်းအမြစ်များရှိရာ နေရာတို့တွင် စခန်းချရပ်နား၍ ရွက်ဖျင်နှင့် တဲအမျိုးမျိုးထိုးနည်းများ၊ ကင်းထောက်ကြိုးချည်နည်းများ သင်ကြားပြသပေးခြင်း၊ မီးမွေးနည်း၊ ရေနွေးကျိုနည်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ဆန်ပြုတ်၊ ထမင်း၊ ဟင်းလျာချက်ပြုတ် ကျော်လှော်ခြင်းများကို လက်တွေ့ဆောင်ရွက်ကြပြီး နေ့လယ်စာစားသောက်ကာ ပြည်သူ့အတွက် အစဉ်အသင့် သီချင်းကို သီဆိုကပြ တီးမှုတ်ကြသည်။

ထို့နောက် ကင်းထောက်စခန်းချ ရွက်ဖျင်တဲများကို ပြန်လည်ရုပ်သိမ်းပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကာ လွယ်မုပ်တောင်စခန်းမှ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

လုပ်အားခတောင်းသည့် မြန်မာအလုပ်သမားများကို ထိုင်းလုပ်ငန်းရှင်က သေနတ်ဖြင့်ပစ်ခတ်

ဇူရတ်ဌာနီ မေ ၃

ထိုင်းနိုင်ငံတောင်ပိုင်း ဆူရတ် ဌာနီခရိုင်အတွင်း ကျေးရွာတစ်ခုရှိ ရော်ဘာသစ်တုံးများ ဖြတ်တောက်သယ်ယူပို့ဆောင်ခြင်းများကို လုပ်ကိုင်ရသည့် မြန်မာအလုပ်သမားလေးဦးတို့က လုပ်အားခတောင်းသဖြင့် လုပ်ငန်းရှင်က သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်းကို အလုပ်သမားများက တိုင်ကြားခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ဆက်သွယ်ပြောသည်။

ဖြစ်စဉ်မှာ ဦးသန်းအောင်၊ ဦးအေးမင်း၊ လင်းထက်နိုင်နှင့် ဖြိုးဆိုသည့် မြန်မာအလုပ်သမားလေးဦးတို့က ၎င်းတို့၏ လုပ်အားခဘတ်ငွေ သုံးသောင်းကျော်ကို လုပ်ငန်းရှင်ထံ တောင်းခံခဲ့ရာ မေ ၂ ရက် နံနက်ပိုင်းက လုပ်ငန်းရှင်၏ သေနတ်ဖြင့် ရှစ်ကြိမ်ပစ်ခတ်ခံခဲ့ရခြင်းဖြစ်ပြီး အဆိုပါ မြန်မာအလုပ်သမားများမှာ ထိတ်လန့်တကြား ထွက်ပြေးခဲ့ကြရကြောင်းနှင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းရွာမှ အဖ ဦးတင်မြင့်-ဒေါ်စန်းဌေးတို့၏သား ဖြိုး(၂၀)နှစ်ဆိုသူမှာ ဝဲဘက်ပခုံးအသားစိုင်ကို သေနတ်ကျည် ထုတ်ချင်းပေါက်ထွက်သွားခဲ့ကြောင်း သိရသည်။

မြန်မာအလုပ်သမား ဦးအေးမင်းက "ကံကောင်းလို့ အသက်မသေခဲ့ကြတာပါ။ ကျွန်တော်တို့တွေဟာ မြန်မာနိုင်ငံက တရားဝင် ဝင်ရောက်လာကြတဲ့ အလုပ်သမားတွေဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေအရ အကာအကွယ်ရချင်ပါတယ်။ ကူညီပေးကြပါ"ဟု MAT အဖွဲ့သို့ ပြောသည်။ လက်ရှိ ၎င်းတို့ လေးဦးသည် အန္တရာယ်ကင်းနိုင်သည့် နေရာ တစ်ခုသို့ရောက် ရှိနေကြကြောင်း သိရပြီး ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ကုန်ခါနီးကလည်း စူရတ် ဌာနီ ရော်ဘာခြံတစ်ခု၌ မြန်မာအလုပ်သမားသုံးဦး သတ်ဖြတ်ခံခဲ့ရသော်လည်း ထိုင်းနိုင်ငံရှိ နယ်မြေခံအာဏာပိုင်များက ပြစ်မှုကျူးလွန်သူကို ယနေ့တိုင် ဖော်ထုတ်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ယခင်ကာလများကလည်း ထိုင်းနိုင်ငံ အနှံ့အပြားတွင် မြန်မာအလုပ်သမားများအား ထိုင်းလုပ်ငန်းရှင်ကဖြစ်စေ၊ ထိုင်းလူမျိုးများကဖြစ်စေ၊ ထိုင်းရဲတပ်ဖွဲ့က ဖြစ်စေ ပစ်သတ်ခဲ့မှု များစွာဖြစ်ပေါ်ခဲ့ဖူးကြောင်း၊ ထိုင်းနိုင်ငံအတွင်း နိုင်ငံအသီးသီးမှ လူမျိုးပေါင်းစုံတို့ လာရောက်နေထိုင် လုပ်ကိုင်နေကြသော်လည်း မြန်မာအလုပ်သမားများ၏ ဘဝမှာ အကာအကွယ်အမဲ့ဆုံးဟု ဆိုနိုင်ကြောင်း၊ ထိုင်းနိုင်ငံအတွင်း မြန်မာအလုပ်သမားတို့၏ အသက်တစ်ချောင်းသည် သတ္တဝါတစ်ကောင်လောက်ပင် တန်ဖိုးမရှိဖြစ်နေကြောင်း MAT အဖွဲ့က ပြောကြားသည်။

စိုးဝင်း(SP)

စာပေမြင့်မှ လူမျိုးတင့်မည်

နီပေါငလျင်သေဆုံးသူ ၇၀၀၀ ကျော်လာပြီး ရုပ်အလောင်းများ အပျက်အစီးများအောက်မှ တွေ့နေရဆဲဖြစ်

ခတ္တမန္ဒူ မေ ၃

လွန်ခဲ့သည့် စနေနေ့က လှုပ်ခတ်ခဲ့သော နီပေါငလျင်ကြောင့် သေဆုံးသူဦးရေ အနည်းဆုံး ၇၀၄၀ အထိရှိပြီး ဒဏ်ရာရသူဦးရေ ၁၄၀၀၀ အထိ ရှိသွားပြီဖြစ်ကြောင်း နီပေါပြည်ထဲရေးဝန်ကြီးဌာနက စနေနေ့က ပြောကြားသည်။

သေဆုံးမှုများတွင် နီပေါတပ်ဖွဲ့ဝင်ကိုးဦး၊ ရဲတပ်ဖွဲ့ဝင်လေးဦး၊ ဝန်ထမ်းလေးဦးနှင့် နိုင်ငံခြားသား ၅၄ ဦးပါဝင်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

ဂေါ်ရ်ခါးဒေသအပါအဝင် အမြင့်ပိုင်းဒေသအချို့၌ အကူအညီများ ရောက်ရှိရန် ပို၍လိုအပ်နေသည်ဟုဆိုသည်။ ကယ်ဆယ်ရေးမစ်ရှင်များအနေဖြင့် ဂေါ်ရ်ခါးဒေသသို့ သွားရာ လမ်းတစ်လျှောက် လမ်းများ ပျက်စီးနေ၍ အကူအညီများ ရောက်ရှိရန်ခက်ခဲနေသည်ဟု ဆိုသည်။

ထောင်ပေါင်းများစွာသော ပြည်သူများသည် အစားရေစာမလုံလောက်မှု၊ နေထိုင်ရာရွက်ဖျင်တဲများ လိုအပ်မှုများနှင့် ကြုံတွေ့နေရသည်။ ခတ္တမန္ဒူမြို့နေပြည်သူအချို့သည် ငလျင်ပြင်းအား ၇ ဒသမ ၉ ရှိ ငလျင်လှုပ်ပြီးနောက် ပျက်စီးနေသော နေအိမ်များသို့ပြန်ရန် ကြောက်ရွံ့နေကြသည်။ နေအိမ်အပျက်အစီးများ၏ အောက်တွင် သေဆုံးသူများ၏ ရုပ်အလောင်းများကို တွေ့နေရဆဲဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လူပေါင်း သန်းပေါင်းများစွာ နေထိုင်ရာ ငလျင်ဖြစ်ပွားသည့် ဒေသများသို့ အကူအညီများ ပိုမိုပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

(ဆင်ဟွာ)

တရုတ်တွင် သမိုင်းဝင်ကျေးရွာပေါင်း ၂၀၀ ကို မှတ်တမ်းတင်နိုင်ခဲ့

တီယမ်ကျင်း မေ ၃

တရုတ်နိုင်ငံတွင် ရိုးရာယဉ်ကျေးမှုကျေးရွာ ၂၀၀ ကျော်ကို လေ့လာဆန်းစစ်ပြီး မှတ်တမ်းတင်နိုင်ခဲ့သည်ဟု ပြည်နယ်ကောင်စီအကြံပေးအရာရှိတစ်ဦးက တနင်္ဂနွေနေ့ကပြောသည်။

၂၀၁၄ ခုနှစ် ဇွန်လမှစတင်၍လေ့လာမှုအရ နိုင်ငံအဝန်ထိန်းသိမ်းစောင့်ရှောက်သင့်သည့် တရုတ်ရိုးရာယဉ်ကျေးမှုကျေးရွာပေါင်း ၂၅၀၀ ကျော်ရှိသည်ဟု တရုတ်စာပေနှင့်ယဉ်ကျေးမှုဌာနမှ စာရေးဆရာ၊ အနုပညာရှင်ဖန်ကျီကိုင်က ပြောသည်။ အဆိုပါကျေးရွာများမှ အရေအတွက်ပေါင်း ၂၀၀ ကျော်ကို မှတ်တမ်းတင်နိုင်ခဲ့ပြီးဖြစ်သည်။

လေ့လာဆန်းစစ်မှုကို ပြည်တွင်းအနုပညာရှင်များ၊ ဓာတ်ပုံဆရာများနှင့် စာရေးဆရာများ၊ ယဉ်ကျေးမှု၊ ဘဏ္ဍာရေး၊ အိုးအိမ်နှင့်မြို့ရွာဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးဌာနတို့က ၂၀၁၂ ခုနှစ်ကတည်းက အတူတကွပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

ရိုးရာယဉ်ကျေးမှုကျေးရွာမှတ်တမ်းတွင် မနုဿဗေဒပညာရှင်၊ ယဉ်ကျေးမှုအမွေအနှစ်၊ ရှေးဟောင်းဓလေ့နှင့်သမိုင်းပညာရှင်များ၏ အမြင်များအပေါ်အခြေခံပြီး ကဏ္ဍရှစ်ခုခွဲထားကာ အချက်အလက် ၂၅ ချက်နှင့်ကိုက်ညီရမည်ဖြစ်သည်။

အဆိုပါကျေးရွာများ၏ ယဉ်ကျေးမှုအမွေအနှစ်အထောက်အထားများကို မှတ်တမ်းမှတ်ရာနှင့် တင်ပြနိုင်လျှင် တရားဝင်သတ်မှတ်ပေးသွားမည်ဖြစ်သည်ဟု ဖန်ကပြောသည်။

(ဆင်ဟွာ)

တရုတ်နိုင်ငံတောင်ပိုင်းတွင် လူတစ်သိန်းကျော်ကို ပြန်လည်နေရာချထားမည်

နန်နင်း မေ ၃

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဝေးလံခေါင်းပါးသောနေရာများ၌ နေထိုင်နေကြရသည့် ပြည်သူ ၁၀၈၃၀၀ တို့ကို ယခုနှစ်တွင် ပြန်လည်နေရာချထားမှုပြုလုပ်ပေးမည်ဟုဆင်းရဲမှုလျှော့ချရေးရုံးကဆိုသည်။ လူပေါင်း ၈၅၀၀၀ ကျော်သည် ကျေးလက်၌နေထိုင်ကြရပြီး ၂၃၀၀၀ မှာ သဘာဝဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာခြိမ်းခြောက်မှုကြောင့် ရွှေ့ပြောင်းလာသူများဖြစ်သည်။

လူနေရပ်ကွက်အသစ် ၁၅၀ ကျော်ကို တည်ဆောက်ပေးသွားမည်ဖြစ်ပြီး အခြေခံလိုအပ်ချက်ဖြစ်သည့် ရေမီးထောက်ပံ့မှုအပြင် ရုပ်မြင်သံကြားနှင့် အင်တာနက် တပ်ဆင်မှုတို့ကိုပါ ပြုလုပ်ပေးသွားမည်ဖြစ်သည်။

အလုပ်ခန့်အပ်ခြင်း၊ အိမ်ထောင်စုမှတ်ပုံတင်ခြင်းဖြင့် လူမှုအကျိုးစီးပွားဆိုင်ရာများအတွက် နောက်ထပ်မူဝါဒများ အသေးစိတ်ရေးဆွဲသွားမည်ဟု သိရသည်။

(ဆင်ဟွာ)

လက်ထပ်ပွဲသို့သွားသည့် ပါကစ္စတန်ခရီးသည်စီး ဗင်ကားပေါ် ဓာတ်ကြိုးပြတ်ကျ၊ လူ၁၀ ဦးထက်မနည်းသေဆုံး၊ အများအပြားဒဏ်ရာရရှိ

အစ္စလာမ္မာဘတ် မေ ၃

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဒါဒူခရိုင်တွင် မေ ၃ ရက် နံနက်ပိုင်းက လက်ထပ်မင်္ဂလာပွဲသို့ သွားနေကြသည့် ခရီးသည်များ၏ ဗင်ကားပေါ်တွင် လျှပ်စစ်ဓာတ်ဆွဲအားကြီးမားသည့် လျှပ်စစ်ဝိုင်ယာကြိုး ပြတ်ကျခဲ့ရာ ခရီးသည် ၁၀ဦးထက်မနည်း သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဒေသဆိုင်ရာ မီဒီယာများက သတင်းဖော်ပြသည်။

ယင်းကဲ့သို့ လျှပ်စစ်ဓာတ်ကြိုးပြတ်ကျမှုမှာ နိုင်ငံ၏တောင်ဘက် ဆင့်သ်ပြည်နယ် ဒါဒူခရိုင် ဒါဒူမြို့တွင် မေ ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀နာရီ မိနစ် ၄၀ခန့်က ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာရုပ်သံလိုင်းတစ်ခုဖြစ်သည့် ဆာမားတီဗွီက သတင်းဖော်ပြသည်။

အဆိုပါဗင်ကားမှာ လက်ထပ်မင်္ဂလာပွဲသို့ တက်ရောက်ရန်စီစဉ်ထားသည့် ဧည့်သည်များကို တင်ဆောင်ထားပြီး ဒါဒူမြို့မှအခြားမြို့တစ်မြို့သို့ သွားနေစဉ် လမ်းမပေါ်တွင် ယခုကဲ့သို့ မတော်တဆမှုနှင့်ရင်ဆိုင် ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း၊ သို့သော်လည်း သတို့သားနှင့် သတို့သမီးမှာမူ မတော်တဆမှုနှင့် ကြုံတွေ့စဉ်က အဆိုပါဗင်ကားပေါ်၌ မရှိသဖြင့် ယင်းမတော်တဆမှု တွင် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ခရီးသည်များတင်ဆောင်သော ဗင်ကားပေါ်တွင် လျှပ်စစ်ဓာတ်ကြိုးပြတ်ကျခဲ့ပြီးနောက် အဆိုပါဗင်ကားမှာ မီးလောင်ကျွမ်းခဲ့ပြီး ခရီးသည်များ သေကျေဒဏ်ရာရရှိမှုကိုပါ ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးဝါးကုသမှုခံယူရန်အတွက် နီးစပ်ရာဆေးရုံသို့ အမြန်ပို့ဆောင်ခဲ့ကြောင်း၊ ယင်းထိခိုက်ဒဏ်ရာ ရရှိသူများအနက် နှစ်ဦးမှာ အခြေအနေစိုးရိမ်ရကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

(ဆင်ဟွာ)

တရုတ်ရေယာဉ်သုံးစင်း ဂျပန်ရေပိုင်နက်သို့ကျူးကျော်

နာဟာ မေ ၃

တနင်္ဂနွေနေ့နံနက်ပိုင်းက အရှေ့တရုတ်ပင်လယ်ရှိ အငြင်းပွားဆန်ကာကူကျွန်းအနီးတစ်ဝိုက်ရှိ ဂျပန်ရေပိုင်နက်ထဲသို့ တရုတ်ကမ်းခြေစောင့်သင်္ဘောသုံးစင်းကျူးကျော်ဝင်ရောက်လာခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောခဲ့သည်။

ကြာသပတေးနေ့က ကျူးကျော်ဝင်ရောက်ခြင်းသည် ယခုနှစ်အတွင်း ၁၃ ကြိမ်မြောက် ကျူးကျော်မှုဖြစ်သည်။ ဂျပန်တို့ထိန်းချုပ်ထားသော Diaoyu နှင့် Tiaoyutai ကျွန်းတို့နှင့်ပတ်သက်ပြီး တရုတ်နှင့်ထိုင်ဝမ်နှစ်ဖက်စလုံးက မကျေမနပ်ဖြစ်နေကြသည်။

ကျူးကျော်ယာဉ် သုံးစင်းဖြစ်သည့် Haijing 2102,2305 နှင့် 2350 တို့သည် နံနက် ၁၀ နာရီဝန်းကျင်ခန့်တွင် ဂျပန်ရေပိုက်နက်အတွင်း နှစ်နာရီကြာ ခုတ်မောင်းခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ကပြောခဲ့သည်။

(ကျိုဒို)

ရုရှားဓာတ်ငွေ့ တရုတ်သို့ပို့လွှတ်မည်

မော်စကို မေ ၃

ရုရှားသမ္မတ ဗလာဒီမာပူတင်ကစနေနေ့တွင် တရုတ်နှင့်အတူ အရှေ့ဘက် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုက်သည်။

အဆိုပါ သဘောတူညီချက်သည် ရုရှားနှင့်တရုတ်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း၊ ရုရှားမှ တရုတ် သို့ ဖြတ်ကာ အာမာမြစ်ဖြတ် ဓာတ်ငွေ့ပိုက်လိုင်း အပါအဝင် အရှေ့ဘက် လမ်းကြောင်းပိုက်လိုင်းကို ရုရှားမှ တရုတ်သို့ ဓာတ်ငွေ့များ ပို့လွှတ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ သဘောတူညီချက်ကို ဧပြီ ၂၄ ရက်က အောက်လွှတ်တော် ဒူးမားနှင့် အထက်လွှတ်တော်တို့က လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစာချုပ်အရ နှစ် ၃၀ ကြာ ရုရှားမှ ဓာတ်ငွေ့များ ပို့လွှတ်မည်ဖြစ်သည်။ ၂၀၁၈ ခုနှစ်မှ စတင်ကာ ရုရှားမှ ဓာတ်ငွေ့များ နှစ်စဉ် ၃၈ ဘီလီယံ ကုဗမီတာ ထုတ်လွှတ်ပေးရမည်ဖြစ်သည်။

(ဆင်ဟွာ)

ပြင်သစ်ကင်းလှည့်သင်္ဘော ရွှေ့ပြောင်းအခြေချသူ ၂၁၇ ဦးကို ကယ်ဆယ်

ထရီပိုလီ မေ ၃

ပြင်သစ်ကင်းလှည့် သင်္ဘောတစ်စင်းသည် တနင်္ဂနွေနေ့က လစ်ဗျားကမ်းရိုးတန်း၌ လှေငယ်သုံးစင်းအတွင်းမှ ရွှေ့ပြောင်းအခြေချသူ ၂၁၇ ဦးကို ကယ်ဆယ်ခဲ့သည်ဟု ရေတပ်ရဲအရာရှိက ပြောခဲ့သည်။ ဒုက္ခရောက်နေသူ ဒါဇင်ပေါင်းများစွာကို ကယ်ဆယ်ခဲ့ပြီး လူမှောင်ခိုကူးသူဟု ယူဆရသူ နှစ်ဦးကိုလည်း ဖမ်းဆီးထားကြောင်း ဖော်ပြထားသည်။

ကယ်ဆယ်ထားသော ရွှေ့ပြောင်းနေထိုင်သူများနှင့် သံသယဖြစ်ဖွယ် လူမှောင်ခိုသမားနှစ်ဦးကို အီတလီ အာဏာပိုင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်ဟု ပြင်သစ်အခြေစိုက် ရေတပ်အရာရှိကပြောခဲ့သည်။

စစ်ဘေးဒဏ်နှင့် ဆင်းရဲနွမ်းပါးမှုများမှ ထွက်ပြေးလာသော အာရှနှင့် အာဖရိကမှ ရွှေ့ပြောင်းအခြေချသူ ထောင်ပေါင်းများစွာတို့သည် ဥရောပသမဂ္ဂသို့ ပင်လယ်ရေကြောင်းလမ်းကို အသုံးပြု၍ ထွက်ပြေးနေကြသည်။

ယခုနှစ်အတွင်း လူပေါင်းလေးသောင်းနီးပါး ထွက်ပြေးနေခဲ့ကြောင်း သိရသည်။ လွန်ခဲ့သောလအတွင်း ရွှေ့ပြောင်းနေထိုင်သူများကို တင်ဆောင်လာသောလှေနစ်မြုပ်ခဲ့သည့်အတွက် လူပေါင်း ၇၀၀ ကျော် အသက်သေဆုံးခဲ့ရသောကြောင့် ဥရောပနိုင်ငံများသည် ဖိအားပေးပြစ်တင်မှုများစွာ ခံခဲ့ရသည်။

(ရိုက်တာ)

● *ကျောဖုံးမှ*

အမေရိကန် ပြည်ထောင်စု လက်စ်ဗီးဂက်စ်မြို့ရှိ အမ်ဂျီအမ် ဂရင်းဟိုတယ်၌ ဒေသစံတော်ချိန် စနေနေ့ ည ၈ နာရီ ၄၅ မိနစ်က ကျင်းပသည့် အဆိုပါ လက်ဝှေ့ပြိုင်ပွဲကြီးသို့ ပရိသတ် ၁၆၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့ရာ ဟောလိဝုဒ်မှ သရုပ်ဆောင်အကျော် အမော်များ၊ ဂျပ်စ်တင်ဘီဘာ၊ ဘီယွန်းစေး၊ ဂျေးဇီး၊ ဖစ်ဖ်တီးဆင့်န် တို့ကဲ့သို့ ကမ္ဘာကျော်အဆိုတော်များ၊ အားကစားလောကမှ ကြယ်ပွင့်များ အပါအဝင် ကမ္ဘာသိပုဂ္ဂိုလ်များ၊ အပြိုင်အဆိုင် တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသကဲ့သို့ မြန်မာနိုင်ငံ တွင်လည်း လက်ဖက်ရည်ဆိုင်ထိုင် ညဥ့်နက် ဘောလုံးပွဲကြည့်ပရိသတ် များမှာ ယနေ့နံနက်ပိုင်းက ရုပ်မြင် သံကြားမှ တိုက်ရိုက်ထုတ်လွှင့် သည့် အဆိုပါလက်ဝှေ့ပွဲဆီသို့ အာရုံလှည့်ခဲ့ကြသည်။

မြန်မာပရိသတ် အများစုက အာဆီယံနိုင်ငံသားတစ်ဦးဖြစ်သည့် မန်နီပက်ကီယောင်းကို အားပေးခဲ့ ကြသော်လည်း "နိုင်ခြေ"အားဖြင့် ဖလွိုက်မေဝယ်သာက ပို၍မြင့် ကြောင်း ပွဲမစမီကပင် ခန့်မှန်းခဲ့ ကြသည်ကို တွေ့ရှိရသည်။

ဖိလစ်ပိုင် လက်ဝှေ့ကျော် ပက်ကီယောင်းက ဘယ်လက် အားပြုပုံစံဖြင့် ပြိုင်ဘက်မေဝယ် သာကို လက်သီးများ အကြိမ်ကြိမ် ပစ်သွင်းခဲ့သော်လည်း အများစုမှာ အလဟဿဖြစ်ခဲ့ရသည်။ ပွဲစဉ် တစ်လျှောက် မှတ်တမ်းအရ ပက်ကီယောင်းထိုးခဲ့သည့် လက်သီး ချက်စုစုပေါင်း ၄၂၉ ချက် ရှိခဲ့သည့် အနက် ၈၁ ချက်သာ ပြိုင်ဘက်ကို

ပက်ကီယောင်း ရှုံးနိမ့်မှုကြောင့် စိတ်ပျက်လက်ပျက်ဖြစ်သွားကြသော ဖိလစ်ပိုင်နိုင်ငံ မာရီကီနာမြို့မှ ပရိသတ်များ။ (ရိုက်တာ)

ထိမှန်ခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ် နောက်ပိုင်း အနည်းဆုံးလက်သီး ချက်များဖြစ်ခဲ့ရာ ပက်ကီယောင်း အနေဖြင့် ပုံမှန်လက်ရည်ကို မရခဲ့ ကြောင်း၊ တစ်ဖက်တွင်လည်း မေဝယ် သာကပြိုင်ပွဲ၏ ၁၂ ချီအနက် ရှေ့ပိုင်း နှစ်ချီနှင့် နောက်ပိုင်းခြောက်ချီကို ထိန်းချုပ်သွားနိုင်ခဲ့ကာပက်ကီယောင်း က တတိယ၊ စတုတ္ထ၊ ပဥ္စမနှင့် ဆဋ္ဌမ အချီတို့တွင်သာ ပြိုင်ဘက်ကို စိုးမိုး ထားနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အနိုင်ပွဲကြောင့် မေဝယ် သာသည်သူ၏ WBA (Super)၊ WBC ဝယ်တာဝိတ်တန်း ချန်ပီယံ ခါးပတ်များအား ကာကွယ်နိုင်ခဲ့ကာ ပက်ကီယောင်း၏ WBO ဝယ်တာ ဝိတ်တန်း ချန်ပီယံခါးပတ်ကိုလည်း ပိုင်ဆိုင်သွားခဲ့သည်။ အသက် ၃၈ နှစ်အရွယ်ရှိ မေဝယ်သာသည် ပက်ကီ ယောင်းအား အနိုင်ယူနိုင်ခဲ့ခြင်း ကြောင့် ပရော်ဖက်ရှင်နယ်လက်ဝှေ့ သမား သက်တမ်းအတွင်း ထိုးသတ်ခဲ့ သည့် ပွဲတိုင်းအနိုင်ရရှိသည့် မှတ်တမ်း ကောင်းကို ဆက်လက်ထိန်းသိမ်းနိုင် ခဲ့သည်။ မေဝယ်သာသည် ပရော်ဖက် ရှင်နယ် လက်ဝှေ့သမားသက်တမ်း အတွင်း ၄၈ ပွဲ ထိုးသတ်ခဲ့ရာတွင် ပွဲတိုင်းအနိုင်ရရှိခဲ့ကာ ၂၆ ပွဲ၌ အလဲ ထိုး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အသက်၃၆ နှစ်အရွယ်ရှိ ပက်ကီ ယောင်းသည် သူ၏အဓိကပြိုင်ဘက် အဖြစ် နာမည်ကြီးနေသူ မေဝယ်သာ အား အကောင်းဆုံး ရင်ဆိုင်ထိုးသတ် နိုင်ခဲ့သော်လည်း မေဝယ်သာ၏ နည်းစနစ်ကြွယ်ဝသည့် ထိုးသတ်မှု ပုံစံကြောင့် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။

၁၂ ချီ ထိုးသတ်ပြီးချိန်တွင် မေဝယ်သာက ပက်ကီယောင်းအား ၁၁၈-၁၁၀၊ ၁၁၆-၁၁၂၊ ၁၁၆-၁၁၂ မှတ်ဖြင့် အနိုင်ရရှိသွားခဲ့ခြင်းဖြစ် သည်။

အဆိုပါ လက်ဝှေ့ပွဲသည် အမေရိကန်ဒေါ်လာ သန်း ၃၀၀ တန်ကြေးရှိသည့်ပွဲဖြစ်ပြီး သဘော တူညီမှုအရ မေဝယ်သာက ၆၀ ရာခိုင် နှုန်း၊ ပက်ကီယောင်းက ၄၀ ရာခိုင်နှုန်း ရရှိမည်ဖြစ်သည်။ ထို့ကြောင့် မေဝယ်သာက အမေရိကန်ဒေါ်လာ သန်း ၁၈၀ ရရှိသွားခဲ့ကာ ပက်ကီ ယောင်းက အမေရိကန်ဒေါ်လာ သန်း ၁၂၀ ရရှိခဲ့သည်။

ဖိလစ်ပိုင်လက်ဝှေ့သမား မန်နီ ပက်ကီယောင်းအား အမှတ်ဖြင့် အနိုင်ရရှိခဲ့သော လက်ဝှေ့ပွဲအပြီး တွင် ဖလွိုက်မေဝယ်သာက သူ၏ ဖခင်နှင့် ပြိုင်ဘက် ပက်ကီယောင်းတို့ ကို ချီးကျူးစကား ပြောဆိုခဲ့သည်။

ပွဲအပြီးတွင် အမေရိကန်လက်ဝှေ့ သမား မေဝယ်သာက လာမည့်ဆောင်း ဦးရာသီတွင် သူ၏ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝ နောက်ဆုံးပွဲကို ထိုးသတ်ပြီးနောက် အနားယူတော့ မည်ဖြစ်ကြောင်း အတည်ပြုပြောဆို ခဲ့သည်။

"ဒီအနိုင်ပွဲအတွက် ပထမဦးဆုံး ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ဒီပွဲကို လက်စ်ဗီးဂက်စ်အထိ လာ ရောက်အားပေးခဲ့တဲ့ ပရိသတ်တွေ ကိုရော၊ ကမ္ဘာအနှံ့က ပရိသတ်တွေပါ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့ ဖခင်ကိုလည်း ကျေးဇူးတင်ရမှာပါ။ သူမရှိဘဲ ကျွန်တော်ဒီနေရာမှာ ရှိမနေ နိုင်ပါဘူး။ ပက်ကီယောင်းဟာ ခက်ခဲ တဲ့ပြိုင်ဘက်ဖြစ်သလို လက်ဝှေ့ အားကစားရဲ့ အထွတ်အထိပ်ကစား သမားတွေအနက်က တစ်ဦးဖြစ်ပါ တယ်။ သူဟာဒီပွဲမှာ ကျွန်တော့်ကို အနိုင်ယူဖို့ ဒီကိုလာခဲ့တယ်ဆိုတာကို သိပါတယ်။ အခွင့်အရေးအချို့ကို လည်းသူရရှိခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့ ထိုးသတ်ချက်တွေက ကျွန်တော့်ကို ထိထိရောက်ရောက် မဖြစ်ခဲ့ပါဘူး။ ဒီပွဲမှာ ကျွန်တော်တို့ လုပ်ဆောင်ချင် တဲ့အရာတွေကို လုပ်နိုင်ခဲ့ပါတယ်" ဟု မေဝယ်သာက ပြောသည်။

ဆက်လက်၍ မေဝယ်သာက "လက်ဝှေ့သမားဘဝ အဆုံးမသတ်မီ မှာ နောက်ထပ်တစ်ပွဲ ထိုးသတ်သွား ဦးမှာပါ။ ကျွန်တော့်ရဲ့ နောက်ဆုံးပွဲကို လာမယ့် စက်တင်ဘာလအတွင်းမှာ ထိုးသတ်ဖြစ်ပါလိမ့်မယ်။ ကျွန်တော့် အတွက် အနားယူဖို့အချိန် ကျရောက် နေပါပြီ"ဟု ပြောသည်။

လက်စ်ဗီးဂက်စ်၌ ထိုးသတ်ခဲ့ သည့်ပွဲတွင် မိမိအနေဖြင့် အမှတ် ဖြင့် ပြိုင်ဘက်မေဝယ်သာကို အရေးနိမ့်ခဲ့ရသော်လည်း အနိုင်ရ လောက်သည့် စွမ်းဆောင်မှုမျိုး လုပ်ဆောင်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင် လက်ဝှေ့သမား မန်နီပက်ကီ ယောင်းက ထုတ်ဖော်ပြောဆိုခဲ့ သည်။

"တကယ့်ကို ကောင်းမွန်တဲ့ ပွဲတစ်ပွဲပါ။ ဒီပွဲမှာ ကျွန်တော် အနိုင်ရလိမ့်မယ်လို့ ထင်ခဲ့ပါတယ်။ ဒါပေမယ့် အဆုံးသတ်မှာတော့ ကျွန်တော် ဘာမှမတတ်နိုင်ခဲ့ပါ ဘူး။ မေဝယ်သာကို အကြိမ်ပေါင်း များစွာ ကျွန်တော်ထိုးနှက်နိုင် ခဲ့တာမို့ ဒီပွဲမှာ ကျွန်တော်အနိုင်ရ ခဲ့သင့်ပါတယ်။ မေဝယ်သာရဲ့ ပါဝါ အရှိန်ကိုလည်း ကျွန်တော်ထိန်း ချုပ်နိုင်ခဲ့တယ်။ မေဝယ်သာရဲ့ ထိုးသတ်ချက်ထက် ကျွန်တော့်ရဲ့ ထိုးသတ်ချက် ပိုမိုထိရောက်ခဲ့ တယ်လို့ ထင်ပါတယ်။ မေဝယ်သာ ရဲ့ထိုးသတ်ချက်ကြောင့် ကျွန်တော် နာကျင်မှု လုံးဝမခံစားရပါဘူး။ ဒိုင်လူကြီးတွေရဲ့ အမှတ်ပေးမှု ကို အလွန်အံ့အားသင့်မိတယ်"ဟု ပက်ကီယောင်းက ပြောသွားသည်။

၁၉၉၅ ခုနှစ်တွင် ပရော် ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့သူ ပက်ကီယောင်း သည် စုစုပေါင်း ၆၅ ပွဲ ထိုးသတ် ခဲ့ရာတွင် ၅၇ ပွဲနိုင်၊ ၆ ပွဲ ရှုံးနိမ့် ပြီး နှစ်ပွဲသရေကျခဲ့ကာ ၃၈ ပွဲ၌ အလဲထိုးနိုင်ခဲ့ပြီး ၁၉ ပွဲတွင်အမှတ် ဖြင့် အနိုင်ရရှိခဲ့သူဖြစ်သည်။

■ ရေးသူ-အောင်က

မြန်မာပရိသတ်များက အနိုင်ရသူ မေဝယ်သာထက် ပက်ကီယောင်းကို ပိုမိုအားပေးကြ

သတင်း-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

ရန်ကုန် မေ ၃

မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲက စတင်ထိုးသတ်ခြင်းဖြင့် ၁၂ ချီ ပွဲစဉ်အပြည့် ယှဉ်ပြိုင်ကာ ဒိုင်သုံးဦးပေါင်းခြင်းအမှတ် အဆုံး အဖြတ်ရယူကာ ကမ္ဘာ့လက်ဝှေ့ ချန်ပီယံရွှေခါးပတ်ဆုကို မေဝယ်သာ ရရှိသွားသော်လည်း မြန်မာပရိသတ် များက ပွဲစဉ်တစ်လျှောက် အလဲထိုး ရန် ကြိုးပမ်းခဲ့သူ ဖိလစ်ပိုင်နိုင်ငံသား ပက်ကီယောင်းကိုသာ ပိုမိုအားပေး ခဲ့ကြသည်။

"မြန်မာ့အကြိုက်က မြန်မြန် ဆန်ဆန်ပွဲသိမ်းတာကို သဘောကျ တယ်။ ပွဲစဉ်တစ်လျှောက်မှာ မေဝယ် သာက ခံစစ်နဲ့အမှတ်ကို ယူသွားတာ။ သူ့လုပ်ပုံက ပရိသတ်တွေအတွက် အားမလိုအားမရ ဖြစ်စေတယ်။ ဘယ်လိုအမှတ်နဲ့ တွက်တယ်ပြောပြော ကျွန်တော့်အမြင်မှာ ပက်ကီယောင်း က ပိုတော်တယ်။ ရေကုန်ရေခန်း ထိုးကြစတမ်းဆိုရင် ပက်ကီယောင်း က အသာလေးနိုင်ပါတယ်"ဟု မြန်မာ့ လက်ဝှေ့ကစားသမား ကိုရန်နိုင်သိမ်း က ပြောသည်။

ချန်ပီယံလိဂ်အပါအဝင်ဘောလုံး ပွဲစဉ်များကိုသာ အများဆုံးအားပေး သည့် မြန်မာပရိသတ်ကြီးမှာ ယနေ့ နံနက် ၇ နာရီခွဲကပင် စကိုင်းနက် ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပြသသည့် ကမ္ဘာကျော်လက်ဝှေ့ပွဲကို ကြည့်ရှုရန် စိုင်းပြင်းနေကြပြီး အစပိုင်းအချီများ တွင် မေဝယ်သာကို ပက်ကီယောင်း က အမိအရ ထိုးသတ်ချိန်များတွင် တစ်ခဲနက် အားပေးခဲ့ကြသော်လည်း နောက်ပိုင်းအချီများတွင် မေဝယ်သာ က အမှတ်ရရှိရေးကိုသာ ကြိုးပမ်းပြီး ပက်ကီယောင်းက အပြင်းတိုက်စစ် ဝင်ရောက်သော်လည်း ထိချက် အားနည်းခဲ့ခြင်းကို အားမလိုအားမရ ဖြစ်ခဲ့သည်။

ကမ္ဘာကျော် လက်ဝှေ့ပြိုင်ပွဲ မကျင်းပမီ ယမန်နေ့အတွင်းမှာပင် ပက်ကီယောင်းမှာ မြန်မာပရိသတ် များအကြား ရေပန်းစားခဲ့ပြီး အနိုင် အရှုံးခန့်မှန်းမှုများတွင်မူ ပက်ကီ ယောင်းထက် မေဝယ်သာကိုသာ ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

"မေဝယ်သာက ဉာဏ်နီဉာဏ် နက်လည်းများတော့ အချိပြည့် ကစား နိုင်တာချင်းတူတာတောင် သူပဲအနိုင် ရမယ့်ဘက်ကနေခဲ့တယ်။ အားပေး မှုအနေနဲ့ကတော့ အာရှသား ပက်ကီယောင်းပဲပေါ့။ ကံကောင်းလို့

ကျွန်တော်ရွေးချယ်တာ မှန်သွား တယ်။ အားကစားပြိုင်ပွဲဆိုတာက လည်း ကြိုတင်ခန့်မှန်းချက်လေးတွေ နဲ့ ရင်ခုန်မှုကောင်းတာဆိုတော့ ဒီပွဲ မှာ ရန်ကုန်နေရာအနှံ့ ရင်ခုန်စောင့် ကြည့်သူတွေများခဲ့တယ်"ဟု အား ကစားပရိသတ် ကိုမျိုးသူကပြော သည်။

(မြန်မာ့အလင်း)

လင်မယားချင်းစကားများပြီး အမျိုးသားက အမျိုးသမီးကို သံပါသောသစ်သားတုတ်ဖြင့် ရိုက်လိုက်ရာ အမျိုးသမီးသေဆုံး

နေပြည်တော် မေ ၃

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် ထမင်းချက် မထားသောကြောင့် လင်မယားချင်း စကားများပြီး အမျိုးသားက အမျိုးသမီးကို သံပါသော သစ်သား တုတ်ဖြင့်ရိုက်လိုက်ရာ အမျိုးသမီး သေဆုံးသွားသော ဖြစ်ရပ် မေ ၃ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာမေ ၃ ရက် နံနက် ၁၀ နာရီခွဲက ကိုမျိုးကျော်ကျော် (၃၁ နှစ်) (အလုပ်သမားကြီးကြပ်) မေတ္တာလမ်း ပေါင်းလောင်း(၂) ရွာကောက် ရပ်ကွက် ပျဉ်းမနားမြို့နေသူသည် ပေါင်းလောင်း(၂)၁၇လမ်းရှိ ဦးချမ်း မြွှေအောင်၏ နေအိမ်ခြံဝင်းကို အုတ်တံတိုင်းခတ်နေစဉ် ခြံဝင်း အတွင်း ပန်းရန်လုပ်နေသော မင်းဇော်ဦး၊ ကိုအောင်ကိုလတ်၊ မနွယ်နွယ်လှိုင်တို့ လုပ်ငန်းလုပ်ကိုင် သောနေရာသို့ မနွယ်နွယ်လှိုင်၏ ခင်ပွန်းဖြစ်သူ ဟိန်းမင်းထက် (၂၇ နှစ်)ရောက်ရှိလာပြီး မနွယ်နွယ်လှိုင် ကို နေအိမ်တွင် ထမင်းချက်ထား ခဲ့ခြင်းမရှိမှုအပေါ် ပြောဆိုရာမှ စကားများရန်ဖြစ်စဉ် မနွယ်နွယ် လှိုင်အား ခင်ပွန်းဖြစ်သူ ဟိန်းမင်း ထက်က သံရိုက်ထားပြီး သံဦးချွန်ထွက် နေသော (၂×၁)လက်မရှိ သစ်သား ချောင်းနှင့် ရိုက်နှက်သဖြင့် မနွယ်နွယ် လှိုင်တွင် ဒဏ်ရာများရရှိပြီး ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံသို့ တင်ပို့စဉ် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် သေဆုံးသွားသဖြင့် အရေးယူပေး ပါရန် ကိုမျိုးကျော်ကျော်က ပျဉ်းမနားမြို့မရဲစခန်းသို့ တိုင်တန်း ခဲ့သည်။

စစ်ဆေးဆောင်ရွက်

ဖြစ်စဉ်နှင့်ပတ်သက်၍ ပျဉ်းမနား မြို့မရဲစခန်းက အမှုဖွင့်ပြီး စခန်းမှူး ဒုရဲမှူးတင်ဌေးက ပြစ်မှုကျူးလွန်သူ အား အမှုဖြင့်ဖမ်းဆီးထားပြီး စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ယဉ်ကျေးလိမ္မာသင်တန်းအောင်ပွဲ ဆုပေးပွဲကျင်းပ

နေပြည်တော် မေ ၃

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ သိမ်ကျောင်းတိုက်၌ တတိယအကြိမ်မြောက် အထူးတရားပွဲနှင့် လူငယ်အားမာန် ယဉ်ကျေးလိမ္မာသင်တန်းအောင်ပွဲ ဆုပေးပွဲအခမ်းအနားကို မေ ၂ ရက် နံနက် ၇ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပေးပြီး သင်တန်း ဦးဆောင်ဆရာတော် ဦးဝါယမထံမှ တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူ ၂၃၆ ဦးတို့က ငါးပါးသီလခံယူဆောက်တည်ကြကာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူငယ်အားမာန်အဖွဲ့ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးတို့က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အလှူရှင်များနှင့် စာအောင်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုများကို တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်သည်။ အဆိုပါသင်တန်းသည် ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်အတည်ပြုထုတ်ပြန်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် မေ ၃

မြန်မာသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်အတည်ပြုခြင်း အခမ်းအနားတစ်ရပ်ကို မေ ၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်လ်ဟိုတယ် ပုသိမ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) MPC နှင့် နိုင်ငံတကာ မီဒီယာပံ့ပိုးမှု အစီအစဉ် (IMS) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ သတင်းစာဆရာများအပါအဝင် မြန်မာသတင်းစာဆရာ ၁၀၀ နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ CSO များမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးက အမှာစကားပြောကြားရာတွင် မြန်မာသတင်းမီဒီယာသမားများရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ကျေကျေညက်ညက် သိထားမှ ပြည်သူလူထုကို ရွေးကောက်ပွဲသတင်းများ တင်ပြအစီရင်ခံရာမှာ မှန်ကန်သေချာမှုရှိမှုဖြစ်သည်ဟု ယုံကြည်ကြောင်း ထည့်သွင်းပြောကြားသည်။

မြန်မာသတင်းမီဒီယာများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်ဖြစ်လာစေရန် ဆောင်ရွက်မှုအကျဉ်းချုပ်ကို ဦးဇော်သက်ထွေးက လည်းကောင်း၊ ရွေးကောက်ပွဲကာလ မီဒီယာသမားများ၏ အခန်းကဏ္ဍကို ဦးမြင့်ကျော်၊ ဦးသီဟစောနှင့် IMS မှ coordinator Mr . Glen Swan Son တို့က လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ စိန်ခေါ်ချက်များကို ဦးအောင်စိုးဦး၊ ဦးဇေယျာလှိုင်နှင့် မမြနန္ဒာတို့က ဆွေးနွေးပြီး စာနယ်ဇင်းကောင်စီ (ယာယီ) MPC မှ ဦးကျော်မင်းဆွေက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။ **မမ(လားရှိုး)**

ပိုင်ရှင်မဲ့တွေ့သည့် ခရီးဆောင်အိတ်များကို လေကြောင်းရဲတပ်ဖွဲ့က ပိုင်ရှင်ထံ ပေးအပ်

နေပြည်တော် မေ ၃

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဧပြီ ၂၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က ပြည်ပဆိုက်ရောက်ဆောင်ဂိတ်(၁)အနီး (Public Area) ၌ Baggage အပြာနုရောင်ခရီးဆောင်အိတ်တစ်လုံးနှင့် အနက်ရောင်တစ်လုံးတို့ကို MAI လေကြောင်းလိုင်းမှ ဝန်ထမ်းဖြစ်သူ ကိုဝေဖြိုးက ပိုင်ရှင်မဲ့တွေ့ရှိ၍ လေကြောင်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) သို့ လာရောက်အပ်နှံသဖြင့် စစ်ဆေးလက်ခံခဲ့သည်။

လေကြောင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ပိုင်ရှင်ကို လိုက်လံစုံစမ်းရှာဖွေနေစဉ် ညနေ ၆ နာရီ မိနစ် ၅၀ ခန့်တွင် လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်) သို့ ဂျပန်နိုင်ငံသူ Mrs.Emiko ရောက်ရှိလာပြီး ရန်ကုန်လေဆိပ်၌ ခရီးဆောင်အိတ်နှစ်လုံးကျန်ခဲ့ကြောင်းနှင့် အိတ်အတွင်းပါပစ္စည်းများကို မှန်ကန်စွာ ပြောဆိုနိုင်သဖြင့် လေကြောင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **ကိုရဲ**

နိုင်ငံကြီးသားပီသစွာ
အခွန်ဆောင်တာ ပြည့်အကျိုးပါ

စာသင်သံဃာများ လက်ခံပြီ

စာချတန်း၊ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်း စာသင်သံဃာများအား (၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက်)မှစ၍ လက်ခံနေပါပြီ။

တိုက်အုပ်ဆရာတော်
မင်္ဂလာအေးကျောင်းတိုက်၊ (၃၈)ရပ်ကွက်၊
တပင်ရွှေထီးလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)

ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးပြည့်ဖြိုးသန့် ၁၂/တမန(နိုင်)၁၀၁၀၇၀၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၂၈၂၅၇၀

(၁၃၆)ကြိမ်မြောက်အမှားပြင်ဆင်ချက်
ကိုးသုံးလုံး၊ မျိုးဆက်သစ်၊ ပန်ဆုအောင်၊ ရတနာသိန်းတိုက်အောင်၊ မြတ်ခွန်း၊ ဗမ္ဗူလင်း ထီပေါက်စဉ်တို့တွင် ကျပ်ငါးသောင်းဆု ၌ ၉၇၀၀၀၀ မှ လ ၉၇၉၉၉၉ ကို ၌ ၉၇၀၀၀၀ မှ ၌ ၉၇၉၉၉၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

အောင်ပြည့်စုံ
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ
စျေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 4 May
1 - 4:00 (Sat + Sun) 10 May
6 - 7:30 (Mon ~ Thurs) 13 May
9 - 12:00 (Sat + Sun) 17 May
10-11:30 (Mon ~ Thurs) 18 May
7:30 - 9 (Mon ~ Thurs) 27 May

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 11 May
7:30 - 9 (Mon ~ Thurs) 13 May
3:30 - 5 (Mon ~ Thurs) 13 May
12 - 3:00 (Sat + Sun) 17 May
7:30-10:30 (Sat + Sun) 24 May

BASIC WRITING
3:30 - 5 (Mon ~ Thurs) 26 May

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 18 May
3:30 - 5 (Mon ~ Thurs) 27 May
1 - 4:00 (Sat + Sun) 6 Jun

INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon ~ Thurs) 20 May
7:30 - 9 (Mon ~ Thurs) 27 May

VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 17 May
1 - 2:30 (Mon ~ Thurs) 25 May

BASIC GRAMMAR
10-11:30 (Mon ~ Thurs) 6 May
7:30 - 9 (Mon ~ Thurs) 25 May

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 20 May
12 - 3:00 (Sat + Sun) 30 May
7:30-10:30 (Sat + Sun) 31 May

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 12 May
10-11:30 (Mon ~ Thurs) 13 May
12 - 3:00 (Sat + Sun) 16 May
3:30 - 5 (Mon ~ Thurs) 18 May

BASIC GRAMMAR
7:30-10:30 (Sat + Sun) 23 May

PRE-INTERMEDIATE (4-SKILL ENGLISH)
6 - 7:30 (Mon ~ Thurs) 18 May
10-11:30 (Mon ~ Thurs) 27 May

INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 17 May

IELTS (Four Skills)
7:30-9:30 (Mon ~ Thurs) 11 May

IELTS Exam Practice
3:30 - 5 (Mon ~ Thurs) 25 May

IELTS (Speaking)
1 - 2:30 (Mon ~ Thurs) 27 Apr

IELTS (Writing)
7:30 - 9 (Mon ~ Thurs) 11 May
8 - 11:00 (Sat + Sun) 31 May

ရခိုင်ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူအပ်ပါသည်။

၂။ **ဆောင်ရွက်လိုသည့်လုပ်ငန်းများ**

(က) Lot(1) ဝန်ကြီးအိမ်ရာ RC တစ်ထပ် (၁)လုံးဆောက်လုပ်ခြင်း စစ်တွေမြို့
(ခ) Lot(2) ဝန်ထမ်းအိမ်ရာ၄ခန်းတွဲ ၂ထပ် RC (၁)လုံးဆောက်လုပ်ခြင်း စစ်တွေမြို့
(ဂ) Lot(3) ဝန်ထမ်းအိမ်ရာ ၆ခန်းတွဲ ၂ထပ်(၁)RC (၁)လုံးဆောက်လုပ်ခြင်း စစ်တွေမြို့
(ဃ) Lot(4) ဝန်ထမ်းအိမ်ရာ ၆ခန်းတွဲ ၂ထပ်(၂)RC (၁)လုံးဆောက်လုပ်ခြင်း စစ်တွေမြို့
(င) Lot (5) ဝန်ထမ်းအိမ်ရာ ၆ခန်းတွဲ ၂ထပ် RC (၁)လုံးဆောက်လုပ်ခြင်း မောင်တောမြို့
(စ) Lot(6) ဝန်ထမ်းအိမ်ရာ ၂ခန်းတွဲ ၂ထပ် RC (၁)လုံးဆောက်လုပ်ခြင်း ဘူးသီးတောင်မြို့
(ဆ) Lot(7) ဝန်ထမ်းအိမ်ရာ ၄ခန်းတွဲ ၂ထပ် RC (၁)လုံးဆောက်လုပ်ခြင်း ပေါက်တောမြို့
(ဇ) Lot (8) ဝန်ထမ်းအိမ်ရာ ၂ခန်းတွဲ ၂ထပ် RC (၁)လုံးဆောက်လုပ်ခြင်း မြေပုံမြို့
(ဈ) Lot(9) ဝန်ထမ်းအိမ်ရာ ၄ခန်းတွဲ ၂ထပ် RC (၁)လုံးဆောက်လုပ်ခြင်း မြေပုံမြို့
(ည) Lot(10) ဝန်ထမ်းအိမ်ရာ ၆ခန်းတွဲ ၂ထပ် RC (၁)လုံးဆောက်လုပ်ခြင်း မာန်အောင်မြို့
(ဋ) Lot(11) ဝန်ထမ်းအိမ်ရာ ၄ခန်းတွဲ ၂ထပ် RC (၁)လုံးဆောက်လုပ်ခြင်း တောင်ကုတ်မြို့
(ဌ) Lot (12) ဝန်ထမ်းအိမ်ရာ ၆ခန်းတွဲ ၂ထပ် RC (၁)လုံးဆောက်လုပ်ခြင်း တောင်ကုတ်မြို့
(ဍ) Lot (13) ဝန်ထမ်းအိမ်ရာ ၆ခန်းတွဲ ၂ထပ်(၁)RC (၁)လုံးဆောက်လုပ်ခြင်း သံတွဲမြို့
(ဎ) Lot (14) ဝန်ထမ်းအိမ်ရာ ၆ခန်းတွဲ ၂ထပ်(၂) RC (၁)လုံးဆောက်လုပ်ခြင်း သံတွဲမြို့
(ဏ) Lot(15) ပြည်နယ်အခွန်ဦးစီးမှူးနေအိမ် အကြီးစားပြင်ဆင်ခြင်း (အမိုး၊ မျက်နှာကြက်၊ လုံခြုံရေးသံဆန်ခါ၊ မိလ္လာ၊ ရေ+မီး) စစ်တွေမြို့
(တ) Lot (16) ကျောက်ဖြူမြို့ မင်းပြင်အိမ်ရာ အုတ်တံတိုင်းခြံစည်းရိုး ၁၆၁၄' ကာရံခြင်းနှင့် ၁၂' သံပန်းတံခါး (၅)ခုပြုလုပ်ခြင်း ကျောက်ဖြူမြို့
(ထ) Lot (17) ရုံးသုံးမော်တော်ယာဉ်(၁)စီး (SURF)

၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၅-၅-၂၀၁၅ရက်
၄။ **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၁၄-၅-၂၀၁၅ရက်
၅။ **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်၊ အချိန်နှင့်နေရာ** - ၁၅-၅-၂၀၁၅ရက် (၁၂း၀၀မှ ၁၅း၀၀)အတွင်း ပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊
၆။ **တင်ဒါရွေးချယ်စိစစ်မည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်
၇။ တင်ဒါလျှောက်လွှာများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး ပြည်ထောင်စုလမ်း၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့တွင် ၅-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၃-၂၂၇၅၂၊ ၀၄၃-၂၂၉၃၁၊ ၀၉-၂၅၄၄၃၂၈၅၄၊ ၀၉-၂၅၀၆၀၅၁၁၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၅ ဒုတိယပွဲစဉ်(ပဲခူး)တွင် ကျင်းပမည်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်းအားပေးကူညီမှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA) တို့က ကြီးမှူး၍ မြဝတီဘဏ်မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ၂၀၁၅ခုနှစ် မေ ၇ရက်မှ ၁၀ ရက်အထိ ပဲခူးမြို့ရှိ ဟံသာဝတီ ဂေါက်ကလပ်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး R&A(Rules Limited St.Andrew) ဂေါက် စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများသည် ပြိုင်ပွဲတွင် အသုံးပြုခွင့် (Confirming) ရရှိထားသော ဂေါက်တုတ်များဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် ၂၀၁၅ ခုနှစ် မေ ၅ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ဖုန်း ၀၉-၂၀၃၇၆၇၁၊ ၀၉-၂၅၀၁၆၈၂၈၅၊ ၀၉-၇၃၁၃၀၄၇၄ နှင့် ပြိုင်ပွဲကျင်းပမည့် ဟံသာဝတီ ဂေါက်ကွင်းတို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များအား ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက် Official Practice Round အား ၂၀၁၅ ခုနှစ် မေ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်နေ့ တစ်ဝက်ခွင့်ပြုထားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကြေးအနေဖြင့် Professional ကစားသမားများ ငွေကျပ် ၃၀၀၀၀၊ အပျော်တမ်းအဆင့် အမျိုးသားနှင့် အမျိုးသမီး ငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးနောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည် မဟုတ်ပါသဖြင့် မေ ၅ ရက်နေ့နောက်ဆုံးထားကာ ပေးသွင်းရမည်ဖြစ်သည်။

သွားလာရေး အဆင်ပြေစေရန်အတွက် ရန်ကုန်မြို့မှ ပဲခူးသို့ မေ ၄ ရက်တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး လိုက်ပါလိုသော ပြိုင်ပွဲဝင်များသည် ရန်ကုန်မြို့ ကျောက်ရေတွင်းရှိ မြန်မာ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း (HAN Event Management) သို့ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ဖိုးသော်ဇင်

ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရေး အဆင့်မြင့် SRT(1)ယာဉ်လိုင်းပြေးဆွဲပေး

ရန်ကုန် မေ ၃

ရန်ကုန်မြို့တွင်း အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေး SRT(1) ယာဉ်လိုင်း ဖွင့်ပွဲကို ယနေ့ နံနက် ၇ နာရီက ပိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက် မဟာဗန္ဓုလ တံတားအနီး စန်းရောင်နီ ကုန်းလမ်းပို့ဆောင်ရေး ကုမ္ပဏီလီမိတက်ရှိ ယာဉ်ရပ်ဝင်း၌ ကျင်းပသည်။

အခမ်းအနား၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေက အမှာစကားပြောကြားရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူဗဟိုပြုသွားလာပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တွင်း ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းများ အဆင့်အတန်း မြင့်မားလာစေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် စန်းရောင်နီ ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သော စန်းရောင်နီ ကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍကို အစိုးရပိုင်မှ အများပိုင် သယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍသို့အဆင့်ဆင့်ကူးပြောင်းဆောင်ရွက်ရာ၌ ယခုကဲ့သို့ ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကူးပြောင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ သက်သာချောင်ချိစွာ သွားလာနိုင်ရေး၊ မော်တော်ယာဉ်များကို ဗဟိုမှစောင့်ကြည့်ထိန်းချုပ်စနစ်၊ အဆင့်မြင့်လက်မှတ်စနစ်တို့ဖြင့် သွားလာပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း။ ယခု ဖွင့်လှစ်သော စန်းရောင်နီကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီ လီမိတက်ယာဉ်လိုင်းအနေဖြင့် ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းတွင် စံနမူနာပြ ယာဉ်လိုင်းတစ်လိုင်းဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြ စေလိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ ယာဉ်လိုင်းသည် ခရီးသည်ပို့ဆောင်ရေးအတွက် ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော Hyumdai Aero City Bus ယာဉ်များကို အသုံးပြုသွားမည်ဖြစ်ကာ ယာဉ် ၇၅ စီးမှာယူထားသည့်အနက် ၂၅စီး ရောက်ရှိသည်နှင့် ချက်ချင်းစတင်အကောင်အထည်ဖော် ပြေးဆွဲခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင်း ခရီးလမ်းကြောင်းအနေဖြင့် နေ့စဉ် ကပရ ခပ(၈)မှ စတင်ထွက်ခွာမည်ဖြစ်ပြီး၊ လင်းစဒေါင်း၊ ဗိုလ်တထောင်ဘုရား၊ ပန်းဆိုးတန်း၊ ဆူးလေ၊ ယောက်လမ်း၊ ရန်ကုန်ဘူတာကြီး၊ ကျောက်တိုင်၊ ဗဟန်း(၃)လမ်း၊ ရေခဲဆိုင်၊ ရွှေဂုံတိုင်၊ ဟာမစ်တစ်ကုက္ကိုင်း၊ လမ်းနီလေး၊ စက်မှု(၁)၊ ရိပ်သာ၊ ၁၀၆၊ ချော်တွင်းကုန်း၊ ကမ္ဘာအေးဘုရား၊ စာတိုက်၊ နဝဒေးတံတားလေးလမ်း၊၅-လမ်း၊ ၂-ဈေး၊ ဘုန်းကြီးလမ်း-မယ်လမုဘုရား၊ ကျောက်ရေတွင်း၊ ယ-ဈေး၊ သန္တာလမ်း၊ ဝဇီရာလမ်း၊ သုနန္ဒာလမ်း၊ကုန္ဒာလမ်း၊ ဥဇ္ဇနာလမ်း၊ ကန်သာယာလမ်းဆုံ၊ ဧရာလမ်း၊ ၆-ကွေ့၊ ခမွာရုံ၊ အောင်မင်္ဂလာ-အဝေးပြေး စသည့် ယာဉ်စီးမှတ်တိုင်များတွင် ရပ်တန့်၍ အသွား/အပြန် ပြေးဆွဲသွားမည်ဖြစ်သည်။

ယာဉ်စီးခအနေဖြင့် ကပရ-စပ(၈)မှ ဆူးလေ၊ ဆူးလေမှရွှေဂုံတိုင်၊ ရွှေဂုံတိုင်မှ ချော်တွင်းကုန်း၊ ချော်တွင်းကုန်းမှ ဘုန်းကြီးလမ်း၊ ဘုန်းကြီးလမ်းမှ အောင်မင်္ဂလာစသည့် ခရီးစဉ်တစ်ပိုင်းလျှင် ငွေကျပ် ၅၀နှုန်းဖြင့်လည်းကောင်း၊ ခရီးစဉ်အစအဆုံး ငွေကျပ် ၂၀၀ ဖြင့်လည်းကောင်းသတ်မှတ်ထားရှိသည်။ **(မြန်မာ့အလင်း)**

မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်မှ သာယာဝတီမြို့နယ်တွင် သာယာဝတီခရိုင်/မြို့နယ် တရားရုံးအဆောက်အအုံနှင့် ဇီးကုန်းမြို့နယ်တွင် ဇီးကုန်းမြို့နယ်တရားရုံးအဆောက်အအုံတို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ လုပ်ငန်းတစ်ခုချင်းစီအတွက် တင်ဒါပုံစံ သီးခြားတင်သွင်းရပါမည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၅-၅-၂၀၁၅ရက် (အင်္ဂါနေ့)
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၅-၆-၂၀၁၅ရက် (သောကြာနေ့)
(ဂ) **တင်ဒါပုံစံတင်ရမည့်နေရာ** - တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်
(ဃ) **တင်ဒါပိတ်မည့်ရက်** - ၈-၆-၂၀၁၅ရက် (တနင်္လာနေ့)
(င) **တင်ဒါဖွင့်မည့်ရက်** - ၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့)

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင်

(က) သာယာဝတီခရိုင်/မြို့နယ်တရားရုံးအဆောက်အအုံအတွက် ငွေကျပ် ၁၅၀၀၀/- (ကျပ်တစ်သောင်းခွဲတိတိ)ဖြင့်လည်းကောင်း၊
(ခ) ဇီးကုန်းမြို့နယ်တရားရုံးအဆောက်အအုံအတွက် ငွေကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ဖြင့်လည်းကောင်း၊

၅-၅-၂၀၁၅ရက်မှစတင်၍ (ရုံးချိန် အတွင်း) ပဲခူးတိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံးတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ပဲခူးတိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး၊ ပဲခူးမြို့သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၅၂-၂၂၀၀၄၈၀ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ် ၈၀-ဘီနေ
ဦးဘိုးမှတ်-ဒေါ်ကြည်၊ ဦးထွေးမောင်-ဒေါ်နုနုတို့၏မြေး
ဦးအောင်ကြည် (General Manager, KDK Group of Companies)-ဒေါ်တင်နုထွေးတို့၏ တစ်ဦးတည်းသောသား

မောင်သက်ထွေးအောင်

B.Sc(Hons:), Business Computing & Information Technology, University of Wales, UK,
B.A(English), Dagon University, Yangon
Advanced Diploma in Information & Communication Technology, NCC, UK
Senior Application Architect, Aion Technologies Pte; Ltd, Singapore

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၅၅-ဘီနေ
ဗိုလ်မှူးကြီးထွန်းရှိန်(ငြိမ်း)-ဒေါ်ခင်သန်းမြင့်၊ ဗိုလ်မှူးကြီးစိုးမြင့်ဝင်း(ငြိမ်း)-ဒေါ်ယဉ်ယဉ်ကြည်တို့၏မြေး၊
ဦးဇင်အောင်မြင့် (Safety Officer, Yetagun FSO)-ဒေါ်ဝေမာဝင်းတို့၏သမီးထွေး

မယမင်းရူပါဇင်

Bachelor of Business(Management), RMIT, Australia
B.A(English), Dagon University, Yangon
Diploma in Management Studies, SIM, Singapore
Senior Executive(Quality Assurance), ISS Facility Services Pte; Ltd, Singapore

တို့၏ ၁၄-၂-၂၀၁၅ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် ကြွရောက်ချီးမြှင့်ကူညီဆောင်ရွက်ပေးခဲ့ပါသော သူငယ်ချင်းများအားလည်းကောင်း၊ ၂၆-၄-၂၀၁၅ ရက်တွင် ကန်ဖျားကျောင်းတိုက်၌ ကျင်းပသည့် မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော ဦးကျော်မိုးနိုင်(ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်)အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ကန်ဖျားကျောင်းတိုက်မှ တာဝန်ရှိသူ များနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၃-၅-၂၀၁၅ ရက်တွင် Sedona Hotel Grand Ballroom ၌ ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များပေးပို့ ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ဦးကျော်ငြိမ်း(အင်အားမီဒီယာ Group နာယကကြီး)နှင့် ဇနီး ဒေါ်မြင့်မြင့်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော မိဘနှစ်ပါးဖြစ်သော ဦးဇင်အောင်မြင့်(Safety Officer, Yetagun FSO၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်း)နှင့် ဇနီး ဒေါ်ဝေမာဝင်း၊ အခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးပါသော မဟေမာန်နှင်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများကိုင်ဆောင်ပေးပါသော ညီမလေး ခင်ကြည်စင်(သဲသဲ)၊ မင်္ဂလာသတို့သားအရံ မောင်သက်ဆွေထွန်းနှင့် မောင်လေး မောင်ရဲမာန်၊ မင်္ဂလာသတို့သမီးအရံ မဆွေဝင့်မွန်၊ မထွန်းပပဝင်းနှင့် မေတ္တာဖြင့်မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင်မေဆွိ၊ မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးပါသော The Tree တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ မမြူ၊ ဆံပင်မိတ်ကပ် မေဦး၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးသော နှစ်သက်စရာရတနာ၊ ပန်းအလှဆင်ပေးသော ကိုမြတ်သန့်(ကြည့်မြင်တိုင်)၊ ဗီဒီယိုနှင့်ဓာတ်ပုံ Exposure နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာ ဒဂုန်ပုံနှိပ်တိုက်၊ Sedona Hotel မှ ဝန်ထမ်းများ၊ ၃-၅-၂၀၁၅ ရက်တွင် Western Park ၌ ကျင်းပသည့် မင်္ဂလာညစာစားပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးများ၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်သက်ထွေးအောင်-မယမင်းရူပါဇင်

ဆေးပညာသတင်းဆန်းများ (၉၆)

ဒေါက်တာကံညွန့်

မျိုးဗီဇနှင့် ကင်ဆာရောဂါ

နာမည်ကြီးအမေရိကန်ရုပ်ရှင်မင်းသမီး Angelina Jolie ကို လူတိုင်းသိကြမှာပါ။ သူဟာ နာမည်ကြီး မင်းသမီးတစ်ယောက်ဖြစ်တဲ့အပြင် သူ့ရဲ့လူမှုရေး လုပ်ငန်းတွေကြောင့် သူ့ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး က လူမှုရေးသံတမန်တစ်ဦးအဖြစ် အသိအမှတ်ပြု ခန့်အပ်ခံထားရသူတစ်ဦးပါ။ သူဟာလွန်ခဲ့တဲ့ နှစ်နှစ်က သူ့ရဲ့ကိုယ်ခန္ဓာမှာ ရင်သားကင်ဆာ၊ သားဥကင်ဆာ တို့ကိုဖြစ်စေတဲ့ Gene တစ်မျိုးဖြစ်တဲ့ BRCA ပါလာ ခဲ့တာကြောင့် ရင်သားကင်ဆာဖြစ်တာက ကာကွယ်ဖို့ သူ့ရင်သားနှစ်ဖက်စလုံးထုတ်ပစ်တဲ့ခွဲစိတ်မှု ပြုလုပ်ခဲ့ ပါတယ်။ နောက် ယခုနှစ်မကြာသေးခင်က တစ်ခါ သူ့ရဲ့ မျိုးဥအိမ် (Overy) နှင့် Fallopion Tube ခေါ်တဲ့ မျိုးဥလာရာလမ်းကြောင်းတို့ကို ထုတ်ပစ်ခဲ့ပြန်ပါတယ်။ ဒီကိစ္စတွေအားလုံးသူကိုယ်တိုင်တောင်းဆိုခဲ့လို့ ခွဲစိတ် မှုပြုလုပ်ခဲ့တာဖြစ်ပြီး ဒီသတင်းတွေကို သူကိုယ်တိုင် ကြေညာခဲ့လို့ လူတွေသိခဲ့ကြတာဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဆေးပညာရှင်တွေရဲ့အမြင်မှာ ဘယ်လိုရှိပါသလဲ။ အမေရိကန်နိုင်ငံမှာ ထုတ်ဝေတဲ့ Journal of American Medical Association (JAMA) ဂျာနယ်မှာပါတဲ့ ဆောင်းပါးတစ်ပုဒ်ကို ကောက်နုတ်တင်ပြလိုပါတယ်။ အမေရိကန်နိုင်ငံ University of Pennsylvania က ဆေးပညာရှင်တစ်စု လေ့လာထားတဲ့ စာတမ်းကိုဖော်ပြထားတာပါ။ Gene နှစ်မျိုးဖြစ်တဲ့ BRCA 1 နှင့် BRCA2 နှစ်မျိုးစလုံးဟာ ရင်သားကင်ဆာ၊ မျိုးဥကင်ဆာ (Ovarian Cancer) နှစ်မျိုးလုံးနဲ့ ပတ်သက်နေတယ်ဆိုတာတော့ သေချာ တယ်။ ဒီမျိုးကို သယ်ဆောင်ထားသူတွေဟာ ဒီရောဂါ တွေ ဘယ်လောက်ဖြစ်နိုင်ခြေရှိတယ်ဆိုတာကတော့ တိတိကျကျ ဘယ်သူမှမပြောနိုင်ပါဘူး။ ဒါဟာ ဘယ် အပေါ်မှာမူတည်သလဲဆိုရင် သူတို့ရဲ့ မျိုးဗီဇဆက်ခံ ပြောင်းလဲလာမှု (Specific Mutation Inherited) ပေါ်မှာသာမူတည်တာဖြစ်ပါတယ်။ အခုသူတို့ ဒီလို အခြေအနေမျိုးမှာ ဒီကင်ဆာတွေကို ကာကွယ်ဖို့ ဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်နိုင်ဖို့ အများကြီး စဉ်းစားစရာတွေ ရှိပေမယ့် ပထမလေ့လာမှုတစ်ခုကို တော့ ပြုလုပ်ခဲ့ကြပါတယ်။ ဒါကတော့ ဘာလဲဆိုရင် BRCA 1 နှင့် BRCA2 Gene နှစ်မျိုးပါတဲ့ နိုင်ငံပေါင်း ၃၃ နိုင်ငံက အမျိုးသမီးပေါင်း ၃၁၀၀၀ ကို စမ်းကြည့် ခဲ့ကြတာပါ။ ဒီအထဲမှာ BRCA 1 ပါတဲ့ အမျိုးသမီး ၁၉၀၀၀ ရှိပြီး BRCA2 ပါတဲ့ အမျိုးသမီး ၁၂၀၀၀ ပါဝင်ခဲ့ပါတယ်။ ဒီလေ့လာမှုမှာပါဝင်တဲ့ အမှတ်(၁) အမျိုးအစားရှိတဲ့ အမျိုးသမီး ၁၉၀၀၀ ထဲမှာ ရင်သား ကင်ဆာဖြစ်သူ ၄၆ ရာခိုင်နှုန်းရှိပြီး ၁၂ရာခိုင်နှုန်း ကတော့ သားဥအိမ်ကင်ဆာနှင့် ငါးရာခိုင်နှုန်း ကတော့ ကင်ဆာနှစ်မျိုးလုံးဖြစ်တာကို တွေ့ရှိခဲ့ရ တယ်။

ဒုတိယအမျိုးဖြစ်တဲ့ BRCA 2 ပါတဲ့ လူ ၁၂၀၀၀ ထဲမှာ ရင်သားကင်ဆာဖြစ်သူ ၅၂ ရာခိုင်နှုန်း၊ မျိုးဥအိမ် ကင်ဆာဖြစ်သူ ၆ ရာခိုင်နှုန်းနှင့် ကင်ဆာနှစ်မျိုးလုံး ဖြစ်သူ ၂ ရာခိုင်နှုန်းပါရှိတာကို တွေ့ရတယ်လို့ ဆိုပါ တယ်။ ဘာကင်ဆာမှမဖြစ်တဲ့လူက ပထမ အုပ်စုမှာ ၃၇ ရာခိုင်နှုန်း၊ ဒုတိယအုပ်စုမှာ ၄၀ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ တိတိကျကျ စမ်းသပ်မှုတွေ မလုပ်နိုင်သေးဘဲ ကနဦးယူဆ ခဲ့ကြတာကတော့ Gene တစ်မျိုးဖြစ်တဲ့ BRCA 1ရှိတဲ့ အမျိုးသမီးတွေမှာ ရင်သားကင်ဆာ ၅၉ ရာခိုင်နှုန်း၊ မျိုးဥ ကင်ဆာ ၃၄ ရာခိုင်နှုန်းထိ ရှိနိုင်တယ်လို့ ယူဆထား ခဲ့ကြတာပါ။ နောက်ပြီး ဒီလို BRCA Gene ပါတဲ့ Ahkenuzi Jewish Population တစ်ခုမှာ စမ်းသပ်တဲ့ အခါ ၆၉ ရာခိုင်နှုန်း ရင်သားကင်ဆာနှင့် ၂၆ ရာခိုင်နှုန်း မျိုးဥအိမ်ကင်ဆာဖြစ်နိုင်ခြေရှိတာကို တွေ့ခဲ့ရတာကြောင့် လည်းဖြစ်ပါတယ်။ ဒါကြောင့် အခုအချိန်ဟာ အမျိုးသမီး တစ်ယောက်အတွက် ဒီ Gene မျိုးရှိနေတိုင်း ဒီကင်ဆာ တွေက ကာကွယ်ဖို့ ရင်သား၊ မျိုးဥအိမ်စတာတွေကို ထုတ်ပစ်သင့်သလားဆိုတာ ဆုံးဖြတ်ဖို့ မဖြစ်နိုင်သေး ဘူးလို့ယူဆကြပါတယ်။ ဒါကိုဆုံးဖြတ်နိုင်ဖို့ နောက်ထပ် လေ့လာမှုတွေပြုလုပ်ကြရဦးမှာဖြစ်ပြီး Cells Mutation ပုံစံအမျိုးမျိုးတွေကိုလည်း စမ်းသပ်ဖော်ထုတ်ရဦးမှာ ဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

အရေပြားတင်းအောင်ထိုးသည့်ဆေး

အသက်အရွယ်နည်းနည်းကြီးလာလို့ မျက်နှာမှာ အရေးအကြောင်းပေါ်လာတဲ့အခါ ဒီအရေပြားတွန့်နေ တာပျောက်ပြီး တင်းတင်းရင်းရင်းဖြစ်အောင် အလှပြင် ကုသရေးဆေးခန်းတွေမှာ ထိုးပေးကြတဲ့ Botox ထိုးဆေး ကို အများအားဖြင့် သိကြပါတယ်။ အမျိုးသမီးအပြင် လှချင်တဲ့ အမျိုးသားတွေလည်း ထိုးကြတာပါ။ ၂၀၁၂ ခုနှစ်စာရင်းအရ ကမ္ဘာမှာ လူပေါင်း ၆ ဒသမ ၁ သန်း ထိုးခဲ့တယ်လို့ ဆိုပါတယ်။ ဒီ Botox လို့ ခေါ်တဲ့ဆေးဟာ နာမည်အရှည်က Botulinum Toxin ပါ။ ဒီဆေးဟာ ဦးနှောက်နှင့် အာရုံကြောကို အင်မတန်အန္တရာယ်ပေးတဲ့ Clostrium Botulinum ဆိုတဲ့ Bacteria အကောင် သေတဲ့အခါ ရရှိတဲ့ Neurotoxin (အာရုံကြောအဆိပ်) ကို ဖော်စပ်ထားတဲ့ဆေးပါ။ ဒီဆေးဟာ လူ့အာရုံကြောကို အလွယ်တကူသေသွားစေပြီး အဲဒီအာရုံကြောနဲ့ ပတ်သက် တဲ့ ကြွက်သားအားလုံး Paralyse (လေဖြတ်ခြင်း) ဖြစ်ရတာပါ။ ဒီလိုလေဖြတ်ပြီး ကြွက်သားတင်းသွားတော့ မှ မျက်နှာက အတွန့်တွေ၊ အရေးအကြောင်းတွေပျောက် သွားရတာပါ။ ဒါပေမယ့် ဒီဆေးထိုးရာမှာ အန္တရာယ် မရှိအောင် ဆေးအစွမ်းရဲ့ အဆပေါင်းများစွာနည်းအောင် ပြုလုပ်ထားပြီးမှ ထိုးတာဖြစ်တဲ့အတွက် တခြားဘေးထွက် ဆိုးကျိုးတွေ မခံစားရတာပါ။ အခုတော့ အလှပြင်ချင် သူတွေအတွက် ဒီဆေးနဲ့အပြိုင် နည်းတစ်ခုပေါ်နေပါပြီ။ ဒီနည်းကတော့ Dermal Filler ခေါ်တဲ့နည်းပါ။ ဒီနည်း မှာထိုးတဲ့ Hyaluronic Acid အရည်ဟာ အရေပြား အောက်မှာ သဘာဝအတိုင်းရှိတတ်တဲ့ လူ့ခန္ဓာကိုယ် က အရည်တစ်မျိုးပါ။ ဒါကို ဆေးဖော်စပ်ပြီး တွန့်နေ တဲ့ အရေပြားအောက်တည့်တည့်မှာ ထိုးလိုက်တဲ့အခါ ချက်ချင်းဆိုသလို အတွန့်ပျောက်သွားနိုင်ပြီး လူ့ခန္ဓာ ကိုယ်က သဘာဝပစ္စည်းအရည်တစ်ခုဖြစ်တဲ့အတွက် အန္တရာယ်လည်း မရှိနိုင်ဘူးလို့ ဆိုပါတယ်။ ဒါပေမယ့် မကောင်းတာတစ်ခုကတော့ ဒီအရည်ရဲ့ပျော်ဝင်မှုကြောင့် ဆေးကို တစ်ခါပြန်ထိုးရတတ်တယ်လို့ ဆိုပါတယ်။ အလှ ပြင်ချင်သူတွေ ရွေးချယ်နိုင်အောင် တင်ပြလိုက်ရပါတယ်။

လူ့ခန္ဓာကိုယ်အတွင်းမှ ဗက်တီးရီးယားပိုးနှစ်မျိုး

လူတစ်ဦးရဲ့ အစာအိမ်၊ အူလမ်းကြောင်းဟာ ဗက်တီး ရီးယား Trillion ပေါင်းများစွာ နေထိုင်ရာ နေရာကောင်း တစ်ခု ဖြစ်ပါတယ်။ အဲဒီအထဲမှာ Bad Bacteria ရှိ သလို Good Bacteria လည်းရှိပါတယ်။ Bad အမျိုး အစားကတော့ လူတွေကို ဒုက္ခပေးနိုင်တဲ့အမျိုးဖြစ်ပြီး Good အမျိုးကတော့ လူတွေကို ကောင်းကျိုးပြုနိုင်တဲ့ အမျိုးဖြစ်ပါတယ်။ သာမန်လူတစ်ဦး ကျန်းမာစွာနေထိုင် နိုင်တာဟာ Good အမျိုးအစား Bacteria အင်အား ကောင်းနေလို့သာဖြစ်ပါတယ်။ အဲဒီလိုပဲ Bad အမျိုးအစား အင်အားကောင်းနေရင်လည်း နေထိုင်မကောင်းဖြစ် ကြရတာပါ။ ယခုအခါ ဆေးသိပ္ပံပညာရှင်တွေဟာ ဒီ Bacteria နှစ်မျိုးရဲ့ အခြေအနေတွေကိုလေ့လာမှု ပိုလုပ် လာကြပါတယ်။ ဒီလိုလုပ်လာကြတာကတော့ ဒီ Bacteria တွေဟာ လူတွေရဲ့ ကျန်းမာရေးအခြေအနေတွေဖြစ် တဲ့ ဆီးချိုရောဂါ၊ အဝလွန်ရောဂါ၊ ကင်ဆာရောဂါတွေ အပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မလဲ ဆိုတာတွေ ကိုပါ။ သူတို့ဟာ Good Bacteria ကို Probiotics လို့ အမည်ပေးထားပါတယ်။ အခုလေ့လာတွေ့ရှိခဲ့တဲ့ သူတို့ရဲ့ ကောင်းကျိုးတွေထဲမှာ သူတို့ဟာ ဗီတာမင် B ဓာတ်ကို အူသိမ်ထဲမှာ ပိုပြီးစုပ်ယူနိုင်အောင် ဖန်တီး ပေးခြင်း၊ အစားအစာမှာပါတဲ့ Fibre ဓာတ်ကို ပိုပြီး ကြေညက်စေကာ Short Fatty Acid အသွင်ပြောင်း ပေးခြင်းဖြင့် အူမကြီးရဲ့ ကျန်းမာရေးကို အထောက် အကူပြုခြင်း၊ အစာကြေညက်လွယ်အောင် ဆောင်ရွက် ခြင်း၊ ဝမ်းချုပ်ခြင်းကို သက်သာအောင် ဆောင်ရွက်ခြင်း၊ အူသိမ် အူမကြီးရဲ့ နံရံမှာ Bad Bacteria မကပ်ငြိ အောင် ဆောင်ရွက်ခြင်း၊ အူလမ်းကြောင်းရောင်ရမ်းနာ တွေဖြစ်တဲ့ IBS ခေါ်တဲ့ Irritable Bowel Syndrome, Ulecrative Collitis, Crohn's Disease စတဲ့ရောဂါ တွေရဲ့ ရောဂါလက္ခဏာတွေကိုလည်း သက်သာစေတယ် လို့ ဆိုပါတယ်။

၎င်းပြင် Probiotics ဟာ လူတွေရဲ့ ကိုယ်ခံအား ကိုလည်း မြှင့်တင်နိုင်ပြီး အအေးမိခြင်း၊ နှာစေးခြင်းကို လည်း ပျောက်ကင်းစေကာ ကလေးတွေမှာ နှာပြည်ယို ခြင်း၊ လည်ချောင်းနာခြင်းတို့ကိုပါ သက်သာအောင် အထောက်အကူပြုနိုင်တယ်လို့ ဆိုပါတယ်။ ဒီ Probiotics ခေါ် Good Bacteria ကို ပွားများစေတဲ့ အစား အသောက်တွေကတော့ Yogurt ခေါ် ဒိန်ချဉ်၊ ဒိန်ခဲ (Cheese)၊ ကိုရီးယားကင်ချီ (Kimchi) လို အစားအစာမျိုးတွေဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

ကုရခက်တဲ့ ADs ရောဂါ

Autoimmune Disease (ADs) ဆိုတဲ့ ရောဂါဟာ ဆေးပညာလောကမှာ ကုရခက်တဲ့ ရောဂါတစ်မျိုးပါ။ ဒီ AD ဆိုတဲ့နာမည်က ရောဂါအမျိုးပေါင်းများစွာကို စုပေါင်းခေါ်လိုက်တဲ့နာမည်ဖြစ်ပါတယ်။ ဒီ ADs ရောဂါနဲ့ ဆက်နွှယ်နေတဲ့ ရောဂါပေါင်း ၁၀၀ ကျော် ခန့်ရှိပါတယ်။ အမေရိကန်နိုင်ငံက (AARDA) လို့ အတိုကောက်ခေါ်တဲ့ American Autoimmune Related Disease Association ရဲ့ အဆိုအရ လူ ၁၀၀ မှာ ငါးယောက်ကနေ အယောက် ၂၀ ထိ ဒီရောဂါ ခံစားနေရပြီး ဒီအထဲမှာ အမျိုးသမီး ၇၅ ရာခိုင်နှုန်း ပါဝင်တယ်လို့ဆိုပါတယ်။ ၆၅ နှစ်အောက် အမျိုးသမီး တွေသေဆုံးရတဲ့ ထိပ်ဆုံးရောဂါ ၁၀ ခုထဲမှာ တစ်ခု အပါအဝင်ဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဒီရောဂါ ဘာကြောင့်ဖြစ်ရလဲဆိုရင် မိမိကိုယ်ခံအား Cells တွေက ဖောက်ပြန်ပြီး မိမိခန္ဓာကိုယ်ကို ပြန်တိုက်ခိုက် တဲ့ ရောဂါပါ။ ဒီလိုတိုက်ခိုက်တာမှာ ကိုယ်ခန္ဓာထဲက Organs တစ်မျိုးမျိုးဟာ အတိုက်ခံရပြီး ရောဂါဖြစ်ကြ ရတာပါ။ စောစောပိုင်းအချိန်ကထိ ဒီရောဂါရဲ့ ကုထုံး ဟာ တိတိကျကျမရှိဘဲ ရောဂါလက္ခဏာသက်သာရုံသာ ကုသပေးနိုင်ခဲ့ကြတာပါ။

ယခုတော့ ဒီရောဂါကို ထိရောက်စွာ ကုသနိုင်မယ့် ကုထုံးတစ်ခုကို ရှာတွေ့နိုင်ခဲ့ကြပါပြီ။ ဒီဆေးပညာရှင် တွေကတော့ အစ္စရေးနိုင်ငံ Tel Aviv မြို့ Sackler FAculty of Medicine Autoimmune Disease Research Centre နှင့် Brigham Women Hospital က ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့ ဟာ လူ့ခန္ဓာကိုယ်မှာ သဘာဝအတိုင်းရှိနေတဲ့ NAD (Nicotinamide Adenine Dinucleotide) ဆိုတဲ့ Molecule တစ်ခုကို ရှာတွေ့ခဲ့ကြပါတယ်။ ဒီဓာတ် ပစ္စည်းဟာ ကိုယ်ခန္ဓာထဲက Organs တွေကို Autoimmune Action ထိခိုက်မှုကြောင့် ဖြစ်လာမယ့် အန္တရာယ်က ကာကွယ်ပေးနိုင်မယ့် ပစ္စည်းဖြစ်တာ တွေ့ရတယ်လို့ဆိုပါတယ်။ ဒ့ါအပြင် အဝလွန်ခြင်း (Obesity) ဖြစ်နေသူရဲ့ Fat Cells တွေက ထွက်တဲ့ Adipokines ဟာ ဒီ ADs ရောဂါကို ပိုဆိုးစေနိုင် ပြီး Vitamin D လျော့နည်းနေမှုဟာလည်း ADs ရောဂါကို ပိုဆိုးစေနိုင်တယ်လို့ ဆိုပါတယ်။

ဒါကြောင့် ဒီ ADs ရောဂါရှင်တွေကို အဝမလွန် ဖို့နှင့် Vitamin D မချို့တဲ့အောင်ထားပြီး NAD Molecule ပါတဲ့ Compound တစ်ခုခုနဲ့ ကုသနိုင်ဖို့ ကုထုံးတစ်ခုကို စမ်းသပ်နေပြီဆိုတာ တင်ပြလိုက်ရ ပါတယ်။ ။

ပြည်သူ့ဆေးရုံ (တောင်ဒဂုံ)တွင် ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ရန်ကုန် မေ ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေး ၏ ကြီးကြပ်မှုဖြင့် ခရိုင်ရဲတပ်ဖွဲ့ မှူးရုံး၊ ခရိုင်လုံခြုံရေးတပ်ခွဲမှ တပ်ဖွဲ့ဝင်အရာရှိ၊ အခြားအဆင့် ၂၀ နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်ဦး ဦးစီးတပ်ဖွဲ့ဝင် အရာရှိ၊ အခြား အဆင့် ၆၅ ဦး စုစုပေါင်း ၈၅ ဦး တို့သည် ဧပြီ ၂၆ ရက် နံနက် ၆ နာရီမှ ၁၁ နာရီအထိ ပြည်သူ့ အကျိုးပြုလုပ်ငန်းစဉ်ဖြင့် စုပေါင်း သန့်ရှင်းရေးလုပ်အားပေးပွဲကို ဒဂုံ မြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့ ဆေးရုံ၌ ပြုလုပ်ခဲ့ကြရာ ဆေးရုံဝင်း အတွင်း သန့်ရှင်းသာယာလှပစေ ရေး မိုးဦးကျကာလရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး

သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ် သည့် ခြင်၊ ယင်များ မရှိစေရေးတို့ အတွက် နွယ်၊ မြက် သစ်ပင် ချုံပုတ် များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များနှင့် အညစ်အကြေးများ ကောက်ယူလှည်းကျင်း ဆေးကြော ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ ကြသည်။

အဆိုပါသန့်ရှင်းရေးဆောင်ရွက် ခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲတပ်ဖွဲ့ စခန်း မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ကောက်ညှင်းပေါင်း၊ လက်ဖက်ရည်၊ ကော်ဖီတို့ဖြင့် ကျွေးမွေးကြကြောင်း သိရသည်။ **စန်းမောင်**

လေဘေးသင့်အိမ်ထောင်စုများကို ပစ္စည်းနှင့် အလှူငွေများထောက်ပံ့

နတ်မောက် မေ ၃

လေပြင်း တိုက်ခတ်မှုကြောင့် အိမ်ခေါင်မိုးများ ပျက်စီးခဲ့သော နတ် မောက်မြို့နယ် ပင်းဂွေးချိုအုပ်စု ပင်းမြို့ကျေးရွာ၊ စရုံအိုင့်ကျေးရွာ၊ လက်ခုပ်ပင်ကျေးရွာနှင့် သင်ပန်း တောကျေးရွာများရှိ အိမ်ထောင်စု များသို့ ပစ္စည်းနှင့် အလှူငွေများ ထောက်ပံ့ပေးအပ် လှူဒါန်းသည့် အခမ်းအနားကို မေ ၁ ရက်က ပင်းမြို့ ရွာဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မကွေး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက အမှာစကား ပြောကြားပြီး မကွေးတိုင်းဒေသ ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲမင်းသန့်က လေဘေးသင့် ပြည်သူများအား ထောက်ပံ့ပစ္စည်း ပေးအပ်ရခြင်း နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ခဲ့သည်။

ထို့နောက် လူမှုရေးဝန်ကြီးနှင့် လူမှုဝန်၊ ထမ်းကယ်ဆယ်ရေးနှင့် ပြန် လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ဂွေးပင်ချို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား လေဘေးသင့် ပြည်သူများကိုယ်စား ပစ္စည်းနှင့် အလှူငွေများ ပေးအပ် ခဲ့ကြောင်း သိရသည်။ **လှဝင်း**

ကသာကျေးရွာ၌ မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

တောင်တွင်းကြီး မေ ၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင်အုပ်စု ကသာ ကျေးရွာတွင် မေ ၁ ရက် မွန်းလွဲ ၁ နာရီခွဲက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထွန်းအောင်(၂၅ နှစ်)၏နေအိမ် မီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်း၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးမှူးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးနှင့် ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း ၂၅၀ ခန့်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မီးလုံး ဝငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် သုံးပင်၊ လေးပင်နှစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံး၍ လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ မီးပေါ့ဆစွာသုံးစွဲသူ ထွန်းအောင်ကို တောင်တွင်းကြီးမြို့နယ် ဆက်သွားနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **နိုင်ဝင်း**

ကျောင်းကုန်း၊ ဟသ်ာၤတ၊ ထားဝယ်နှင့် ဘားအံ ထပ်ဆင့်လွှင့်စက်ရုံများမှ မြန်မာ့အသံရေဒီယို အစီအစဉ်များကို FM စနစ်ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ရေး ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့် ဆောင်ရွက်လျက်ရှိသည့် FM လွှင့်စက်ရုံ ၃၅ ရုံအနက် ဘီးလင်း၊ ပြည်၊ တောင်ငူ၊ သီပေါ၊ သိန္နီ၊ ညောင်လေးပင်၊ နေပြည်တော်(တပ်ကုန်း)၊ တောင်တွင်းကြီး၊ ရေဦး၊ ကန့်ဘလူ၊ ဘော်လခဲ၊ ရွာငံ၊ ဖားဆောင်း၊ ဘိုကလေးနှင့် ဟားခါးစသည့် စက်ရုံ ၁၅ ရုံတွင် မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ခြင်း၊ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ စက်ရုံမှ မြန်မာ့အသံ FM ရေဒီယိုထုတ်လွှင့်မှုကို စက်ရုံတည်ရှိရာ အကွာအဝေးမိုင် ၃၀ ပတ်လည်အတွင်းရှိ ဒေသများမှ ကောင်းမွန်စွာဖမ်းယူနားဆင်နိုင်ပြီဖြစ်ပါကြောင်းကို နေ့စဉ်ထုတ် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပြည်သူများသို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်သည်။

ဒုတိယအဆင့် ထပ်မံဝယ်ယူခဲ့သည့် FM လွှင့်စက်ရုံ ၃၅ ရုံအနက်မှ ကျောင်းကုန်းရုပ်သံထပ်ဆင့်လွှင့်စက်ရုံ တွင် ၆-၄-၂၀၁၅ ရက်နေ့မှ စတင်၍ လွှင့်အား (2KW)၊ လှိုင်းနှုန်း (88.0MHz) ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ အဆိုပါ ထုတ်လွှင့်မှုကို အင်းမ၊ ပန်းတနော်၊ စကြေ့၊ ကန်ကြီးဒေါင့်၊ သာပေါင်း၊ ကျုံမငေး၊ ဝါးခယ်မ၊ နိဗ္ဗာန်၊ နတ်မော်တို့မှ လည်းကောင်း၊ ဟသ်ာၤတရုပ်သံထပ်ဆင့်လွှင့်စက်ရုံတွင် ၈-၄-၂၀၁၅ ရက်နေ့မှစတင်၍ လွှင့်အား (1KW)၊ လှိုင်းနှုန်း (89.5MHz) ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ အဆိုပါ ထုတ်လွှင့်မှုကို သာယာဝတီ၊ လက်ပံတန်း၊ ကွင်းကောက်၊ အိုင်သပြူ၊ ဓနုဖြူ၊ အင်္ဂပူ၊ ထူးကြီးတို့မှ လည်းကောင်း၊ ထားဝယ်ရုပ်သံထပ်ဆင့်လွှင့်စက်ရုံတွင် ၁၂-၄-၂၀၁၅ ရက်နေ့မှ စတင်၍ လွှင့်အား (2KW)၊ လှိုင်းနှုန်း (88.3MHz) ဖြင့်ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို လောင်းလုံး၊ သရက်ချောင်း၊ ရေဖြူတို့မှလည်းကောင်း၊ ဘားအံရုပ်သံထပ်ဆင့်လွှင့်စက်ရုံတွင် ၂၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ လွှင့်အား (1KW)၊ လှိုင်းနှုန်း (89.2MHz) ဖြင့် ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို ထီးလုံ၊ ရေပူကြီး၊ နောင်တို၊ အနမ်းပစ်ကုန်း၊ ဒူးရင်းဆိပ်၊ ဇာသပြင်၊ နောင်ဘို၊ ရွှေဂွမ်း၊ သာယာကုန်းတို့မှ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိကြသည်။

ဒုတိယအဆင့် ဆောင်ရွက်လျက်ရှိသည့် FM လွှင့်စက်ရုံ ၃၅ ရုံအနက်မှ ယနေ့အထိ ဘီးလင်း၊ ပြည်၊ တောင်ငူ၊ သီပေါ၊ သိန္နီ၊ ညောင်လေးပင်၊ နေပြည်တော်(တပ်ကုန်း)၊ တောင်တွင်းကြီး၊ ရေဦး၊ ကန့်ဘလူ၊ ဘော်လခဲ၊ ရွာငံ၊ ဖားဆောင်း၊ ဘိုကလေး၊ ဟားခါး၊ ကျောင်းကုန်း၊ ဟသ်ာၤတ၊ ထားဝယ်နှင့် ဘားအံစသည့် စက်ရုံ ၁၉ ရုံမှ မြန်မာ့အသံရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး ကျန်ရှိသည့် စက်ရုံများတွင် တပ်ဆင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် မော်လမြိုင်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

မော်လမြိုင် မေ ၃

မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးသည် မွန်ပြည်နယ်တရား လွှတ်တော် တရားသူကြီး ဦးညီညီစိုး၊ မွန်ပြည်နယ်တရားရေးဦးစီးမှူး ဦးဌေးဝင်းနှင့် မော်လမြိုင်ခရိုင်တရားသူကြီး ဦးကြင်သောင်းတို့နှင့်အတူ ဧပြီ ၂၉ ရက်က မွန်ပြည်နယ် မော်လမြိုင် အကျဉ်းထောင်အား စစ်ဆေးခဲ့သည်။

မော်လမြိုင် အကျဉ်းထောင် တာဝန်ခံအရာရှိရုံးခန်း၌ အကျဉ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ မော်လမြိုင်အကျဉ်းထောင် တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဦးခင်မောင်ကြီးတို့က ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့သည် အချုပ်ခံနေရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ၏ အမျိုးသား အမျိုးသမီးဆောင်များ၊ စားဖိုဆောင်၊ အကျဉ်းထောင်ဆေးရုံ၊ အကျဉ်းထောင်ရေသန့်စက်ရုံ၊ ထောင်တွင်း စိုက်ခင်းများကို လှည့်လည်ကြည့်ရှု၍ အချုပ်ခံနေရသူများ၊ ပြစ်ဒဏ်ကျခံနေရသူများနှင့် တွေ့ဆုံပြီး နေရာထိုင်ခင်း၊ အစားအသောက်နှင့် မကျန်းမာပါက ဆေးကုသခွင့်၊ အမျိုးသမီး အကျဉ်းသားများအား အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော် အစောင့်အရှောက်ဖြင့် ထားရှိမှုအခြေအနေ၊ အကျဉ်းသားများနှင့် အချုပ်တရားခံများအပေါ် နှိပ်စက်ညှဉ်းပန်းခြင်း ရှိ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေး၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေး စသည်တို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

သက်တမ်းရင့်သစ်ပင်ကြီးများကို ခုတ်လှဲရောင်းချမှုများရှိနေ

ရေတာရှည် မေ ၃

မြန်မာနိုင်ငံတစ်ဝန်းလုံး သစ်တောများပြုန်းတီးမှုကြောင့် သဘာဝဂေဟစနစ်များ ပြောင်းလဲကာ နေ့အပူချိန်များ မြင့်တက်လျက်ရှိပြီး ကျေးလက်ဒေသများတွင် သက်တမ်းရင့် ကုက္ကိုပင်ကြီးများကို စက်လွှများဖြင့် ဖြတ်တောက်၍ ပန်းပုထုရန် ရောင်းချမှုရှိနေသည်ကို တွေ့ရသည်။

ရိုးမ သစ်တောကြိုးဝိုင်းများအတွင်း နွေနှင့်ဆောင်းရာသီ ပွင့်လင်းရာသီကာလ၌ တရားမဝင်သစ်ထုတ်လုပ်မှုများ နေရာဒေသအနှံ့အပြားတွင် ရှိနေဆဲပင်ဖြစ်ပြီး ယခုနောက်ပိုင်း ကျေးလက်တောရွာများတွင် ပေါက်ရောက်နေသော နှစ်သက်တမ်းကာလ ကြာမြင့်နေသည့် ကုက္ကိုပင်ကြီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချရန် ခုတ်လှဲမှုများလည်း မြင်တွေ့နေရသည်။

"စက်လွှ ဝယ်ထားတဲ့သူတွေကြောင့် တောရွာတွေမှာ သစ်ပင်ကြီးတွေ တဖြည်းဖြည်းရှားလာပြီ၊ ခရီးသွားရင်တောင် အရိပ်အာဝါသခိုဖို့ရာ မလွယ်တော့ပါဘူး။ နှစ်ပေါင်းရာနဲ့ချီတဲ့ သစ်ပင်တစ်ပင်ဖြစ်ဖို့ ဘိုးစဉ်ဘောင်ဆက် ရှင်သန်ပြီးကာမှ တစ်ခဏအတွင်းမှာ အရင်းကခုတ် အစိတ်စိတ်အမြွှာမြွှာ ခွဲစိတ်ပစ်တာ အလွန်ကို နှမြောဖို့ကောင်းတယ်" ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု ဆွေသာယာကျေးရွာနေ ဒေသခံတစ်ဦးကပြောသည်။

ရန်ကုန်-မန္တလေးကားလမ်း ချဲ့ထွင်မှုကြောင့် သက်တမ်း နှစ် ၁၀၀ အထက် ကုက္ကိုပင်ကြီးများမှာလည်း ခုတ်လှဲခံရကာ အစအနပင်ရှာ၍ မတွေ့ရတော့ကြောင်း ရေနီကျေးရွာအုပ်စုနေ ဒေသခံတစ်ဦးက ပြောပြသည်။ "ကုက္ကိုခွဲခြမ်းတွေက အပင်ကြီးတော့ ဗျက်ကြီးတယ်။ ပန်းပုထုလို့အလွန်ကောင်းတော့ ရန်ကုန်ဈေးကွက်က အဓိကဝယ်တယ်လို့ သိရတယ်" ဟု အထက်ပါ ဒေသခံကပင် ဆက်လက်၍ ပြောပြသည်။

ကိုလွင်(ဆွာ)

ကင်းထောက်လူငယ်များ ပြင်ဦးလွင်မြို့သို့ ရောက်ရှိ

ပြင်ဦးလွင် မေ ၃

ပြင်ဦးလွင်မြို့နယ်တွင် ကင်းထောက်လူငယ်များ စခန်းချလေ့ကျင့်မှုပြုလုပ်ရန် အထက်မြန်မာပြည် ရန်ကုန်တိုင်းဒေသကြီးနှင့် အောက်မြန်မာပြည် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်းကင်းထောက်လူငယ်မောင်မယ် ၉၀၈ ဦးတို့သည် ကြီးကြပ်သူများနှင့်အတူ မေ ၁ ရက်က ပြင်ဦးလွင်မြို့သို့ မြန်မာ့မီးရထားမှ အထူးရထားများဖြင့်ရောက်ရှိရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံကင်းထောက်ကြီးများ၊ မြန်မာ့မီးရထားနှင့် အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပြင်ဦးလွင်ဘူတာမှ ကြိုဆိုကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း နန်းမြင့်မျှော်စင်ရှေ့၌ ကြိုတင်လေ့ကျင့်မှုများပြုလုပ်ခဲ့ကြသည်။ ယခုနှစ်တွင် ကင်းထောက်လူငယ်များသည် အမျိုးသား အမျိုးသမီး နှစ်ဖွဲ့ခွဲကာ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ဓာတ်တော်ချိုင့်ရေတံခွန်များတို့သို့ လက်တွေ့ကွင်းဆင်းကာ စခန်းချလေ့ကျင့်ကြမည်ဖြစ်ကြောင်း သိရသည်။

(၄၃၂)

ဗန်းမောက်မြို့နယ် မံထုံကျေးရွာ၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိ

ဗန်းမောက် မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံထုံကျေးရွာ၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁ ရက် ညနေ ၅ နာရီခွဲက ဗန်းမောက်မြို့နယ် မံစီကြီးနယ်မြေရဲကင်းစခန်းမှူး ဒုရဲအုပ်မောင်ဇော်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ နယ်မြေစိုးမိုးရေးဆောင်ရွက်နေစဉ် ဗန်းမောက်မြို့နယ် မံထုံကျေးရွာလမ်းမပေါ်၌ မသင်္ကာဖွယ်တွေ့ရှိသူ ရန်နိုင်လင်းအား ရှာဖွေစစ်ဆေးရာ ဝင်းဝတ်ဆင်ထားသော အင်္ကျီဝမ်းဗိုက်အတွင်းမှ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသော ဘိန်းဖြူ သုံးဂရမ်ခန့်စီပါ ဆပ်ပြာခွက်လေးခွက်ကို ရှာဖွေစစ်ဆေးတွေ့ရှိရ၍ ရန်နိုင်လင်းအား ဥပဒေအရ အရေးယူပေးပါရန် ဒုရဲအုပ်မောင်ဇော်က တရားလိုပြုလုပ်တိုင်ကြားထားသော အမှုဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးလက်ဝယ်ကိုင်ဆောင်သူ မောင်အေး(ခ) ရန်နိုင်လင်း (၂၉ နှစ်) ခွန်သာကျေးရွာ ဆားလင်းကြီးမြို့နယ်နေသူအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လှအောင်(ကသာ)

ကမ္ဘာ့ဒုတိယအရှားပါးဆုံး မြန်မာ့တိုက်လိပ်များ မျိုးမသုဉ်းရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၃

ကမ္ဘာပေါ်၌ ဒုတိယအရှားပါးဆုံး လိပ်မျိုးစိတ်ဖြစ်သည့် မြန်မာ့တိုက်လိပ်များ မျိုးမသုဉ်းရေးအတွက် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)နှင့် လိပ်မျိုးစိတ် ရှင်သန်ရေးအဖွဲ့(TSA)တို့က သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာပေါ်၌ ဒုတိယအရှားပါးဆုံးနှင့် မျိုးသုဉ်းသွားပြီဟုယူဆထားသည့် မြန်မာ့တိုက်လိပ် (Batagur Trivittata)များကို သားငှက်ထိန်းသိမ်းရေးအဖွဲ့နှင့် လိပ်မျိုးစိတ်ရှင်သန်ရေးအဖွဲ့တို့က ၂၀၀၁ ခုနှစ်တွင် ပြန်လည်တွေ့ရှိခဲ့ပြီးနောက် အဆိုပါလိပ်မျိုးစိတ်အား ပြန်လည်ရှင်သန်မျိုးပွားနိုင်ရေးစီမံကိန်းကို ၂၀၀၇ ခုနှစ်မှစ၍ သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

တိုက်လိပ်မျိုးစိတ်သည် ကမ္ဘာပေါ်တွင် မျိုးသုဉ်းနိုင်ချေရှိသည့် အခြေအနေဖြစ်နေရခြင်းမှာ ယင်းတို့ နေထိုင်ကျက်စားရာဒေသများ ဆက်တိုက်ပျက်စီးဆုံးရှုံးလာရခြင်း၊ လိပ်ဥများကို ဖော်ယူစားသုံးခြင်းနှင့် တံငါသည်များငါးဖမ်းစဉ် လိပ်များကို မတော်တဆ ဖမ်းဆီးမိခြင်းစသည့် အန္တရာယ်များကျရောက်ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ အထက်ချင်းတွင်းမြစ်တစ်လျှောက်တွင် အရွယ်ရောက်ပြီး လိပ်မ ၁၀ ကောင်သာ အသက်ရှင်လျက်ကျန်ရှိနေသည်ကို တွေ့ရကြောင်း၊ ၂၀၀၇ ခုနှစ်တွင် သားငှက်ထိန်းသိမ်းရေးအဖွဲ့နှင့် လိပ်မျိုးစိတ် ဆက်လက်ရှင်သန်ရေးအဖွဲ့တို့က အဆိုပါလိပ်မျိုးစိတ် ဆက်လက်ရှင်သန်ရေးအတွက် သားဖောက်ခြင်း၊ လိပ်ဥများစုဆောင်းခြင်းနှင့် ထိန်းသိမ်းမွေးမြူခြင်းတို့ကို သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ စနစ်တကျ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ထို့နောက် သဘာဝနေရင်းဒေသအတွင်း ပြန်လွှတ်ပေးရန် သင့်တော်သော လိပ်ကျောခွံပျမ်းမျှအရှည် ၂၅ ဒသမ ၃ စင်တီမီတာခန့်ရှိသည့် လိပ်ကောင်ရေ ၆၀ ကို ယခုနှစ် ဖေဖော်ဝါရီ ၂၂ နှင့် ၂၇ ရက်တွင် ရွေးချယ်လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

လိပ်ကောင်ရေ ၆၀ ကို စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် လင်းဖားကျေးရွာအနီးနှင့် နမ့်တလက်ချောင်းတို့တွင် လွှတ်ပေးခဲ့ကြပြီး ပြန်လွှတ်ပေးခဲ့သည့် တိုက်လိပ်များ၏ ကျောခွံပေါ်တွင် Radio transmitter များ တပ်ဆင်ပေးကာ လိပ်များ၏ သဘာဝအတွင်း နေထိုင်ကျက်စားမှုအခြေအနေကို လေ့လာစောင့်ကြည့်သွားမည်ဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မွန်းဦးနဒီ

ကလေး-ဂန့်ဂေါ ရထားခရီးစဉ်ကို တွဲဆိုင်းသစ်ဖြင့် ပြောင်းလဲပြေးဆွဲ

ကလေး မေ ၃

ကလေး - ဂန့်ဂေါ ရထားခရီးစဉ်တွင် လိုက်ပါစီးနင်းနေသောပြည်သူများ အဆင်ပြေစေရေးအတွက် BDTS ရထားတွဲဆိုင်းသစ်ငါးတွဲပါ ရထားကို မေ ၁ ရက်မှစ၍ ကလေးဘူတာမှ စတင်ထွက်ခွာ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ရထားတွဲဆိုင်းသစ်များ စတင်ပြေးဆွဲသည့် အထိမ်းအမှတ်အဖြစ် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ရထားတွဲဆိုင်းသစ်ကြီးကို သပြေခက်နှင့် နံ့သာရေပက်ဖျန်းပြီး လိုက်ပါစီးနင်းသူခရီးသည်များကိုလည်း ပို့ဆောင်နှုတ်ဆက်ခဲ့သည်။ ကလေး-ဂန့်ဂေါ ပြေးဆွဲသည့် ရထားတွဲဆိုင်းသစ်များတွင် သပ်ရပ်သန့်ရှင်းသောထိုင်ခုံများနှင့် တွဲတိုင်းတွင် ရေ၊ မီး၊ အိမ်သာများ အပြည့်အစုံပါရှိခြင်းကြောင့် ရထားစီးခရီးသွားပြည်သူအနေဖြင့် စိတ်အေးချမ်းသာစွာ ခရီးသွားလာနိုင်မည်ဖြစ်သလို ကုန်စည်ပို့ဆောင်ရေးတွင်လည်း ပို၍လွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်းသိရသည်။ **ဂျူနိုင်း**

အထကခွဲကျောင်း၌ ကျောင်းဆောင်သစ်တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

နေပြည်တော် မေ ၃

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက် မင်္ဂလာရှမ်းကန်အနီးရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၁) ကန်နားကျောင်းတွင် နိုင်ငံတော်ပညာရေးဘတ်ဂျက်ဖြင့် တည်ဆောက်ပေးသည့် သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် လာမည့် ၂၀၁၅ ဇွန်လ ကျောင်းဖွင့်ရာသီတွင် အဆိုပါကျောင်းဆောင်သစ်၌ ကျောင်းသားကျောင်းသူ ၉၀၀ နီးပါးခန့် တက်ရောက်စာသင်ကြားနိုင်တော့မည်ဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယမင်းသူထံမှ သိရသည်။

ကျောင်းဆောင်သစ်ကို ဇေရာရွှေဝါဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စတင်တည်ဆောက်ခဲ့ရာယခု ၂၀၁၅ မေလဆန်းတွင် ရာနှုန်းပြည့်တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း၊ ကျောင်းဆောင်သစ်မှာ တစ်ထပ်လျှင်သုံးခန်းပါ သုံးထပ်ကျောင်းဆောင်သစ်ဖြစ်၍ စာသင်ခန်းကိုးခန်းပါရှိပြီး စာသင်ခန်းတစ်ခန်းလျှင် စာသင်သားလေးဦးထိုင် ခုံတန်းရှည် ၂၄ ခုံနှင့် ကျောင်းသားကျောင်းသူ ၉၆ ဦး ဆံ့ဝင်ပြီး စာသင်ခန်းကိုးခန်းတွင် ကျောင်းသား ကျောင်းသူ ၈၆၄ ဦး စာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ အလက(၁) ကန်နားကျောင်း၌ ပြီးခဲ့သည့် စာသင်နှစ်က ပထမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၄၇၅ ဦး ရှိခဲ့ကြောင်းလည်း ကျောင်းအုပ်ဆရာမကြီးထံမှ သိရသည်။

ကာရန်ခ

မြင်းမူပြည်သူ့အားကစားကွင်း၌ ပွဲကြည့်စင်တည်ဆောက်ပြီးစီး

မြင်းမူ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ပြည်သူ့အားကစားကွင်း၌ ပွဲကြည့်စင်တည်ဆောက်ခြင်းနှင့် Inner Fencing ကာရံခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အလျား ပေ ၅၀၊ အနံ ၂၄ ပေရှိ ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေ ကျပ် ၁၇၇ ဒသမ ၆ သိန်းဖြင့်လည်းကောင်း၊ Inner Fencing ပေ ၁၈၀၀ ကာရံခြင်းလုပ်ငန်းကို ရန်ပုံငွေ ကျပ် ၁၂၂ ဒသမ ၄ သိန်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပြည်သူ့အားကစားကွင်း ပွဲကြည့်စင်တည်ဆောက်ခြင်းနှင့် Inner Fencing ကာရံခြင်းလုပ်ငန်းအားလုံးကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် ပြည့်စုံကြွယ်ဝကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်စိုးဖေ(iprd)

အထွက်တိုးစပါးခင်း၌ ဓာတ်မြေဩဇာ စုပေါင်းကြဲပက်

မြို့သစ် မေ ၃

မကွေးခရိုင် မြို့သစ်မြို့နယ် နဘဲကုန်းအုပ်စု နဘဲကုန်းကျေးရွာရှိ ဧက (၁၀၀) ပုလဲသွယ်အထူးအထွက်တိုးစပါးခင်းကို ခရိုင်လယ်ယာစိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများက မေ ၁ ရက်တွင် စုပေါင်းဓာတ်မြေဩဇာကြဲပက်ခဲ့ကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ခရိုင်လယ်ယာစိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းလွင်၊ မြို့နယ်လယ်ယာစိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ဝင်းနှင့် ခရိုင်နှင့် မြို့နယ်လယ်ယာစိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများ၊ နဘဲကုန်းကျေးရွာမှ တောင်သူများက စုပေါင်းဓာတ်မြေဩဇာကြဲပက်ခဲ့ခြင်းဖြစ်သည်။ စုပေါင်းဓာတ်မြေဩဇာ ကြဲပက်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးဗိုလ်အောင်မောင်မောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး တောင်သူများအား ရေသန့်ဘူးများ ဝေငှပေးခဲ့သည်။

ထို့နောက် ခရိုင်လယ်ယာစိုက်ပျိုးရေးဦးစီးဌာနမှူး၊ မြို့နယ်လယ်ယာစိုက်ပျိုးရေးဦးစီးဌာနမှူးတို့က မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်းနှင့် ဓာတ်မြေဩဇာများ စနစ်တကျအသုံးပြုခြင်းစသည့် စပါးအထွက်တိုးရေးဆိုင်ရာ သိကောင်းစရာများကို တောင်သူများအား ဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ဇဖဲ)

ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းနှင့် ထရန်စဖော်မာသစ်ဖွင့်ပွဲကျင်းပ

ချောင်းဦး မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ရွှေဂူကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းဖွင့်ပွဲကို ဧပြီ ၃၀ ရက်က ကျင်းပသည်။

ရွှေဂူကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောသတ္တုနှင့်စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းတို့က အမှာစကားပြောကြားပြီး၊ ချောင်းဦးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကျော်လွင်ဦးက ကျေးရွာနေပြည်သူများအား လျှပ်စစ်အန္တရာယ်နှင့် ပတ်သက်၍ သိရှိထားရမည့် ဆောင်ရန်ရှောင်ရန်အချက်များကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် သစ်တောသတ္တုနှင့်စွမ်းအင်ဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကံငြေး၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအေးကျော်နှင့် ထရန်စဖော်မာ အလှူရှင် ဦးအောင်သန်းတို့က မီးလင်းရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး၊ ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက ရွှေဂူကျေးရွာ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ ရွှေဂူကျေးရွာအတွက် ကျပ် ၁၃၁ သိန်းတန်ဖိုးရှိ ထရန်စဖော်မာသစ်ကို မုံရွာမြို့ အောင်ပြည့်ပြည့်ဖြိုးကုမ္ပဏီပိုင်ရှင် ဦးအောင်သန်းမိသားစုက လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်ရုံဆွေးနွေး

ပြင်ဦးလွင် မေ ၃

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ဧပြီ ၃၀ ရက်က ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး၊ NAPA မှ စီမံကိန်းဒါရိုက်တာနှင့် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့မှ ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သည်။ **(၄၃၂)**

ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပ

လှိုင်ကော် မေ ၃

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်းပွဲကို မေ ၂ ရက်က ကျင်းပသည်။

ညောင်ရေသွန်းပွဲသို့ ကယားပြည်နယ် လူမှုရေးရာဝန်ကြီးဦးကိုးရယ်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်သာသနာရေးမှူးနှင့် တာဝန်ရှိသူများ၊ ဘုရားဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဓမ္မစကြာဝတ်ရွတ်အသင်းများ တက်ရောက်ခဲ့ကြသည်။ ထို့နောက် ကဆုန်လပြည့်ဗုဒ္ဓနေ့အကြောင်း သိကောင်းစရာများကို ကယားပြည်နယ်သာသနာရေးမှူးက ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးဦးဆောင်၍ ဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းခဲ့ကြကြောင်း သိရသည်။

ရဲနောင်(လွိုင်ကော်)

ကျေးရွာ ၂၅ ရွာ၌ သောက်သုံးရေရရှိရေး ဆောင်ရွက်မည်

ကျောက်ပန်းတောင်း မေ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်အတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်း ၂၅ ခုကို ကျေးရွာ ၂၅ ရွာ၌ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည်ဟု သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာ ၂၅ ရွာရှိ အိမ်ခြေလေးထောင်ကျော်မှ လူဦးရေနှစ် သောင်းနီးပါးအတွက် သန့်ရှင်းသောသောက်သုံးရေ နှင့် စိုက်ပျိုးရေရရှိရေးတို့အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် တွင်းတိမ် သုံးတွင်း၊ တွင်းနက်ခြောက်တွင်း၊ လက်တူး တွင်း နှစ်တွင်း၊ ရေကန် ၁၂ကန်၊ စိမ့်စမ်းရေသွယ်ယူ ခြင်းလုပ်ငန်းတစ်ခုနှင့် အခြားလုပ်ငန်း တစ်ခု၊ စုစုပေါင်း လုပ်ငန်း ၂၅ ခုကို ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက ပြည်ထောင်စု ဘဏ္ဍာငွေဖြင့် ဘဏ္ဍာရေးနှစ်အလိုက်အဘက်ဘက်မှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ ကျောက်ပန်း တောင်းမြို့နယ်၌လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်အတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ကျေးရွာ ၂၅ ရွာ ရေရရှိရေးလုပ်ငန်းအပြင် ကျေးရွာချင်းဆက် လမ်းလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်းနှင့် ကျေးလက် အိမ်ရာလုပ်ငန်းများကိုလည်း ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျေးရွာချင်းဆက်လမ်းများအဖြစ် လမ်းရှစ် လမ်း စုစုပေါင်းလမ်းအရှည် ၁၈ မိုင်ကျော်ကို လည်းကောင်း၊ လျှပ်စစ်မီးရရှိရေးအတွက် ဆိုလာမီးလင်းရေးလုပ်ငန်းများကို ရွာခြောက်ရွာ၌လည်းကောင်း၊ ကျေးလက်အိမ်ရာလုပ်ငန်းကို ရွာတစ်ရွာ၌လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **နေအောင်(iprd)**

မြင်းမူမြို့နယ်တွင် ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် နွေစပါးများရိတ်သိမ်းပေးလျက်ရှိ

မြင်းမူ မေ ၃

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူများ လယ်ယာလုပ်ငန်းကို အဆင်ပြေစွာ လုပ်ကိုင်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ကိုရီးယားနိုင်ငံထုတ် KUKJE DKC 685 ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မြင်းမူမြို့နယ် ညောင်ရင်းနှင့် မြစ်ပေါက်ကျေးရွာများတွင် စိုက်ပျိုးထားသော နွေစပါးများကို ရိတ်သိမ်းခြွေလှေ့ပေးလျက်ရှိကြောင်း သိရသည်။

"အခုဆိုရင်တောင်သူတွေအနေနဲ့ စပါးရိတ်လုပ်သားတွေလည်း ရှားရတာခက်ခဲလာပြီ။ စပါးရိတ်လုပ်သားတွေနဲ့ ရိတ်သိမ်းရင်လည်း တစ်ဧကကို ကျပ်ခုနှစ်သောင်းကျော်၊ ရှစ်သောင်း ကုန်ကျပါတယ်။ KUKJE DKC 685 ရိတ်သိမ်းခြွေလှေ့စက်နဲ့ ရိတ်သိမ်းရင် တစ်ဧကကို ကျပ်လေးသောင်းခွဲပဲ ပေးသွင်းရတဲ့အတွက် အချိန်ကုန်၊ ငွေကုန် သက်သာစေတဲ့အပြင် စပါးလေလွင့်မှုလည်း လျော့နည်းစေပါတယ်"ဟု မြင်းမူမြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးကျော်မင်းမင်းထွန်းက ပြောပြသည်။

မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၂) စက်မှုလယ်ယာစခန်းမှ အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပေးသည့်အတွက် တောင်သူများအနေဖြင့် ခြွေလှေ့ပြီးစပါးများကို အဆင်သင့်ရရှိနေပြီဖြစ်သည်။ မြင်းမူမြို့နယ်အတွင်း၌ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၏ ရိတ်သိမ်းခြွေလှေ့စက်အပြင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ပံ့ပိုးပေးသည့် KS 9300 Combine Harvester ရိတ်သိမ်းခြွေလှေ့စက်ဖြင့်လည်း နွေစပါးများကို ရိတ်သိမ်းပေးနေသည့်အတွက် ဒေသခံတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ဖိုးခါး(iprd)**

မော်လမြိုင်ကျွန်းမြို့ပေါ်နှင့် ကျေးရွာများ၌ ကဆုန်ညောင်ရေသွန်းပွဲများ ကျင်းပ

မော်လမြိုင်ကျွန်း မေ ၃

၁၃၇၇ ခုနှစ် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို မေ ၂ ရက် ကဆုန်လပြည့်နေ့က မော်လမြိုင်ကျွန်းမြို့ အောင်ဇေယျလမ်းရှိ လောကသကျမာရဇိန်ကြေးဆင်းတုဘုရားရှေ့ မဟာဗောဓိညောင်ပင်၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့ ဝတ်အဖွဲ့၊ မြို့ပေါ်ရှိ ဘာသာရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ဌာနဆိုင်ရာ ဝတ်အဖွဲ့များ၊ ရပ်ကွက် ၁၃ ခုမှ ပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့အပြင် မော်လမြိုင်ကျွန်းမြို့ ပြည်လုံးချမ်းသာ နှစ်ကျိပ်ရှစ်ဆူ ဂေါပကအဖွဲ့ကလည်း ဘုရားဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်၌ ညောင်ရေသွန်းပွဲကျင်းပရာ မြို့ပေါ်ရှိ ဘာသာရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်ပြည်သူများ၊ ဌာနဆိုင်ရာများက ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အလားတူပင် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲများကို မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကညင်ခဲ၊ ကျွန်းကလေး၊ ကျုံလတာ၊ ကျိုက်ပိ၊ ကျော်ဇံနှင့် ကပ်ခိုကျေးရွာများ၌ ကျင်းပခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများက ညောင်ရေသွန်းလောင်း ပူဇော်ကြကြောင်း သိရသည်။

မော်ကျွန်း(မြင့်အောင်)

မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

ဘားအံ မေ ၃

ကရင်ပြည်နယ် ဘားအံမြို့နယ် မုတ္တဒိကျေးရွာ၌ အကြိုအခြေခံမီးသတ်သင်တန်း(၁/၂၀၁၅) ဆင်းပွဲနှင့် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲကို ကျေးရွာအထကကျောင်း၌ ဧပြီ ၃၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဘားအံမြို့နယ်မီးသတ်ဦးစီးမှူးဦးအောင်ရဲမင်းက အရန်မီးသတ်အဖွဲ့ဝင်များနှင့် တက်ရောက်လာသောကျောင်းသားကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများအား မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များဖြစ်သော လေဘေး၊ ရေဘေး၊ ငလျင်ဘေး ကျရောက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ မဖြစ်မီ ဖြစ်နေစဉ်နှင့် ဖြစ်ပြီးနောက်တွင် ဆောင်ရွက်နိုင်သည့်အချက်များကို ဟောပြောရှင်းလင်းခဲ့သည်။

ထို့နောက် သင်တန်းဆင်းပွဲ ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် မီးသတ်ဦးစီးအရာရှိ ဦးမင်းခင်မောင်ဦးက မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း မီးလောင်မှု ၁၆၂၉ကြိမ်ဖြစ်ပွားခဲ့ပြီး ကရင်ပြည်နယ်အတွင်း၌ မီးလောင်မှု၁၁ ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ဘားအံမြို့နယ်တစ်ခုတည်းပင် မီးလောင်မှု လေးကြိမ်ဖြစ်ပွားခဲ့ရပြီး တန်ဖိုး ၁၀၀၅၀၀၀၀ ကျပ်ဆုံးရှုံးခဲ့ရကြောင်း၊ သင်တန်းတက်ရောက်သော သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားတတ်မြောက်ထားသည့် မီးသတ်ပညာရပ်များ၊ ရှာဖွေကယ်ဆယ်ရေးပညာရပ်များဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မိမိကိုယ်တိုင်နှင့် ကျေးရွာနေပြည်သူများ ပိုမိုသိရှိလာအောင် ဆက်လက်ပညာပေးဆောင်ရွက်သွားရန်နှင့် အရန်မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် လေးရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရင်း အရန်မီးသတ်တပ်ဖွဲ့၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် မှာကြားသည်။

ထို့နောက် အကြိုအခြေခံမီးသတ်သင်တန်းတက်ရောက်ခဲ့သော မုတ္တဒိကျေးရွာအုပ်စုနှင့် ခဲတောက်ကျေးရွာအုပ်စုတို့မှ သင်တန်းသား ၅၂ ဦးအား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်သင်တန်းသားများအား ဆုများ၊ သင်တန်းဆရာများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး လက်တွေ့မီးငြိမ်းသတ်နည်းများ၊ မီးသတ်စက်နှင့် ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

သန်လျင်မြို့နယ်၌ ကဆုန်ညောင်ရေသွန်းပွဲ စည်ကားစွာကျင်းပ

ရန်ကုန် မေ ၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်လုံးဆိုင်ရာ ၆၈ ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲနှင့် ဆဋ္ဌမအကြိမ် ပရိတ်ဒေသနာတော် ရွတ်ဆိုပူဇော်ပွဲကို သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ မေ ၂ ရက်က စည်ကားစွာ ကျင်းပခဲ့သည်။

သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက်မှ ဘာသာရေးအသင်းအဖွဲ့များက သာသနာ့ဗိမာန်ဝင်းအတွင်းရှိ မဟာဗောဓိပင်၌ ညောင်ရေသွန်းလောင်းကြပြီး ပရိတ်ဒေသနာတော် ရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပသည်။ ထို့နောက် သန်လျင်မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော် ၂၉၂ ပါးနှင့် သီလရှင်အပါး ၄၀ တို့အား အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် ပဒေသာပင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

မိုးမြင့်လင်းလက်

ဘရာဇီးကြယ်ပွင့် ဝေါလေ့စ်

လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလမှာ ကမ္ဘာ့ထိပ်တန်းကလပ်တွေရဲ့ ခေါ်ယူဖို့စိတ်ဝင်စားခြင်းခံနေရတဲ့ လူငယ်ကစားသမားကတော့ မိုနာကိုအသင်း နောက်တန်းကစားသမား ဝေါလေ့စ်ပဲဖြစ်ပါတယ်။ အသက်အရွယ်နဲ့မမျှအောင် တည်ငြိမ်ပြီးစိတ်ဓာတ်ခိုင်မာသူတစ်ဦးဖြစ်တာမို့ အနာဂတ်မှာ တောက်ပလာမယ့် ကြယ်ပွင့်တစ်ပွင့်ပဲဖြစ်ပါတယ်။

အမည်ရင်း ဝေါလေ့စ်ဖော်ကူနာကိုခေါ်တဲ့ အဲဒီဘရာဇီးနိုင်ငံသားဟာ အသက် ၂၀ နှစ်သာရှိသေးပေမယ့် ခြေစွမ်းပြကစားနိုင်သူဖြစ်လို့ အခုဆိုရင် မိုနာကို အသင်းမှာ အားထားရတဲ့နောက်ခံကစားသမားတစ်ဦးဖြစ်လာခဲ့ပြီ ဖြစ်ပါတယ်။

ဝေါလေ့စ်ရဲ့ ထူးခြားချက်က အရပ်ခြောက်ပေသုံးလက်မမြင့်တာမို့ ဂိုးဧရိယာအတွင်းမှာ အမြင့်ဘောတွေရှင်းထုတ်တဲ့အခါ အထိရောက်ဆုံးနောက်ခံလူ တစ်ဦးဖြစ်နေပါတယ်။ ထူးချွန်တဲ့ လူငယ်မျိုးဆက်သစ်ဘောလုံးသမားတွေ ပေါများနေတဲ့ ဘရာဇီးနိုင်ငံမှာ ဝေါလေ့စ်ဟာ ဘရာဇီးယူ-၂၁ လက်ရွေးစင်ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

ဝေါလေ့စ်ရဲ့ ဘောလုံးသမားဘဝဖြတ်သန်းမှုကိုကြည့်ရင် အသက် ၁၄ နှစ်မှာ ဘရာဇီးကလပ် ခရူဇီယိုအသင်းမှာ ပါဝင်ကစားခဲ့ပြီး ၂၀၁၃-၂၀၁၄မှာတော့ ပေါ်တူဂီကလပ် စပို့တင်းဘရာဂါအသင်းကခေါ်ယူခဲ့တာမို့ အဲဒီအသင်းမှာ ပြောင်းရွှေ့ကစားခဲ့ပါတယ်။ ဒါပေမယ့် စပို့တင်းဘရာဂါမှာ ခြေစွမ်းပြသနိုင်မှု ကျဆင်းခဲ့လို့ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာ မိုနာကိုအသင်းကို အငှားချထားခြင်းခံခဲ့ရပါတယ်။

မိုနာကိုအသင်းမှာ ခြေစွမ်းပြကစားနိုင်တဲ့ ဝေါလေ့စ်ကို အခုဆိုရင် မိုနာကိုကလပ်က အပြီးသတ်ခေါ်ယူဖို့ ဆွေးနွေးနေပြီး လာမယ့် နွေရာသီအပြောင်းအရွှေ့ကာလမှာ အကောင်အထည်ဖော်လာဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မိုနာကိုနည်းပြ ယာဒင်းရဲ့ အားထားရတဲ့ နောက်တန်းခံစစ်မှူးဖြစ်ပြီး ပြိုင်ဘက်တိုက်စစ်မှူးတွေကို ဂိုးဧရိယာအတွင်းထဲမှာပဲ လိုက်လံထိန်းချုပ်နိုင်တဲ့ အရည်အချင်းလည်း ပိုင်ဆိုင်ထားပါတယ်။

မိုနာကိုအသင်းမှာ လာရောက်ကစားနေတဲ့ ဝေါလေ့စ်ကို ထိပ်တန်းကလပ်တွေက အပြိုင်အဆိုင်စိတ်ဝင်စားနေကြပြီး ခေါ်ယူဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ ဝေါလေ့စ်ဟာ ဒီနှစ်မှာ ခြေစွမ်းပြနေပြီး ချန်ပီယံလိဂ်အပါအဝင်ပြိုင်ပွဲစုံ ၁၇ ပွဲမှာ အမှားအယွင်းမရှိ တည်တည်ငြိမ်ငြိမ်နဲ့ ကစားနိုင်သူလည်းဖြစ်ပါ တယ်။

ဝေါလေ့စ်ဟာ မိုနာကိုအသင်း ချန်ပီယံလိဂ်မှာ ကစားနိုင်အောင် စွမ်းဆောင်နိုင်သူတွေထဲမှာပါဝင်သလို အကောင်းဆုံးခြေစွမ်းကို တစ်ရာသီလုံးနီးပါး ပြသနိုင်ခဲ့တာကြောင့် မန်ယူကလည်း စိတ်ဝင်စားနေတာမို့ လာမယ့်ဘောလုံးရာသီမှာ ဘယ်အသင်းရောက်သွားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ။

မန်ယူမှ ထွက်ခွာဖွယ်ရှိနေတဲ့ ဒီမာရီယာ

ဒီမာရီယာအနေနဲ့ လာမယ့်ရာသီမှာ အိုးထရက်ဖို့ဒ်မှာ ဆက်နေရေး၊ မနေရေးအတွက် ဆုံးဖြတ်ချက်ချရတော့မယ်လို့ နည်းပြ ဗန်ဟားလ်က ပြောဆိုလိုက်ပါတယ်။ ဒီမာရီယာရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး မန်ယူက ဆွေးနွေးတော့မှာဖြစ်ပါတယ်။ ပြီးခဲ့ရာသီက ပြိုတိသျှစံချိန်ပြောင်းရွှေ့ကြေးပေါင် ၅၇ ဒသမ ၇ သန်းနဲ့ ရီးရဲမက်ဒရစ်အသင်းမှ မန်ယူက ဝယ်ယူခဲ့ပါတယ်။ သို့ပေမယ့် ဒီမာရီယာဟာ မန်ယူအတွက် ခြေစွမ်းပြကစားနိုင်ခြင်းမရှိခဲ့ပါဘူး။ ပီအက်စ်ဂျီကလည်း ဒီမာရီယာကို ခေါ်ယူဖို့ စောင့်ကြည့်နေပါတယ်။ ကျွန်တော့် အနေနဲ့က တော့ ဒီမာရီယာ မန်ယူမှာပဲ ဆက်နေသင့် တယ် လို့ ထင်ပါတယ်။ သူ ဟာ အကောင်းဆုံးဖြစ်အောင်ကြိုးစားနေပါတယ်လို့ ဗန်ဟားလ်က ဆိုပါတယ်။ နည်းပြနဲ့ မန်ယူအသင်းတို့ရဲ့ သဘောထားကတော့ ဒီမာရီယာကို ဆက်လက်ခေါ်ယူထားလိုတဲ့ အနေအထားရှိပါတယ်။ သို့ပေမယ့် ဒီနှစ်ရာသီမှာ ခြေစွမ်းပြနိုင်ခဲ့ခြင်းမရှိတဲ့ ဒီမာရီယာအနေနဲ့ မန်ယူမှာ ဆက်နေဖို့ အခက်တွေ့နေပါတယ်။ ကြေးကြီးပေးပြီး ခေါ်ယူခဲ့ရပေမယ့် ဂိုးများများမသွင်းနိုင်တဲ့အတွက် မန်ယူမှာ ဆက်နေဖို့ စဉ်းစားနေရပြီဖြစ်ပါတယ်။ သို့ပေမယ့် နည်းပြဗန်ဟားလ်အနေနဲ့ လာမယ့်ရာသီမှာ ဂိုးသွင်းအားကောင်းတဲ့ တိုက်စစ်မှူးတစ်ဦး အနည်းဆုံးခေါ်ယူအားဖြည့်ဖွယ်ရှိနေပါတယ်။ လက်ရှိ တိုက်စစ်မှူးတွေအနေနဲ့ ဂိုးသွင်းအားနည်းနေတဲ့အတွက် ဒီနှစ်ရာသီမှာ ချန်ပီယံလိဂ်နေရာဝင်ဖို့ ရုန်းကန်ကြိုးစားနေရပါတယ်။

ရာသီအစပြိုင်ပွဲများနဲ့ လွဲချော်နိုင်တဲ့ ဆန်ချက်ဇ်

တိုက်စစ်မှူး ဆန်ချက်ဇ်ဟာ အက်ဖ်အေဖလားဗိုလ်လုပွဲမှာ ပါဝင်လာဖွယ်ရှိနေပေမယ့် လာမယ့်ရာသီအစမှာတော့ လွဲချော်သွားနိုင်တယ်လို့ နည်းပြအာစင်းဝင်းဂါးက မျှော်လင့်ထားပါတယ်။ ကိုပါအမေရိကဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ချီလီနိုင်ငံဘောလုံးအသင်းအတွက် စောစီးစွာ ခေါ်ယူမှုမပြုလုပ်ဖို့ အာဆင်နယ်နဲ့ သဘောတူညီချက်ရရှိထားတယ်လို့ ဆိုပါတယ်။ ဆန်ချက်ဇ်ဟာ ချီလီအသင်းအတွက် အဓိကဦးဆောင်ကစားမယ့် တိုက်စစ်မှူးဖြစ်ပါတယ်။ ကိုပါအမေရိကဖလားပြိုင်ပွဲတွေကြောင့် ဆန်ချက်ဇ်ဟာ အာဆင်နယ်ရဲ့ ရာသီအစပွဲတွေနဲ့ လွဲချော်နိုင်တယ်လို့ ဆိုပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆန်ချက်ဇ်ဟာ ဒီနှစ်ရာသီမှာ အာဆင်နယ်အသင်းရဲ့ ခြေစွမ်းအပြနိုင်ဆုံး ကစားသမားဖြစ်ပါတယ်။ သူဟာ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားအပြီး ပေါင် ၃၂ သန်းနဲ့ ဘာစီလိုနာအသင်းမှ အာဆင်နယ်သို့ ပြောင်းခဲ့ပြီးနောက် စုစုပေါင်း ၁၈ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ကိုပါအမေရိကဖလားကို ဇွန် ၁၁ ရက် ကနေ ဇူလိုင် ၄ ရက်အထိ ချီလီနိုင်ငံမှာ ကစားမှာဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ပရီမီယာလိဂ်ပြိုင်ပွဲကတော့ ဩဂုတ် ၈ ရက်မှာစတင်မှာဖြစ်ပါတယ်။ သို့ပေမယ့် ပွဲပမ်းနေတဲ့ ဆန်ချက်ဇ်အဖို့ ပရီမီယာလိဂ်ပွဲအစမှာ လွဲချော်သွားနိုင်ပါတယ်။

ဘန်လေတိုက်စစ်မှူး ဒန်နီအင်းကို မန်ယူခေါ်ဖွယ်ရှိ

မန်ယူအနေနဲ့ ခြေစွမ်းပြလာတဲ့ ဘန်လေတိုက်စစ်မှူး ဒန်နီအင်းကို အရခေါ်ယူမယ်လို့ သတင်းများ ထွက်ပေါ်လျက်ရှိပါတယ်။ အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ ဒန်နီအင်းကို မန်ယူက ဒီနှစ်နွေရာသီမှာ ခေါ်ယူနိုင်ပါတယ်။

သူဟာ ဒီနှစ်ရာသီမှာ ကိုးဂိုးသွင်းယူပေးထားနိုင်တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ချယ်လ်ဆီး၊ လီဗာပူးနဲ့ စပါးတို့ကလည်း အသက် ၂၁ နှစ်အောက် အင်္ဂလန်အသင်းမှာ ပါဝင်ကစားခဲ့တဲ့ ဒန်နီအင်းကို ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ သူဟာ ဘန်လေအသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာဖြစ်ပါတယ်။ ပရီမီယာလိဂ်ပြိုင်ဘက်တွေကို အနိုင်ယူပြီး ဗန်ဟားလ်ရဲ့ မန်ယူက အရခေါ်ယူသွားနိုင်ပါတယ်။

မန်ယူအနေနဲ့ မိုနာကိုတိုက်စစ်မှူး ဖယ်ကာအိုကို အငှားခေါ်ယူထားမှုအဆုံးသတ်တော့မှာဖြစ်ပါတယ်။ မန်ယူအနေနဲ့လည်း ဖယ်ကာအိုကို အပြီးဝယ်ယူနိုင်ခြင်းမရှိပါဘူး။ ဒီအတွက်နည်းပြ ဗန်ဟားလ်က ဖယ်ကာအိုနေရာမှာ ဒန်နီအင်းကို အစားထိုးခေါ်ယူသွားဖွယ်ရှိပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ

အမှတ်စဉ်(၇)

ကြိုးစားတိုးပွား

- အလုပ်ကြိုးစား တိုးပွားဥစ္စာ၊
- လိုအပ်တာသုံး အပိုမဖြုန်းနဲ့၊
- ကျင့်သုံးသေချာ စုဆောင်းပါက၊
- နောင်မှာတစ်နေ့ ချမ်းသာပေလိမ့်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားမြှင့်တင်ရေး အခမ်းအနားသို့ နိုင်ငံတော်သမ္မတ တက်ရောက်အားပေးစဉ်

အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်ရှိနေပြီဖြစ်သည့် သမဝါယမ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း

ပြည်သူများ ပြင်ပမှ အတိုးကြီးပေး၍ ငွေချေးနေရမှုမှ လတ်တလောသက်သာစေရန်နှင့် နောင် (၄/၅) နှစ်ကြာသည့်အခါတွင် ပြင်ပမှ ငွေချေးစရာမလိုတော့ဘဲ မိမိပိုင်ငွေကြေးဖြင့် မိမိဘာသာရပ်တည်လာနိုင်စေရန် (Self Reliance) နှင့် ယင်းမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Substainable Development) အခြေအနေသို့ရောက်ရှိစေရန် မျှော်မှန်းဆောင်ရွက်နေသည့် သမဝါယမအသေးစားအရင်းအနှီးချေးငွေလုပ်ငန်း (Micro Captital Loan) သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China EXIM Bank မှ ချေးငွေ အမေရိကန်ဒေါ်လာသန်း (၁၀၀) ကို (၂)ကြိမ် ခွဲ၍ လက်ခံယူခဲ့သည်။ ပထမရရှိသည့် အမေရိကန်ဒေါ်လာသန်း (၅၀)နှင့်ညီမျှသော ကျပ်ငွေ (၄၈၄၁၄. ၂၇၇)သန်းကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ချေးပေးခဲ့ရာ (၆)လ အကြာ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် အသင်းသားများက အပြေအကျေပြန်လည်ပေးဆပ်ခဲ့ကြသည်။ ယင်းပြန်ဆပ်ငွေနှင့် ကျန်အမေရိကန်ဒေါ်လာသန်း (၅၀)၊ စုစုပေါင်းအမေရိကန်ဒေါ်လာသန်း (၁၀၀) နှင့်ညီမျှသော ကျပ်ငွေ (၉၇၀၈၉. ၃၇၂)သန်းကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် ဒုတိယအကြိမ် ထုတ်ချေးပေးခဲ့ပါသည်။ ထိုချေးငွေများကိုလည်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် အသင်းသား ပြည်သူများက အပြည့်အဝ ပြန်လည်ပေးဆပ်ခဲ့ကြသည်။ သို့ဖြစ်၍ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျပ်ငွေ (၁၂၁၇၃၁. ၅၂၉) သန်းထိ (မူလအရင်းငွေနှင့် အသင်းသားများ၏ စုဆောင်းငွေပေါင်း၍) တတိယအကြိမ် ထပ်မံထုတ်ချေးပေးနိုင်ခဲ့ပါသည်။ သို့ဖြစ်ရာ ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ် (၁၅) ခု၊ ပြည်ထောင်စုနယ်မြေ၊ မြို့နယ်ပေါင်း (၃၀၇) မြို့နယ်၊ ကျေးရွာအသင်းပေါင်း (၂၃၄၈၉) ရှိ သမဝါယမအသင်းသားမိသားစု (၂၀၉၁၇၀၃) စုသို့ China EXIM Bank ချေးငွေ အမေရိကန်ဒေါ်လာ သန်း(၁၀၀)အပါအဝင် အသေးစားအရင်းအနှီးချေးငွေကျပ် (၂၂၄. ၅၅၁) ဘီလီယံ ကျော်ထုတ်ချေးပေးနိုင်ခဲ့ပြီးဖြစ်သည်။ ပြင်ပအတိုးနှုန်း ပျမ်းမျှတစ်လ ၁၀ %ဖြင့် နှိုင်းယှဉ်ကြည့်ပါက သမဝါယမ၏ချေးငွေလုပ်ငန်းကြောင့် ပြည်သူများအတွက် တစ်လလျှင် အတိုးကျပ်ငွေ (၁၈. ၂၁၃) ဘီလီယံ ခန့်ထိ သက်သာမှုရှိနေသည်ကိုတွေ့ရှိရသည်။

အတိုးနှုန်းသက်သာသည်သာမက ချေးငွေရယူသည့်အခါတိုင်း ချေးငွေ၏ ၁၀% ကို ကိုယ်ပိုင်စုဆောင်းငွေအဖြစ် အသင်းတွင်စနစ်တကျ စုဆောင်းခဲ့ရာ၊ (၃၁-၃-၂၀၁၅) ရက်နေ့အထိ အသင်းသားများ၏ စုဆောင်းငွေပေါင်းမှာ ကျပ် (၇၅. ၃၅၇) ဘီလီယံထိရှိလာပြီဖြစ်ပါသည်။ ထိုကဲ့သို့ အသင်းသားများ စုဆောင်းငွေ သိသာစွာတိုးတက်လာသည်နှင့်အမျှ နောင် ၄/၅ နှစ်ကာလအတွင်း ပြင်ပမှ ချေးစရာမလိုတော့ဘဲ မိမိစုဆောင်းငွေဖြင့် ရပ်တည်လာမည်ဖြစ်ရာ သမဝါယမအသေးစားအရင်းအနှီးချေးငွေလုပ်ငန်းသည် အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဟု ဆိုရမည်ဖြစ်သည်။

သမဝါယမအသေးစားအရင်းအနှီးချေးငွေထုတ်ချေးထားမှုအခြေအနေပြဇယား (၃၁-၃-၂၀၁၅)

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်	အသင်း	အသင်းသား	အစုငွေ (ကျပ်သန်း)	စုဆောင်းငွေ (ကျပ်သန်း)	ထုတ်ချေးငွေ (ကျပ်သန်း)
၁	နေပြည်တော်ကောင်စီ	၈	၅၄၃	၆၆၅၇၂	၃၃၇. ၀၅၈	၂၀၈၀. ၂၀၉	၄၄၇၈. ၈၃၄
၂	ကချင်	၁၁	၃၉၃	၂၉၀၆၅	၃၂၆. ၀၂၅	၂၁၀၄. ၆၈၄	၃၈၈၃. ၆၈၅
၃	ကယား	၆	၁၄၆	၁၄၄၃၂	၈၅. ၆၂၅	၇၃၈. ၀၄၅	၂၁၁၈. ၉၆၀
၄	ကရင်	၇	၃၁၁	၁၈၁၈၂	၁၃၂. ၇၄၁	၇၁၁. ၆၄၂	၂၂၇၇. ၁၅၀
၅	ချင်း	၉	၂၇၄	၁၃၉၄၇	၁၀၇. ၀၈၁	၆၉၆. ၆၀၈	၁၅၀၄. ၈၆၅
၆	စစ်ကိုင်း	၃၅	၅၃၁၁	၃၆၅၇၄၆	၂၁၆၉. ၈၉၉	၈၉၉၅. ၈၈၂	၃၃၀၄၇. ၅၇၄
၇	တနင်္သာရီ	၁၀	၁၁၁	၁၆၂၉၂	၁၁၃. ၄၅၁	၁၆၀၀. ၆၅၃	၂၈၂၃. ၇၈၁
၈	ပဲခူး	၂၈	၃၉၃၀	၂၅၁၉၇၃	၁၃၈၈. ၆၁၇	၆၈၃၀. ၉၆၅	၂၇၀၃၃. ၃၇၂
၉	မကွေး	၂၅	၂၁၉၃	၁၆၁၀၈၈	၁၁၃၈. ၈၇၇	၅၀၆၁. ၄၂၂	၁၈၁၂၂. ၃၄၅
၁၀	မန္တလေး	၂၈	၃၂၆၅	၄၄၃၈၅၆	၂၅၃၇. ၀၁၇	၁၁၉၂၈. ၉၂၉	၄၇၀၁၇. ၆၁၂
၁၁	မွန်	၁၀	၄၂၄	၃၅၆၉၀	၂၉၆. ၇၄၇	၂၃၉၉. ၉၄၈	၅၇၂၆. ၀၅၆
၁၂	ရခိုင်	၁၈	၄၉၆	၃၃၆၁၆	၂၃၈. ၈၅၈	၇၅၇. ၂၁၉	၂၄၀၈. ၈၀၆
၁၃	ရန်ကုန်	၄၃	၁၂၆၂	၁၇၃၁၆၃	၈၀၀. ၈၀၇	၅၉၉၂. ၉၅၉	၁၆၁၂၅. ၂၅၇
၁၄	ရှမ်း	၄၃	၁၅၃၇	၁၅၄၁၇၉	၂၀၅၅. ၇၉၃	၁၂၈၉၅. ၀၀၃	၂၆၆၅၅. ၄၇၂
၁၅	ဧရာဝတီ	၂၆	၃၂၉၃	၃၁၃၉၀၂	၁၇၁၅. ၆၆၆	၁၂၅၆၂. ၉၉၉	၃၁၃၂၈. ၀၆၃
	စုစုပေါင်း	၃၀၇	၂၃၄၈၉	၂၀၉၁၇၀၃	၁၃၄၄၄. ၂၈၉	၇၅၃၅၇. ၁၆၇	၂၂၄၅၅၁. ၈၃၂

သမဝါယမအသင်းသားများ၏စုဆောင်းငွေပြဂရပ်



၂၀၁၅ ခုနှစ် မိုးရာသီအမီ ချေးငွေများ တိုးမြှင့်ထုတ်ချေးပေးမည်

တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ ငွေကြေးအရင်းအနှီးနှင့် လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာအရင်းအနှီး လိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းနိုင်ရန် ပြည်ထောင်စုလွှတ်တော်၏ (၂၅-၂-၂၀၁၅) ရက်နေ့၊ (၁၂) ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၈) ရက်မြောက်နေ့ အစည်းအဝေးတွင် သမဝါယမပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပို့ကုန်သွင်းကုန်ဘဏ် China EXIM Bank ထံမှ အမေရိကန်ဒေါ်လာသန်း (၃၀၀) ချေးယူပြီး အသေးစားအရင်းအနှီးချေးငွေထုတ်ပေးခြင်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများ အရစ်ကျ ငွေချေစနစ်ဖြင့်ရောင်းချပေးခြင်း၊ သမဝါယမအသင်းများအဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်သွားရန်တင်ပြခဲ့ရာ ပြည်ထောင်စုလွှတ်တော်မှ ထောက်ခံမဲ (၄၃၃)၊ ကန့်ကွက်မဲ (၅၆) မဲဖြင့် အတည်ပြုပေးခဲ့သည်။ သို့ဖြစ်ရာ ၂၀၁၅ ခုနှစ် မိုးမကျမီ မိုးရာသီစိုက်ပျိုးချိန်အမီ လိုအပ်သည့်လုပ်ငန်းသုံး အရင်းအနှီးများ တိုးမြှင့်ထုတ်ချေးပေးနိုင်တော့မည်ဖြစ်သည်။

ရမည်းသင်းမြို့နယ်တွင် သမဝါယမအသေးစားအရင်းအနှီးချေးငွေ ထုတ်ချေးပေးနေစဉ်

ချေးငွေ (၁) သိန်းမှ (၅) သိန်းအထိတိုးမြှင့်ပေးနိုင်ရေးအတွက် သတ်မှတ်အရည်အချင်း(စံနှုန်း)များ

- ❖ သမဝါယမအသင်းများ၏ ချေးငွေခံစားပြီးသူ အသင်း/အသင်းသားဖြစ်ရမည်၊
- ❖ လယ်ယာဥယျာဉ်ခြံပိုင်ဆိုင်သည့် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ၊ လယ်ယာဥယျာဉ်ခြံမပိုင်ဆိုင်သော်လည်း ငှားရမ်း၍ ကိုယ်တိုင်စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူဖြစ်ရမည်၊
- ❖ အသေးစားအရင်းအနှီးချေးငွေရယူပြီး မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသူ ဖြစ်ရမည်၊
- ❖ လယ်သမားများအတွက် ၎င်း၏လုပ်ငန်းလိုအပ်မှု၊ ကြိုးစားမှု၊ ဖြစ်နိုင်ချေရှိမှုတို့အပေါ်စိစစ်၍ ကျပ် (၂)သိန်းမှ (၅)သိန်း အထိ တိုးမြှင့်ထုတ်ချေးရမည်၊
- ❖ မွေးမြူရေးသမားများအတွက် မွေးမြူသည့်တိရစ္ဆာန်အမျိုးအစား၊ အရေအတွက်နှင့် ၎င်းလုပ်ငန်းလိုအပ်မှု၊ ကြိုးစားမှု၊ ဖြစ်နိုင်ခြေရှိမှုတို့အပေါ်မူတည်၍ ကျပ် (၂)သိန်းမှ (၅)သိန်းအထိ တိုးမြှင့်ထုတ်ချေးရမည်၊
- ❖ ထိုသို့ဆောင်ရွက်ရာတွင် သမဝါယမအသင်းသားများ၊ ရွာသူရွာသားများ၏ ညီညွတ်သောဆန္ဒနှင့်တစ်သင်းလုံး၊ တစ်ရွာလုံး၏ အာမခံနိုင်မှုအပေါ်အခြေခံပြီး ချေးငွေစိစစ်ရေးအဖွဲ့က စံပြအသင်း၊ စံပြကျေးရွာအဖြစ် သတ်မှတ်ကာ ၎င်း၏ အသင်းသားများအား ဦးစားပေးထုတ်ချေးခြင်းကိုလည်း ပြုလုပ်နိုင်သည်။
- ❖ အသင်းအမှုဆောင်အဖွဲ့သည် အသင်း၏အကျိုးစီးပွားကိုလိုလားပြီး စိတ်ဓါတ်ကောင်းမွန်ရမည်၊
- ❖ အသင်းသားများအားလုံးသည် စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်း ဆောင်ရွက်နေသော အသင်းဖြစ်ရမည်၊
- ❖ ချေးငွေရယူမည့် အသင်း/အသင်းသားသည် နာမည်ပျက်မရှိသော အသင်း/အသင်းသားဖြစ်ရမည်၊
- ❖ ချေးငွေများအား သတ်မှတ်ထားသော ချေးငွေကာလပြည့်ပါက အရင်းအတိုးအပြေအကျေပေးဆပ်နိုင်သော ယုံကြည် စိတ်ချရသည့် အသင်း/အသင်းသားများဖြစ်ရမည်၊
- ❖ ချေးငွေစာချုပ်တွင် လယ်/ယာ၊ အိမ်/မြေ စသည်တို့ကို အာမခံထား၍ ဝိုင်းကြီးချုပ်အဖွဲ့ဝင်များက အာမခံလက်မှတ်ရေးထိုးပြီး ဆိုင်ရာသမဝါယမအသင်းနှင့် သမဝါယမဦးစီးဌာနတို့ကလည်း တာဝန်ယူရမည်၊
- ❖ ချေးငွေများ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှု ဖြစ်ပေါ်လာခဲ့လျှင် ချေးငွေစာချုပ်တွင်ပါရှိသည့်အတိုင်း ဝိုင်းကြီးချုပ်အဖွဲ့ကပေးလျော်စေခြင်း၊ အသင်းသားပိုင်အာမခံထားရှိထားသည့်ပစ္စည်းများအား ထုခွဲရောင်းချခုနှိမ်ပေးလျော်စေခြင်းကို သိရှိလိုက်နာနိုင်ရမည်။ ဆိုင်ရာသမဝါယမအသင်းများကလည်း တာဝန်ခံဖြေရှင်းရမည်။

တိုင်းဒေသကြီး/ပြည်နယ်များမှ စိုက်ပျိုးရေးစရိတ်အသစ်၊ မွေးမြူရေးစရိတ်အသစ်၊ Hire Purchase နှင့် ချေးငွေကျပ် (၁)သိန်းမှ ကျပ် (၅)သိန်းထိတိုးမြှင့်မှု၏ ချေးငွေလိုအပ်ချက်

(၂၇-၄-၂၀၁၅)

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ချေးငွေမရသေးသော အသင်းသားများအတွက် ချေးငွေထပ်မံလိုအပ်ချက်	ကျပ် (၁) သိန်းမှ ကျပ် (၅) သိန်း ချေးငွေလိုအပ်ချက်	Daedong ဆက်စပ်ပစ္စည်း + Hire Purchase	စုစုပေါင်း (ကျပ်သန်း)
၁	နေပြည်တော်	၁၂၀၆. ၉၇၅	၁၅၈. ၃၁၀	၆၁၇. ၄၅၅	၁၉၈၂. ၇၄၀
၂	ကချင်	၁၆၁၀. ၄၉၅	၁၉၄၂. ၁၁၀	၁၃၆၇. ၅၅၀	၄၉၂၀. ၁၅၅
၃	ကယား	၄၇၃. ၁၀၀	၂၂၅. ၀၀၀	၇၈၉. ၁၇၇	၁၄၈၇. ၂၇၇
၄	ကရင်	၂၉၀. ၀၇၅	၆၆၆. ၄၅၀	၃၉၇. ၅၈၅	၁၃၅၅. ၁၁၀
၅	ချင်း	၇၄၇. ၀၈၀	၁၅၀၂. ၆၄၀	-	၂၂၄၉. ၇၂၀
၆	စစ်ကိုင်း	၉၈၇၇. ၈၄၂	၁၂၁၆၅. ၃၈၉	၁၀၇၇၇. ၈၃၈	၃၂၈၂၀. ၀၆၉
၇	တနင်္သာရီ	၁၂၂၉. ၈၃၀	၅၃၈. ၅၆၀	၂၅၉၂. ၇၇၉	၄၃၆၁. ၁၆၉
၈	ပဲခူး	၁၂၁၁၃. ၈၅၂	၉၂၉၆. ၉၁၀	၉၂၉၉. ၁၁၀	၃၀၇၀၉. ၈၇၂
၉	မကွေး	၁၆၃၁၆. ၇၂၅	၇၀၇၉. ၆၇၀	၈၈၇၄. ၀၅၈	၃၂၂၇၀. ၄၅၃
၁၀	မန္တလေး	၁၂၂၆၄. ၀၀၅	၈၂၈၄. ၅၀၀	၁၅၇၁. ၆၆၂	၂၂၁၂၀. ၁၆၇
၁၁	မွန်	၄၆၇၉. ၈၉၀	၃၅၁၆. ၄၀၀	၂၀၃၄. ၄၈၄	၁၀၂၃၀. ၇၇၄
၁၂	ရခိုင်	၁၄၄၈. ၁၉၅၀	၇၀၆. ၀၅၀	၉၂၈. ၈၅၀	၃၀၈၃. ၀၉၅
၁၃	ရန်ကုန်	၃၇၃၅. ၅၇၉	၈၈၆၇. ၇၀၀	၇၁၆၀. ၉၂၆	၁၉၇၆၄. ၂၀၅
၁၄	ရှမ်း	၄၇၅၀. ၁၁၀	၈၇၉၃. ၁၉၁	၆၉၃၃. ၈၆	၂၀၄၇၇. ၁၆၁
၁၅	ဧရာဝတီ	၂၁၉၅၉. ၆၅၆	၆၇၈၅. ၀၁၀	၃၈၀၂. ၇၂၇	၃၂၅၄၇. ၃၉၃
စုစုပေါင်း		၉၂၇၀၅. ၄၀၉	၇၀၅၂၇. ၈၉၀	၅၇၁၄၈. ၀၆၁	၂၂၀၃၈၁. ၃၆၀

- ❖ ကျွန်တော်ကတော့ ရရှိတဲ့ငွေ (၁) သိန်းပေါ်မှာ စိုက်ပျိုးရေးတစ်ထောင့်တစ်နေရာမှာ အသုံးချပါတယ်။ အဲ့ဒီ(၁) သိန်း အပြင်နောက်ထပ် (၁) သိန်းကနေ (၂) သိန်း၊ (၂) သိန်းကနေ (၃) သိန်းထိ ပံ့ပိုးကူညီပြီး ချေးငွေပေးသွားမယ်ဆိုရင် လယ်သမားတွေပိုပြီး အဆင်ပြေပါတယ်။
(အသင်းသားတောင်သူ ဦးသန်းလေး၊ ဘုရားကြီးကုန်းကျေးရွာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး)

- ❖ မနှစ်ကလယ်ယာသုံးစက်ကိရိယာပစ္စည်းများ အရစ်ကျရောင်းချပေးစဉ် လက်တွန်းထွန်စက် တစ်စီးဝယ်ယူခဲ့ပါတယ်။ ယခင်က ကျွဲနွားဖြင့် ရက် (၂၀) ခန့် ထွန်ခဲ့ရသော လယ် (၁၀) ဧကကို (၄) ရက်နဲ့ အပြီးထွန်နိုင်ခဲ့ပါတယ်။ ယခုထပ်ပြီးတော့ စပါးရိတ်သိမ်းခြွေလှေ့စက်ဝယ်ယူလိုပါတယ်။ စပါးနယ်၊ လှေ့ရာမှာ ကိုယ်ပိုင်စက်နှင့် နယ်၊ လှေ့ရတဲ့အတွက် စရိတ်သက်သာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်လိုချင်တဲ့ ရိတ်သိမ်းခြွေလှေ့စက်အသေးတစ်ခုကိုဝယ်ယူသွားချင်ပါတယ်။ အတိုးနှုန်းသက်သက်သာသာနဲ့ အရစ်ကျစနစ်ဖြင့် ဝယ်ယူသုံးစွဲနိုင်အောင် စီစဉ်ကူညီပေးပါက ကျွန်တော်တို့လိုမျိုး လယ်သမားအတော်များများ လယ်ယာသုံးစက်ပစ္စည်းတွေကို ဝယ်ယူသုံးစွဲလာနိုင်ကြမယ်လို့ ထင်ပါတယ်။
(အသင်းသားတောင်သူ ဦးစံအေး၊ သိမ်ဆိပ်ကျေးရွာ၊ မွန်ပြည်နယ်၊)

မြို့နယ်ချေးငွေ စိစစ်ရေးအဖွဲ့

မြို့နယ်တိုင်းတွင် ချေးငွေစိစစ်ရေးအဖွဲ့ (၄) ဖွဲ့စီဖွဲ့စည်းကာ ပြည်သူတို့၏ လုပ်ငန်းအခြေအနေများကို စိစစ်၍ ချေးငွေတိုးမြှင့်ရန် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ချေးငွေစိစစ်ရေးအဖွဲ့(၄) ဖွဲ့တွင် အဖွဲ့ဝင်များအဖြစ်

(က) မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ (သို့) ဦးစီးမှူး (၁)ဦး
(ခ) မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင် (၁)ဦး
(ဂ) မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် (၁)ဦး
(ဃ) မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့မှ ကိုယ်စားလှယ်(၁)ဦးစီဖြင့်

ပါဝင်ဖွဲ့စည်းထားပါသည်။

တောင်သူလယ်သမားများ၏ ရင်တွင်းစကားသံများ

- ❖ ကျွန်တော်ဟာ ပထမအကြိမ်ချေးငွေ (၁) သိန်းရယူပြီး စပျစ်စိုက်ပျိုးခဲ့ပါတယ်။ ချေးငွေမရရှိခင်က စပျစ်စင်ထောင်ဖို့အတွက် သစ်၊ ဝါးများဝယ်ယူဖို့၊ စပျစ်သီးစိမ်ဖို့၊ စပျစ်သီးနဲ့ရောစိမ်တဲ့ သကြားကုန်ကြမ်းဝယ်ယူဖို့ ငွေကြေးလုံလောက်မှုမရှိတဲ့ အခက်အခဲများကြုံတွေ့ခဲ့ရပါတယ်။ ချေးငွေချေးပြီးတဲ့နောက်ပိုင်း ကျွန်တော်တို့ အသင်းသားတောင်သူများအနေဖြင့် လုံလောက်မှုမရှိပေမဲ့ လုပ်ကိုင်တဲ့နေရာမှာ များစွာအထောက်အကူဖြစ်စေပါတယ်။ အတိုးနှုန်းနည်းနည်းသာပေးရတဲ့အတွက် ချေးငွေမရခင်ကနဲ့စာရင် အကျိုးများစွာခံစားခဲ့ရပါတယ်။ ချေးငွေများပေးဆပ်ပြီး (၁) သိန်းထပ်မံထုတ်ချေးထားပါတယ်။ ထပ်လိုချင်တာ က (၃) သိန်း ဒါမှမဟုတ် (၅) သိန်း လောက်တိုးချင်လို့ ကျွန်တော်အပါအဝင် အသင်းသားအားလုံးအတွက် မြို့နယ်သမဝါယမကို တောင်းထားပါတယ်။ ချေးငွေကာလကိုလဲ (၁) နှစ် လောက်ထားပေးစေလိုပါတယ်။
(အသင်းသားတောင်သူ ဦးကြိုက်လိန်း၊ မန်နူးကျေးရွာ၊ ဟားခါးမြို့၊ ချင်းပြည်နယ်)
- ❖ ကျွန်မက အသင်းသားအနေနဲ့ ချေးငွေ (၁) သိန်းရရှိပြီး လယ်ယာလုပ်ငန်းကိုလုပ်ကိုင်ပါတယ်။ ချေးငွေမရခင်က ၁၀၀ ကို ၈/- နှုန်းနဲ့ အပြင်မှချေးယူရပါတယ်။ ချေးငွေရပြီးတဲ့နောက် အပြင်အတိုးနှုန်းက ၄/- နှုန်းထိ ဆင်းသွားပါတယ်။ ကျွန်မတို့ တောင်သူတွေအနေနဲ့ (၁) ဧကကို (၁) သိန်းနဲ့ မလောက်ပါဘူး။ မိုးစပါး (၁) ဧကကို (၃) သိန်းလောက်ကုန်ပါတယ်။ ကျွန်မတို့ဒေသက အေးတဲ့အတွက် သီးနှံထွက်တာ နောက်ကျပါတယ်။ ချေးငွေကာလကို (၉) လထိ တိုးမြှင့်ပေးဖို့တင်ပြချင်ပါတယ်။ အခြားတင်ပြချင်တဲ့အချက်ကတော့ (၁) ဧကကို (၃) သိန်းနှုန်း ထုတ်ချေးပေးဖို့ တင်ပြလိုပါတယ်။ ယခု (၁) သိန်းထက် ပိုမိုထုတ်ချေးပေးမယ်လို့သိရလို့ ဝမ်းသာပါတယ်။
(အသင်းသားတောင်သူ ဒေါ်သန္တာဦး၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်)

သမဝါယမအသေးစားအရင်းအနှီးချေးငွေထုတ်ချေးပေးနေစဉ်

လူမှုဘဝမြှင့်တင်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး

မြန်မာနိုင်ငံ၏ ဒုတိယအထင်ရှားဆုံး ရှာလ်လုမ်းခံတပ်အကြောင်း သိကောင်းစရာ

နေစု(ချင်းရိုးမ)

မြန်မာနိုင်ငံ၏ ကိုလိုနီနယ်ချဲ့တော်လှန်ရေးသမိုင်းတွင် ထင်ရှားသည့် မင်းလှခံတပ်ပြီးလျှင် ဒုတိယအထင်ရှားဆုံးဖြစ်သည့် ရှာလ်လုမ်းခံတပ်(Siallum Fort)ကြီးသည် ချင်းပြည်နယ်(မြောက်ပိုင်း) တီးတိန်မြို့နယ် ဝေါ့လာ့ကျေးရွာအနီးရှိ ရေမျက်နှာပြင်အမြင့်ပေ ၄၀၀၀တွင်တည်ရှိပြီး လောင်ဂျီကျူ ၉၃ ဒီဂရီ ၄၄ မိနစ်နှင့် မြောက်လတ္တီကျူ ၂၃ ဒီဂရီ ၁၃ မိနစ်တွင် တည်ရှိပါသည်။

၁၈၈၉ ခုနှစ် မေ ၄ ရက်က ချင်းပြည်နယ်အတွင်း ကိုလိုနီနယ်ချဲ့တို့အား ဆန့်ကျင်ခုခံတော်လှန်ပြီး ရှာလ်လုမ်းခံတပ်မှ ပြင်းထန်စွာတိုက်ခိုက်ခဲ့သော ချင်းတိုင်းရင်းသားမျိုးနွယ်စုတို့၏တိုက်ပွဲ၌ မျိုးချစ်သူရဲကောင်း ရဲဘော်/ရဲမေ ၂၈ ဦးတို့ အသက်စတေးကျဆုံးခဲ့သောနေရာ ရှာလ်လုမ်းခံတပ်ကြီးသည် ၂၀၁၅ ခုနှစ် မေ ၄ ရက်တွင် (၁၂၆)နှစ် တင်းတင်းပြည့်ပြီဖြစ်သည်။ ရှာလ်လုမ်းခံတပ်ကြီးသမိုင်းအကျဉ်းအရ အင်္ဂလိပ်အရင်းရှင်နယ်ချဲ့စစ်တပ်သည် ၁၈၈၅ ခုနှစ်က အထက်မြန်မာပြည်နှင့် မန္တလေးမြို့ကို သိမ်းပိုက်ခဲ့ပြီး များမကြာမီ ကလေးမြို့အနီး ပြင်သာဆိပ်ကမ်းသို့ ရောက်ရှိလာကြကာ စစ်တပ်စခန်းချထားလေသည်။ ချင်းအမျိုးသားတပ်ပေါင်းစုတို့သည် ကလေးမြို့နယ် ပြင်သာဆိပ်ကမ်း၌ စခန်းချသော နယ်ချဲ့အင်္ဂလိပ်စစ်တပ်ကို တိုက်ဖျက်ရန်ဆင်းခဲ့လေသည်။ အင်္ဂလိပ်နှင့် ချင်းတပ်ပေါင်းစုတို့ ပထမဦးဆုံး ပြင်သာဆိပ်ကမ်း၌ တိုက်ပွဲဖြစ်ပွားလေရာ အင်္ဂလိပ်ဘက်မှ စစ်သားငါးဦးကျဆုံးပြီး အမြောက်အမြား ဒဏ်ရာရရှိလေသည်။ ချင်းတပ်ပေါင်းစုမှလည်း လေးဦးကျဆုံးသွားခဲ့ရာ ချင်းတပ်ပေါင်းစုနှင့် အင်္ဂလိပ်တို့ ပထမဦးဆုံးအကြီးအကျယ်တိုက်ပွဲဖြစ်သောနေရာဖြစ်သဖြင့် ထိုဒေသ ပြင်သာဆိပ်ကို အမှတ်(၁)ခံတပ်စခန်း (N0. 1st Stockade) ဟု ခေါ်တွင်ခဲ့လေသည်။ ချင်းတပ်ပေါင်းစုတို့သည် စားနပ်ရိက္ခာအစရှိသည်တို့ကို ကိုယ်တွင်ပါသွား၍ စစ်တိုက်ရသောသူများဖြစ်သည်နှင့်အညီ သုံးရက်တိုင်တိုင် တိုက်ခိုက်ကြသောအခါ စားနပ်ရိက္ခာ၊ ခဲယမ်းမီးကျောက်များ ကုန်ဆုံးသည်ကတစ်ကြောင်း၊ ကျဆုံးသွားသော အမျိုးသားတို့၏အလောင်းများကို ချင်းတောင်သို့ ထမ်းယူသွားရန် ဓလေ့ထုံးစံဖြစ်သည့်အတိုင်း သုံးရက်လွန်သောအခါ ချင်းတောင်သို့ပြန်သွားကြလေသည်။ ကြားကာလတွင် အင်္ဂလိပ်တို့ကချင်းတောင်ကို အုပ်ချုပ်ရန် အနုနည်းမျိုးစုံဖြင့် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ယင်းသို့ဖြင့် အမှတ်(၂)၊ (၃)၊ (၄)၊ (၅) ခံတပ်စခန်းများအထိ အကြိမ်ပေါင်းများစွာ တိုက်ရင်းခိုက်ရင်း ချီတက်ရင်းဖြင့် ၁၈၈၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် စီးယင်းမျိုးနွယ်စုနယ်မြေ ခေါဆကျေးရွာသို့ Sir George White နှင့် Major Raike အဖွဲ့ရောက်ရှိလာကာ ခုခံတိုက်ခိုက်မှုမရှိဘဲ ထုတ်လိုင်ကျေးရွာအထိ ဆက်လက်ချီတက်ခဲ့သည်။ ယင်းဖေဖော်ဝါရီ ၁၃ ရက်က ထုတ်လိုင်ကျေးရွာတွင် စစ်တပ်စခန်းအခိုင်အမာ စတင်တည်ဆောက်လေတော့သည်။ သူ့ကျွန်မခံလိုဘဲ ကိုယ့်ထီးကိုယ့်နန်းနှင့် ကိုယ့်မြေတို့ကို မစွန့်လွှတ်လိုသော မျိုးချစ်စိတ်ဓာတ်ပြင်းထန်သည့် ချင်းအမျိုးသားများမှ ချင်းတောင်တန်းရှိ ထုတ်လိုင်ကျေးရွာ အင်္ဂလိပ်စစ်တပ်စခန်းကို တိုက်ဖျက်ခြင်းအလို့ငှာ ဘွင်မံကျေးရွာတိုက်သူကြီး ဦးလျန်ကမ်းဦးဆောင်သော စီးယင်းတော်လှန်ရေးတပ်ဖွဲ့ဝင် ၃၇ ဦးတို့သည် ဝေါ့လာ့ကျေးရွာနယ်မြေ ရှာလ်လုမ်းရွာတွင် မြေတွင်းများတူးကာ ကျောက်ပြားချပ်ကြီးများ၊ ပျဉ်ချပ်များဖြင့်ဖုံးအုပ်ပြီး ခံတပ်ကိုကြီးကျယ်စွာတည်ဆောက်ခဲ့ကြကာ ရှာလ်လုမ်း (Siallum)ဟု အမည်တွင်စေပြီးနောက် စီးယင်းချင်းဘာသာဖြင့် ခံတပ်မကြီး(ကူလ်ပီး)၊ ရဲမေကျင်း (နူးပီးကူလ်)၊ ကျင်းပတ်လမ်း (ကူလ်ဘန်)၊ အောက်ဘက်ကျင်း(ကူလ်ပီးယန်း)၊ ကင်းထောက်ကျင်း (ငါလ်ဗီလ်ဒူမ်း)စသည်တို့ဖြင့် နည်းပရိယာယ်ကြွယ်ဝစွာတည်ဆောက်ထားသော ထိုခံတပ်အားပြုလုပ်ခဲ့ကြသဖြင့် နယ်ချဲ့တပ်က အနောက်ဘက်မှ တိုက်ခိုက်နိုင်ခြင်း မည်သို့မျှမပြုလုပ်နိုင်ဘဲရှိခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ခံတပ်၏အနောက်ဘက်သည် တောင်ဆင်း ကျောက်ကမ်းပါးပြင် ဖြစ်နေသောကြောင့်ဖြစ်သည်။ အင်္ဂလိပ်စစ်တပ်သည် ခံတပ်အကြီးအကျယ်တည်ဆောက်ကြောင်းသတင်းရသည်နှင့် ချက်ချင်းမတိုက်ဝံ့ဘဲ စစ်ကူရောက်ရှိသည်အထိ ထုတ်လိုင်ကျေးရွာစစ်တပ်စခန်းမှ စောင့်ဆိုင်းလေသည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်သော ချင်းတော်လှန်ရေးသမားတို့၏ အကြီးဆုံးခံတပ်ဖြစ်သဖြင့် အင်္ဂလိပ်မှ စစ်တပ်အင်အားတောင့်တင်းမှု လိုအပ်ကြောင်း သတိမူလျက် အမှတ်(၂)နောဖော့တပ်ရင်း (2nd Battalion Norfolk Regiment)မှ အင်အား ၆၅၊ အမှတ်(၄၂)ဂေါ်ရခါးတပ်ရင်း (42nd Gurkha Light Infantry)မှ အင်အား ၆၀ စုစုပေါင်း အင်အား ၁၂၅ ဦးတို့ လက်နက်အပြည့်အစုံဖြင့် ဗိုလ်ကြီးစီအိပ်ချ်ဝဲစ်မိုးလန် (Captian CH. Westmoreland) ကွပ်ကဲဦးဆောင်ပြီး ၁၈၈၉ ခုနှစ် မေ ၄ ရက်တွင် ထုတ်လိုင်ကျေးရွာတပ်စခန်းမှ ချီတက်ခဲ့လေရာ နံနက် ၁၀ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားလေသည်။

အင်္ဂလိပ်စစ်တပ်သည် ရှေ့သို့တစ်လှမ်းမျှ ချီတက်ရန် မတတ်စွမ်းသဖြင့် နံနက် ၁၁ နာရီခန့်တွင် ခံတပ်အနီး တောင်ကုန်းကလေးတစ်ဖက်သို့ တစ်ဖာလုံခန့်နောက်ဆုတ်၍ ဂေါ်ရခါးတပ်သားများအား စိတ်ဓာတ်တက်ကြွစေရန်အတွက် အဖျော်ယမကာများကို တိုက်ကျွေးပြီး ပြန်လည်ချီတက်တိုက်ခိုက်ရာ ညနေစောင်းတွင် အကြီးမားဆုံးခံတပ် ကတုတ်ကျင်းကို သိမ်းပိုက်လေသည်။ ကျန်ခံတပ် ကတုတ်ကျင်းများကို မသိမ်းပိုက်မီ ညနေ ၄ နာရီထိုးခါနီး၌ စီးယင်းချင်းစစ်ခေါင်းဆောင်သုံးဦးဖြစ်သူ လင်မ်ခိုင်ကျေးရွာသား ခတ်ကမ်း၊ ကမ်းဆွတ်၊ ဆွန်ထွမ်းတို့ ဦးဆောင်သော စစ်ကူ (Reinforcement)အဖွဲ့ရောက်ရှိလာပြီး နယ်ချဲ့တပ်တို့နေရာယူသည့်အနောက်ဘက်မှ တိုက်ခိုက်သောကြောင့် နယ်ချဲ့တပ်များမှာ ရန်သူတို့စစ်ကူအလုံးအရင်းဖြင့် ရောက်ရှိလာသည်ဟုထင်ကာ ညနေ ၄ နာရီတွင် အင်္ဂလိပ်စစ်တပ်သည်သိမ်းပိုက်ထားသော ခံတပ်ကြီးကိုပင် မထိန်းနိုင်တော့ဘဲ နောက်သို့ဆုတ်ခွာသွားလေတော့သည်။ ရှာလ်လုမ်းခံတပ်တိုက်ပွဲကြီးသည် ဗိုလ်ချုပ်ကြီးဟောင်းဖောင်း (General Faunce) ခေါင်းဆောင်သော မြောက်ပိုင်းစစ်ကြောင်းမှ စစ်သည် ၁၇၆၈ ဦး၊ အမြောက်နှစ်လက်တို့ဖြင့် အကြိမ်ကြိမ်တိုက်ပွဲများအနက် တစ်နေရာတည်း၊ တစ်ချိန်တည်းတွင် အပြင်းထန်ဆုံးနှင့် အသေအပျောက်အများဆုံး တိုက်ပွဲဖြစ်သည့်အပြင် နောက်ဆုံးတိုက်ပွဲလည်းဖြစ်ကြောင်း နယ်ချဲ့အင်္ဂလိပ်တို့မှ မှတ်တမ်းတင်ထားခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်ပွဲတွင် နယ်ချဲ့ဘက်မှ ဒုတိယဗိုလ်မီချဲလ် (2nd Lt. W. G.Michel)နှင့် ကပ္ပတိန်မိန်း (Captain Mayne)အပါအဝင် မျက်နှာဖြူအကြပ်တပ်သား သုံးဦး၊ ဂေါ်ရခါးတပ်သား ၃၂ ဦး စုစုပေါင်း ၃၆ ဦးသေဆုံးကာ ဆရာဝန်လီခွင် (Surgeon Le Quesne)နှင့် အခြားအကြပ်တပ်သား စုစုပေါင်း ၃၈ ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့လေသည်။ ချင်းတော်လှန်ရေးသမားဘက်မှ ခေါင်းဆောင်ဖြစ်သူ ဦးလျန်ကမ်း၊ ဒုတိယခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဝမ်းမန်တို့အပါအဝင် မျိုးချစ်ရဲဘော်၊ မျိုးချစ်ရဲမေ စုစုပေါင်း ၂၈ ဦးတို့ အသက်စတေးခဲ့ကြသည်။ အသက်စတေးကြသူများမှာ တိုက်သူကြီး ဦးလျှင့်ကမ်း၊ ရွာစားဦးဝမ်းမန်၊ ဦးတွောင်ဝုန့်၊ ဦးပေါင်ဆွေင်း၊ ဦးဇောင်အွန့်၊ ဦးဆဲမ်ပေါင်၊ ဦးခုတ်ဝမ်း၊ ဦးခိုင်ဆွပ်၊ ဦးလမ်းခုပ်၊ ဦးဇောင်ထွမ်း၊ ဦးဇဝမ်း၊ ဦးထန်ဟောက်၊ ဦးလုကမ်း၊ ဦးစွန်ဆွောင့်၊ ဦးအင်းခမ်း၊ ဦးပေါင်လမ်း၊ ဦးဟန်စိန်၊ ဦးတွန့်မန်၊ ဒေါ်လျှင့်ဝုန်၊ ဒေါ်ကွေ့ဝုန်၊ ဒေါ်ဝုန်နဲ့မ်း၊ ဒေါ်အောက်ဟွဲ၊ ဒေါ်လမ်းကြောင်၊ ဒေါ်အွပ်ညောင်း၊ ဒေါ်ညောင်းကြောင်၊ ဒေါ်ဒိမ့်ငြ၊ ဒေါ်အွပ်ဟွဲ၊ ဒေါ်ဟွဲနွမ်းတို့ဖြစ်ကြပြီး ဒုတိယခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကမ်းကျင့်အပါအဝင် မျိုးချစ်ရဲဘော်၊ ရဲမေ ၁၁ ဦး ဒဏ်ရာရခဲ့ကြသည်။ တိုက်ပွဲတွင်နယ်ချဲ့ စစ်တပ်ဘက်မှ ဆရာဝန်လီခွင် (Surgeon Le Quesne)သည် ၄င်းရရှိထားသော ဒဏ်ရာများနှင့် အခြားရဲဘော်များဖြစ်သည့် ဒုတိယဗိုလ်မီချဲလ်နှင့် ဗိုလ်ကြီးမိန်းအပါအဝင် အခြားအကြပ်တပ်သားများအား ပြုစုစောင့်ရှောက်ပေးခဲ့သဖြင့် ၄င်းအား အင်္ဂလန်နိုင်ငံဘုရင်မကြီး၏ အမြင့်မားဆုံးချီးမြှင့်သည့် ဝိတိုရိယဘွဲ့(Victoria Cross)အား ပေးအပ်ခြင်းခံခဲ့ရကြောင်း သိရသည်။ ရှာလ်လုမ်းခံတပ်ဟောင်းကြီးကို ယခင်တော်လှန်ရေးကောင်စီအစိုးရ လက်ထက်ချင်းရေးရာဦးစီးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးဆွန်ခိုလျှင့်ထံသို့ ၁၉၆၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ချင်းပြည်နယ် ယဉ်ကျေးမှုဦးစီးအရာရှိက တင်ပြလျှောက်ထားချက်အပေါ် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန(ရုံးချုပ်)မှ ၁၉၆၅ ခုနှစ်တွင် ရန်ပုံငွေကျပ် ၃၄၀၀ ဖြင့် ကနဦးပြုပြင်မှုစတင်၍ ၁၉၆၅ ခုနှစ် မေ ၄ ရက်က ခံတပ်ကမ္ပည်း ကျောက်စာတိုင်များပြုလုပ်ပေးခဲ့ကာ ယနေ့အချိန်အထိ နှစ်စဉ်ပြုပြင်မှုဆက်လက်ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ခံတပ်စောင့်ဝန်ထမ်းတစ်ဦးခန့်ထားပေးပြီး နှစ်စဉ်ပုံမှန်ပြုပြင်မှုများကို ဒေသခံတို့က ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ထိန်းသိမ်းလျက်ရှိနေသော ခံတပ်လည်းဖြစ်သည်။

ယခင်ချင်းဝိသေသတိုင်း၊ ချင်းဦးစီးဥက္ကဋ္ဌ ဦးဆွန်ခိုလျှင့်သည် ချင်းပြည်နယ် တီးတိန်မြို့နယ် ဝေါ့လာ့ကျေးရွာအနီးတွင်တည်ရှိသော ရှာလ်လုမ်းခံတပ်ဖော်ထုတ်တူးဖော်နိုင်ရေးနှင့် သမိုင်းဝင်မှတ်တမ်းတင်နိုင်ရန် နိုင်ငံတော်(ရုံးချုပ်)သို့ ခွင့်ပြုချက်ရရှိရေးအတွက် ဦးစီးဦးဆောင် တာဝန်ယူတင်သွင်းပေးခဲ့သူဖြစ်သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ရှာလ်လုမ်းခံတပ်ဖြစ်မြောက်ရေးကော်မတီကို အောက်ဖော်ပြပါအတိုင်းဖွဲ့စည်းခဲ့ရာ ဦးဆွန်ခိုကျင့် (ချင်းဦးစီးဥက္ကဋ္ဌ)၊ ဦးပွတ်ပါ(ချင်းဦးစီးအဖွဲ့ဝင်)၊ ဦးကျင့်ဇမ်း (ချင်းဦးစီးအဖွဲ့ဝင်)၊ ဦးဆွတ်ခိုခိုင် (ပြည်နယ်ယဉ်ကျေးမှုဦးစီးအရာရှိ/အနီးကပ်ကော်မတီဝင်)၊ ဦးကြည်ဝ (တီးတိန်မြို့နယ် အင်ဂျင်နီယာမှူး/ အနီးကပ်ကော်မတီဝင်)၊ ဦးဆွန်ဇကမ်း (မြို့နယ်အင်ဂျင်နီယာမှူး/ လက်ထောက်အနီးကပ်ကော်မတီဝင်)၊ ဦးတွာလ်နိုး (မြို့နယ်အင်ဂျင်နီယာမှူး/ လက်ထောက်အနီးကပ်ကော်မတီဝင်)၊ ဦးငိုကျင့်ပေါင် (မြို့နယ်အင်ဂျင်နီယာမှူး/လက်ထောက်အင်ဂျင်နီယာမှူး)၊ ဦးလျှင့်ငင့် (ဗိုလ်ကြီး(ငြိမ်း) BC -5450/ကျေးရွာဥက္ကဋ္ဌ)တို့ဖြစ်ကြပြီး အရပ်ဘက်ကော်မတီဝင်များမှာ ဝဏ္ဏကျော်ထင် ဦးအွန့်ငင့်(ဗိုလ်မှူး(ငြိမ်း) BC- 8960/ အနီးကပ်ကော်မတီဝင်)နှင့် ဦးထောင်းဇကျင့်ဟောက် (ခ) ဗိုလ်သောင်း (ဗိုလ်ကြီး (ငြိမ်း) BC -5485/ အနီးကပ်ကော်မတီဝင်)တို့ဖြစ်ကြကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ထိုရှာလ်လုမ်းခံတပ်သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ မိုင် ၃၀ ကျော် အကွာတွင်တည်ရှိပြီး သိုင်းငင်း- ဖလမ်းသို့သွားသောလမ်းမဘေးရှိ ဇောင်ကောင်ကျေးရွာ၌လမ်းခွဲကာ မော်တော်ယာဉ်ဖြင့် ခရီးဆက်မည်ဆိုလျှင် သုံးနာရီခန့်ကြာ မောင်းနှင်ရကြောင်း၊ လက်ရှိအဆိုပါ ရှာလ်လုမ်းခံတပ်နှင့် တစ်မိုင်ခွဲကွာဝေးသော ဝေါ့လာ့ကျေးရွာတွင် စီးယင်းလူမျိုးနွယ်စုလူဦးရေ ၃၀၀ ခန့် နေထိုင်လျက်ရှိကြောင်း၊ မျိုးချစ်သူရဲကောင်းများအားရည်စူး၍ ၂၀၁၄ ခုနှစ်တွင် ကျရောက်သည့် ခံတပ်သက်တမ်း (၁၂၅)နှစ်ပြည့် ရှာလ်လုမ်းခံတပ်တိုက်ပွဲနေ့ အောက်မေ့သတိရခြင်းအထိမ်းအမှတ်ကို တီးတိန်မြို့နယ်ရှိ စီးယင်းလူမျိုးနွယ်စုများနေထိုင်ရာ ဝေါ့လာ့ကျေးရွာနှင့် တစ်မိုင်ခွဲကွာဝေးသည့် ရှာလ်လုမ်းခံတပ်၌ မေ ၄ ရက် မွန်းတည့် ၁၂ နာရီက ကျဆုံးခဲ့သည့် ရဲဘော် ရဲမေ ၂၈ ဦးတို့၏ ကမ္ပည်းကျောက်စာတိုင်တွင် လွမ်းသူ့ပန်းခွေများချ၍ ဂါရဝပြုခြင်းနှင့် ရိုးရာဆုတောင်းပွဲအခမ်းအနားကို ခြိမ့်ခြိမ့်သဲကျင်းပခဲ့ရာ ယခု ၂၀၁၅ ခုနှစ် မေ ၄ ရက်တွင်လည်း (၁၂၆) နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနားကို စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း ဝေါ့လာ့ကျေးရွာ ရပ်မိရပ်ဖတစ်ဦး၏ပြောပြချက်အရ ရေးသားတင်ပြလိုက်ရပါသည်။ ။

ဒုတိယအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၈) ရပ်ကွက် မြရည်နန္ဒာလမ်းရှိ မဟာဓမ္မိကာရာမ ပုဂံတိုက်သစ် ဘုန်းတော်ကြီးကျောင်း၌ ဧပြီ ၃၀ ရက် နံနက် ၁၁ နာရီက ဒုတိယအကြိမ် နွေရာသီ အခြေခံယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ကျင်းပခဲ့ရာ ပုဂံတိုက်သစ် ဆရာတော် ဦးသုမနက ဩဝါဒစကား မိန့်ကြားပြီး သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်သော သင်တန်းသားသင်တန်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကျောင်းထိုင်ဆရာတော် ဦးသုမနက "အခုလို ယဉ်ကျေးလိမ္မာသင်တန်းတွေဖွင့်ရတဲ့ ရည်ရွယ်ချက်ကတော့ ကလေးငယ်တွေကို လိမ္မာရေးခြားရှိဖို့ရယ်၊ လူကြီးသူမတွေနဲ့ စကားပြောဆိုရာမှာလည်း ယဉ်ကျေးဖို့၊ ပြီးတော့ ဘာသာတရားကို နားလည်စေဖို့ပါ။ ဒီလို ယဉ်ကျေးလိမ္မာသင်တန်းဖွင့်တာဟာ အခုဆိုရင် နှစ်နှစ်ရှိပါပြီ၊ ဘုန်းဘုန်းတို့တွေကပဲ ဦးဆောင်ပြီး သင်တန်း ဆရာ ဆရာမ ငါးဦးနဲ့ သင်ကြားပို့ချပေးခဲ့တာပါ" ဟု မိန့်ကြားသည်။

အဆိုပါ သင်တန်းကို ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းအထိ ကျောင်းသား ကျောင်းသူ ၃၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

တင်လှမောင်

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

မင်းပြား မေ ၃

မိုးပွင့်အထူးစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ခြင်းကို ဧပြီ ၂၉ ရက်က မင်းပြားမြို့နယ် ကင်းဆိပ်ကျေးရွာအုပ်စု မော်ရွာကျေးရွာ၌ ကျင်းပသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြောက်ဦးခရိုင်ဦးစီးမှူး ဦးမင်းဇော်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသန်းဌေးတို့က ကျေးရွာနေပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် အသုံးဝင်မှုများကို ရှင်းလင်းပြောကြားခဲ့ရာ ကျေးရွာသား ၂၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

ညသူ

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု

ရန်ကုန် မေ ၃

(၆၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀၀ သည် မေ ၁ ရက်နံနက်က မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သော သန့်ရှင်းရေးများကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ယင်းဆေးရုံကြီး၌ပင် တပ်ဖွဲ့ဝင် ၅၃ ဦးတို့က သွေးများလှူဒါန်းခဲ့သည်။ ဆက်လက်၍ မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော် စစ်ဆေးရုံကြီး၌ တပ်ဖွဲ့ဝင် ၆၃ ဦးတို့က သွေးများ စုပေါင်းလှူဒါန်းခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းပွဲသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်တို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေမှ ကျောင်းဆောင်သစ် ၇၁ လုံးဆောက်ခွင့်ရ

လှိုင်ကော် မေ ၃

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပညာရေးဝန်ကြီးဌာနမှ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေများမှ ကယားပြည်နယ်အတွက် ကျောင်းဆောင်သစ် ၇၁ လုံးဆောက်လုပ်ခွင့်ရရှိခဲ့သည်။ အဆိုပါ ရရှိခဲ့သော ကျောင်းဆောင်သစ်များသည် လွိုင်ကော်ခရိုင်အတွက် ၅၈ ကျောင်း၊ ဘော်လခဲခရိုင်အတွက် ၁၃ကျောင်း လျာထားပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်အလိုက်ရရှိသောခွဲတမ်းမှ လွိုင်ကော်မြို့နယ်တွင် ၂၄ ကျောင်း ၊ ဒီမောဆိုမြို့နယ်တွင် ၁၇ ကျောင်း၊ဖရူဆိုမြို့နယ်တွင် ၁၄ကျောင်း၊ ရှားတောမြို့နယ်တွင် သုံးကျောင်း၊ ဘော်လခဲမြို့နယ်တွင် ငါးကျောင်း၊ ဖားဆောင်းမြို့နယ်တွင် လေးကျောင်းနှင့် မယ်စဲ့မြို့နယ်တွင် လေးကျောင်း ခွဲတမ်းရရှိခဲ့ကြောင်း သိရသည်။

အသစ်ဆောက်လုပ်မည့် အဆောက်အအုံအမျိုးအစားမှာ ပေ (၆၀×၃၀) သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်၊ (၉၀×၃၀)ပေ သွပ်မိုးအုပ်ညှပ်တစ်ထပ်၊ ပေ (၁၀၀×၃၀)သွပ်မိုးအုတ်ညှပ် တစ်ထပ်၊ ပေ (၁၂၀×၃၀) သွပ်မိုး အုတ်ညှပ်တစ်ထပ်၊ ပေ (၁၀၀×၃၀) အာရ်စီနှစ်ထပ်၊ (၁၄၀×၃၀)ပေ အာစီနှစ်ထပ် အမျိုးအစားများဖြစ်ပြီး စီမံကိန်းလုပ်ငန်းများအတွက် ပြည်နယ်ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေ ၂၄၂၅ ဒသမ ၈သန်း ဖြစ်ကြောင်းသိရသည်။

အဆိုပါစီမံကိန်းများအတွက် ခရိုင်အလိုက် အိတ်ဖွင့်တင်ဒါများကို လွိုင်ကော်ခရိုင်ရုံးတွင် ရောင်းချပေးလျက်ရှိရာ မေ ၁၁ ရက်တွင် တင်ဒါဖွင့်၍ လုပ်ငန်းရှင်များအား စိစစ်လုပ်ကိုင်ခွင့်များ ချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရဲနောင် (လွိုင်ကော်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ်(ငွေလုံးငွေရင်း/ပြင်ထိန်း) ရန်ပုံငွေဖြင့် လမ်း/ တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော တည်ဆောက်ရေးပစ္စည်း (ကျောက်ရွယ်စုံ၊ သဲ၊ ဘိလပ်မြေ၊ သံချောင်း)များကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် ပစ္စည်းအသေးစိတ်စာရင်းများကို လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ဖလမ်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၀-၄၀၀၅၈တွင် ၈-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၅-၂၀၁၅ရက် ၁၆း၃၀နာရီ
တင်ဒါရွေးချယ်မည့်ရက်/အချိန် - ၂၀-၅-၂၀၁၅ရက်
တင်ဒါရွေးချယ်မည့်နေရာ - ဖလမ်းခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး

တင်ဒါစိစစ်ရေးကော်မတီ

ဝန်ထမ်းအလိုရှိသည်

1. **Admin/HR Manager** ကျား/မ ၂ ဦး
2. **Marketing Manager** ကျား/မ ၂ ဦး
3. **Marketing Staff** ကျား/မ ၁၀ ဦး

အမှတ်စဉ်(၁)အတွက် တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး HR နှင့်ပတ်သက်သော MBA, MPA(or) Diploma ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အငြိမ်းစားဝန်ထမ်းဖြစ်ရမည်။ Computer Microsoft Word, Excel ကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်။

အမှတ်စဉ်(၂)အတွက် Marketing အတွေ့အကြုံရှိသူဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်၍ လူမှုဆက်ဆံရေးကောင်းမွန်ရမည်။ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ လစဉ်ချမှတ်ပေးထားသော Sale Target ကို ပြည့်မီအောင်ရောင်းချနိုင်ရန်အတွက် စီမံအုပ်ချုပ်နိုင်သူဖြစ်ရမည်။ နယ်ခရီးသွားနိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၃)အတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး Computer အခြေခံရှိသူဖြစ်ရမည်။ နယ်ခရီးသွားနိုင်ရမည်။ ဆက်ဆံရေးပြေပြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။ ရန်ကုန်မြို့တွင်း သွားလာနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

လျှောက်ထားလိုသူများသည် CV Form အပြည့်အစုံ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ အမှတ်(၅)၊ ရွှေလှိုင်လမ်း၊ ကမ်းနားဈေးမှတ်တိုင်အနီး၊ ကြည့်မြင်တိုင်မြို့နယ် ဖုန်း-၀၉-၇၃၀၈၈၄၈၈၊ ၀၉-၄၂၀၀၃၉၀၀၉တို့သို့ နှစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သထုံခရိုင်တရားရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆

ဦးလှထွန်း **နှင့်** ၁။ ဦးမောင်ထွေး
၂။ ဒေါ်ထွေးထွေးမြင့်
တရားလို **တရားပြိုင်များ**

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဖူးဘုရားလမ်း၊ အမှတ် ၃၁၂ နေ (၁)တရားပြိုင် ဦးမောင်ထွေး(ယခုလိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငရုတ်ကောင်းနှင့် ချဉ်ပေါင်ဖာလာစေ့ ပိဿာချိန် ၃၀၀၀ ဝယ်ယူရန်အတွက် တရားလိုက တရားပြိုင်များထံပေးပို့ခဲ့သော ငွေကျပ် ၃၂၅ သိန်းနှင့် နစ်နာကြေးငွေကျပ် သိန်း၁၀၀၊ စုစုပေါင်းငွေကျပ် ၄၂၅ သိန်းတိတိကို ပြန်လည်ရရှိလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးအမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၁၈ ရက် (၁၃၇၇ခုနှစ် နယုန်လဆန်း ၁ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၅ခုနှစ် ဧပြီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထိန်မင်း)ခရိုင်တရားသူကြီး
သထုံခရိုင်တရားရုံး

လစာနှင့်အခြားဝင်ငွေအတွက် အခွန်ဆိုင်ရာနှိုးဆော်ချက်

လစာဝင်ငွေမှန်သမျှအတွက် လစာထုတ်ပေးသူက အခွန်ဥပဒေနှင့်အညီ ကျသင့်အခွန်ကို နုတ်ယူပြီး လုပ်ငန်းတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနသို့ပေးသွင်းရန် တာဝန်ရှိပါသည်။

လစာဝင်ငွေအပြင် အခြားဝင်ငွေပါရရှိပါက လစာအတွက် အထက်စာပိုဒ်ပါအတိုင်းဆောင်ရွက်ပြီး အခြားဝင်ငွေအတွက်မူ ဘဏ္ဍာနှစ်ကုန်ဆုံးပြီး နှစ်စဉ် ဧပြီ(၁)ရက်မှအစပြု၍ (၃)လအတွင်း မိမိနေထိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနသို့ ဝင်ငွေကြေညာလွှာတင်သွင်းရန် လိုအပ်ပါသည်။ ထိုအခါ မြို့နယ်အခွန်ဦးစီးဌာနက ထပ်မံပေးဆောင်ရမည့် ကျသင့်အခွန်ကို တွက်ချက်ပေးပါမည်။

အခြားဝင်ငွေကိုသာ ရရှိသူအနေဖြင့် မိမိနေထိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနသို့ အထက်ဖော်ပြပါအတိုင်း ဝင်ငွေကြေညာလွှာ တင်သွင်းရပါမည်။ ထိုအခါ မြို့နယ်အခွန်ဦးစီးဌာနက ပေးဆောင်ရမည့် ကျသင့်အခွန်ကို တွက်ချက်ပေးပါမည်။

အထက်တွင်ဖော်ပြခဲ့သည့် အခြားဝင်ငွေဆိုသည်တွင် အောက်ပါတို့ပါဝင်ပါသည်-

(၁) ဆရာဝန်၊ အင်ဂျင်နီယာ၊ အနုပညာသည်များ၊ ကျူရှင်ဆရာ၊ စာရင်းစစ်အစရှိသူတို့ကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသောဝင်ငွေ

(၂) ကူးသန်းကုန်သွယ်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ယင်းလုပ်ငန်းများ သဘောသက်ရောက်သောလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်း(စားသောက်ဆိုင်၊ ဟိုတယ်တည်းခိုခန်း၊ ကားရေဆေးဆီထိုးလုပ်ငန်းစသည်များ)၊ ငွေချေးသက်သေခံလက်မှတ်များကို နှစ်တစ်နှစ်အတွင်း စီးပွားရေးလုပ်ငန်းသဖွယ် အဖန်တလဲလဲ ဝယ်ယူ/လဲလှယ်/လွှဲပြောင်း/အတိုး ရရန် ရင်းနှီးမြှုပ်နှံခြင်းစသည့် စီးပွားရေးတို့မှ ရရှိသောဝင်ငွေ

(၃) အိမ်ခြံမြေ၊ ဂိုဒေါင်၊ စက်ရုံငှားရမ်းခြင်းလုပ်ငန်းမှ ရရှိသောဝင်ငွေ

အခွန်ဆိုသည်မှာ အများပြည်သူအကျိုးအတွက် ကျခံအသုံးပြုရသည့်လုပ်ငန်းများအတွက် စုပေါင်းထည့်ဝင်ခြင်းပင်ဖြစ်ရာ ဥပဒေနှင့်အညီ ပေးသင့်ပေးထိုက်သည့်အခွန်များကို ပေးဆောင်ကူညီကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။

အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

ကျသင့်အခွန်ထမ်းဆောင်ကြပါစို့

၁။ **အခွန်ဆိုသည်မှာ** နိုင်ငံနှင့်ပြည်သူများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် အခွန်ဥပဒေနှင့်အညီ ကောက်ခံသောငွေပင်ဖြစ်ပါသည်။

၂။ **တစ်ဦးချင်းပုဂ္ဂိုလ်များသည် စာပိုဒ် ၃ ပါ အကြောင်းအရာများနှင့်တိုက်ဆိုင်၍ မိမိတို့သည် အခွန်ထမ်းဆောင်ထိုက်သောပုဂ္ဂိုလ် ဟုတ်/မဟုတ်ဆန်းစစ်လျက် အခွန်ထမ်းဆောင်ထိုက်သူဖြစ်ပါက အခွန်ထမ်းဆောင်နိုင်ရေးအတွက် မိမိတို့နှင့်သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ဆက်သွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။**

၃။ **အခွန်ထမ်းဆောင်ထိုက်သည့် တစ်ဦးချင်းပုဂ္ဂိုလ်။** ၂၀၁၅-၂၀၁၆ဝင်ငွေနှစ်တွင် အောက်ပါဝင်ငွေအမျိုးအစားများရရှိပြီး သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း စုစုပေါင်းရရှိသော ဝင်ငွေအနက်မှ အခြေခံသက်သာခွင့်အဖြစ် ဝင်ငွေ၏ ၂၀ရာခိုင်နှုန်း (ကျပ်သိန်း ၁၀၀ ထက်မပို)၊ အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀သိန်းစီဖြင့် သက်သာခွင့်၊ အတူနေသူ/စရိတ်ထောက်ပံ့ထားရမည့် အိမ်ထောင်ဖက်အတွက် ကျပ် ၁၀သိန်း သက်သာခွင့်(ယင်းအိမ်ထောင်ဖက်သည် ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်ထိုက်သင့်သည် ဝင်ငွေမရရှိသူ ဖြစ်ရပါမည်။) သားသမီးများတစ်ဦးလျှင် ကျပ် ၅သိန်းစီသက်သာခွင့် [အိမ်ထောင်မရှိသည့်၊ ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိသည့်၊ အသက် (၁၈)နှစ်မပြည့်သေးသည့် (သို့မဟုတ်) အသက် (၁၈)နှစ်ပြည့်ပြီးသော်လည်း ပညာသင်ကြားလျက်ရှိသည့်သူများ]၊ အခွန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံအတွက်ပေးရသော ပရီမီယံ၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် လူမှုဖူလုံရေးရန်ပုံငွေသို့ ထည့်ဝင်ငွေတို့ကို နုတ်ပယ်ပြီးချိန်တွင် ကျပ်သိန်း ၂၀ အထက် ရရှိပါက အခွန်ဥပဒေအရ အခွန်ထမ်းဆောင်ရပါမည်-

(က) **လစာရရှိသူ** (လစာတွင် လုပ်ခ၊ နှစ်စဉ်ကြေး၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သူများ ရရှိသောပင်စင်၊ လစာနှင့်လုပ်ခအစား၊ သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်နှင့် အကျိုးခံစားခွင့်တို့ပါဝင်ပါသည်။)

(ခ) **အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေရရှိသူ** (ဆရာဝန်၊ သူနာ ပြုဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ ရုပ်ရှင်ပညာသည်၊ သဘင်ပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ်၊ ဗေဒင်ဆရာ၊ ကျောင်းဆရာစသည်…)

(ဂ) **စီးပွားရေးလုပ်ငန်းမှဝင်ငွေရရှိသူ** (စီးပွားရေးလုပ်ငန်းဆိုသည်တွင် ကုန်သွယ်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ယင်းလုပ်ငန်းများ၏ သဘောသဘာဝပါဝင်သက်ရောက်မှုရှိသော လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအားလုံးပါဝင်သည်။)

(ဃ) **အခြားရလမ်းမှဝင်ငွေရရှိသူ** (အထက်ဖော်ပြပါ ဝင်ငွေခေါင်းစဉ်များ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ၊ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေတို့နှင့် အကျုံးမဝင်သော ဝင်ငွေရရှိသူ)

၄။ မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်း ငှားရမ်းခရငွေအပေါ်တွင် သတ်မှတ်ထားသော သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ငွေအပေါ် ၁၀ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြားစည်းကြပ်ပါမည်။ သတ်မှတ်ထားသောသက်သာခွင့်မှာ စာပိုဒ် ၃ပါအတိုင်း ဖြစ်ပါသည်။

၅။ အောက်ပါဝင်ငွေအမျိုးအစားရရှိသူများသည် စာပိုဒ် ၃တွင် ဖော်ပြထားသောသက်သာခွင့်များမရပါ-

(က) အခြေပစ္စည်းမှ မြတ်စွန်းငွေရရှိသူများ (မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏အခန်းများ၊ ယာဉ်နှင့်လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်း၊ အစုရှယ်ယာနှင့် ကတိခံဝန်ချုပ်တို့အပြင် ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သော အလားတူစာချုပ်စာတမ်းများကို နှစ်တစ်နှစ်အတွင်း ရောင်းချ၍ ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၁၀၀ထက်ကျော်လွန်ပြီး မြတ်စွန်းငွေလည်းရရှိသူ)

(ခ) စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေရှိသူ၊

၆။ မရှင်းလင်းသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများ (ရန်ကုန်) ဖုန်း-၀၁-၃၇၈၃၇၀၊ (မန္တလေး) ဖုန်း-၀၂-၃၀၁၉၂နှင့် မိမိတို့နှင့် သက်ဆိုင်သော တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးမှူးရုံးသို့ မေးမြန်းနိုင်ပါသည်။

အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
